# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်   ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ (၆၀)၊ အမှတ် (၁၇၀)


## ရှေ့ဆက်ရမည့် ဒီမိုကရေစီခရီးတွင် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး စုစည်းညီညွတ်သောစွမ်းအားဖြင့် အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ
နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့
ပေးပို့သည့် သဝဏ်လွှာ
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား–

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ကျရောက်သည့် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး လတ်တလော ကျရောက်လျက်ရှိသည့် ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးနှင့် ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၂/၂၀၂၀)သို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၀) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ *စာမျက်နှာ ၄ ကော်လံ ၁* ✻

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

## ဆုံးရှုံးခဲ့ရသော လူငယ့်အင်အားများ

တိုင်းပြည်တစ်ခု ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ဖို့ဆိုသည်မှာ အရည်အချင်းပြည့်ဝသော၊ ကိုယ်ကျင့်ကောင်းသော အားကောင်းမောင်းသန် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍက အရေးအကြီးဆုံးဖြစ်သည်ဟု အခိုင်အမာယုံကြည်ပါသည်။

အမှန်တရားကို ခါးသီးငြင်းဆန်သည့် အဆက်ဆက်သော အာဏာရှင်စနစ်အောက်တွင် လူငယ်ထု၏ နိုးကြားတက်ကြွမှု၊ ရဲရင့်သတ္တိရှိမှု၊ အမှန်တရားနှင့် အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံလိုမှု အစရှိသည့် ကောင်းမြတ်သော လူငယ်စိတ်ဓာတ်တို့ ရက်စက်စွာ ချိုးနှိမ်ခံခဲ့ကြရလေသည်။

ထိုစဉ်က မတရားမှုကို ဖော်ထုတ်ဆန့်ကျင်ကြသော လူငယ်ထုမှာ နိုင်ငံက အားကိုးရမည့် ပညာရေးအရ အတော်ဆုံး၊ အထက်မြက်ဆုံး၊ တွေးတောကြံဆမှု အရင့်သန်ဆုံးဟု ဆိုရလောက်သည့် ကျောင်းသားလူငယ် အများအပြားဖြစ်၏။ မကြာတော့သည့် အနာဂတ်တွင် ပညာရှင်ကြီးများ၊ ပညာတတ်ကြီးများ ဖြစ်လာတော့မည့် ကျောင်းသားလူငယ်များ ဖြစ်၏။

ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တို့တွင် ပညာသင်နေကြသော ကျောင်းသားအများအပြားတို့သည် အညွန့်ကျိုးခဲ့ရသည်။ ကျဆုံးသူများ၊ အကျဉ်းကျသူများ၊ ပြင်းထန်သော နှိပ်စက်မှုများကြောင့် ရာသက်ပန် ချည့်နဲ့ကာ မထူမထောင်နိုင် ဖြစ်ခဲ့ရသူများ၊ တောထဲတောင်ထဲ ရောက်သူရောက်၊ နိုင်ငံရပ်ခြားအသီးသီးသို့ ရောက်သူရောက်ဖြစ်ခဲ့ရသော တော်လှန်ရေးသမားများ၊ ဒုက္ခသည်များ စသည်ဖြင့်။ ပညာသင်ရန်အကောင်းဆုံးအရွယ်၊ ပညာဖြင့် တိုင်းကျိုးပြည်ကျိုး ဝိုင်းဝန်းဆောင်ရွက်ရန် အကောင်းဆုံးအနေအထားတို့ကို ထောင်ထဲ၊ တောထဲ၊ သေမင်း၏ရင်ခွင်ထဲတို့တွင် မြှုပ်နှံဆုံးရှုံးခဲ့ရလေသည်။

တောရောက် တောင်ရောက် ထောင်ရောက် တန်းရောက် မဖြစ်ရသူတို့အတွက် တက္ကသိုလ်ကျောင်းများကို သံတိုင်များခတ်လိုက်သည်။ အာရှတစ်လွှားက လျှမ်းလျှမ်းတောက် ပညာရေးစနစ် ထိပ်ဆုံးတန်းမှသည် အောက်ဆုံးတန်းရောက်သည်ထိ ဖြစ်ခဲ့ရ၏။

ပညာတတ်လူငယ်များကို ဆုံးရှုံးပြီးနောက် ပညာရေးစနစ်ကောင်းကို ဆုံးရှုံးကြရလေသည်။

နိုင်ငံရေးအရ လူငယ်တို့ အညွန့်ချိုးခံရပြီးသည့်နောက် အဆိုးဆုံး ဖြစ်ခဲ့သည်က မူးယစ်ဆေးဝါး။ မူးယစ်ဆေးဝါးမျိုးစုံသည် နိုင်ငံအနှံ့မှာ ရှိနေသော လူငယ်လူရွယ်တို့မှသည် နောင်တွင် ကလေးလူကြီး အားလုံးကို ပစ်မှတ်ထားသည့် ဝင်ငွေကောင်းလုပ်ငန်းဖြစ်လာသည်။

စာအုပ်ကောင်းတစ်အုပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အုပ်ရေ နှစ်ထောင်ခန့် အနိုင်နိုင် ရောင်းနေရချိန်တွင် မူးယစ်ဆေးပြားတို့က သိန်းဂဏန်း သန်းဂဏန်းချီကာ ရွာစဉ်လှည့်တော့သည်။ မူးယစ်ဆေးဝါးမျိုးစုံ၏ နွံထဲနစ်ကာ ပြိုပျက် ယိုင်လဲချည့်နဲ့ခဲ့ကြရသည်မှာ အများစုက လူငယ်များသာ။

ယနေ့ထက်တိုင်လည်း မူးယစ်ဆေးဝါးပြဿနာက လျော့ပါးမသွားဘဲ တိုး၍တိုး၍လာနေသည်လားဟု ထင်ရလောက်အောင် ဖမ်းမိဆေးပြားစာရင်းက ဖော်ပြနေသည်။ မဖမ်းမိသည်က မည်မျှလောက် များပြားနေခြိမ့်နည်း။

ဘိန်း၊ ကိုဒင်း၊ ချောင်းဆိုးပျောက်ဆေး၊ ဘိန်းဖြူတို့အစား ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ်၊ ကုတ် စသည့်ဆေးဝါးများက ပိုမိုတွင်ကျယ် ခေတ်စားလာသည်။ မက်သမ်ဖတမင်းနှင့် ကဖင်းတို့ကို ပေါင်းစပ်ပြီး စပျစ်သီးနံ့၊ လိမ္မော်သီးနံ့၊ ချောကလက်နံ့ စသည့် ဆွဲဆောင်မှုရှိသော ရနံ့များကို ထည့်သွင်းထားသည့် မူးယစ်ဆေးဝါးဆိုသည်တို့က လူငယ်ထုအတွင်း၌ ထိုးဖောက်ဝင်ရောက်နေသည်။ အထက်တန်းကျောင်းပတ်ဝန်းကျင်သို့ ရောက်ရှိလာသည့်အမှုများကိုပါ တွေ့မြင်ရလေရာ စိုးရိမ်ရေမှတ်ကို ကျော်လွန်နေခဲ့ပြီ။

မူးယစ်ဆေးဝါးသုံးစွဲသူတို့ ဘဝနွံနစ်နေချိန်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူတို့က စည်းစိမ်ခံခွင့်ရမနေစေဖို့ ထိထိရောက်ရောက် တိုက်ဖျက်ချေမှုန်းရန် လိုအပ်နေပေပြီ။

လူငယ့်အားမာန်ကို တန်ဖိုးထားမည်ဆိုလျှင် သုံးစွဲသူများအား ထိရောက်သည့်ပညာပေးမှုနှင့်အတူ ထုတ်လုပ်ရောင်းချနေမှုများကိုလည်း တာဝန်ရှိသူတို့၏ ဖိဖိစီးစီးဖော်ထုတ်အရေးယူမှုတို့ လိုအပ်ပါမည်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေး၊
- ★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး၊
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
- ★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
- ★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

★ ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့၊ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၉-၁၂-၂၀၂၀)

## ပင်လုံညီလာခံနှင့် ပင်လုံသဘောတူညီချက် လက်မှတ်ရေးထိုးသူ ၂၃ ဦး၏ အတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေ



နေပြည်တော် ဒီဇင်ဘာ ၈

ဦးကျော်ငြိမ်း (မြန်မာသမိုင်းအဖွဲ့ဝင်) ပြုစုရေးသားသည့် ပင်လုံညီလာခံနှင့် ပင်လုံသဘောတူညီချက် လက်မှတ်ရေးထိုးသူ ၂၃ ဦး၏ အတ္ထုပ္ပတ္တိစာအုပ်ကို Bagan Princess Publications မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ထုတ်ဝေလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ မော်ကွန်းဝင် ညီလာခံဖြစ်သည့် ပင်လုံညီလာခံ၏ သမိုင်းကြောင်းသာမက ပင်လုံသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံမှ ဗိသုကာ ၂၃ ဦး၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍ ယခင်က ပြီးပြည့်စုံစွာ စုစည်းရေးသားထားခြင်း မရှိသေးသည်ကို ယခုစာအုပ်တွင် သမိုင်းကြောင်း မှန်ကန်၍ ပြီးပြည့်စုံစွာ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

သတင်းစဉ်

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြသည်။



နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်ပိုင်း (၃) ပါ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို အခြေခံ၍ လက်တွေ့ကျသည့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ဖြစ်ပေါ်လာရေး၊ ရရှိလာသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်မည့် ယန္တရားများ ဖွဲ့စည်းရေး လုပ်ငန်းစဉ်များ ပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ဖြစ်ပေါ်လာရေး၊ အဆင့်လိုက် သဘောတူညီချက်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ ဟန်ချက်ညီဖော်ဆောင်နိုင်သည့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ဖြစ်ပေါ်လာရေးစသည်တို့ကို အသေးစိတ် ဆွေးနွေးညှိနှိုင်းပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော် ပါဝင်သည့် အစိုးရအစုအဖွဲ့၏ ဘုံသဘောထား ရယူခြင်းများ ဆောင်ရွက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသို့သဝဏ်လွှာ အဓိက

● *ရှေ့ဖုံးမှ*

ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးပြသနိုင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့၏ ထူးမြတ်သော ရာပြည့်အခါသမယ ဖြစ်ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် မြန်မာ့ရုပ်ရှင်ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ ရာပြည့်နှင့် မြို့မအမျိုးသားကျောင်း ရာပြည့် စသည့် ရာပြည့်အထိမ်းအမှတ်များကြောင့် အနှစ်သာရ ပြည့်ဝထူးခြားသည့် နှစ်တစ်နှစ် ဖြစ်ပါသည်။

အမျိုးသားအောင်ပွဲနေ့သည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် မြန်မာ့ပညာရေးခရီးတို့အတွက် အရေးပါသော သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် နယ်ချဲ့အစိုးရသည် ကိုလိုနီပညာရေးစနစ်ကို သွတ်သွင်းလာခဲ့ပါသည်။ ကိုလိုနီပညာရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်သည့် အောက်ခြေဝန်ထမ်းများ မွေးထုတ်ပေးပြီး ၎င်းတို့ကို အလုပ်အကျွေးပြုနိုင်ရေးအတွက်သာ အဓိကရည်ရွယ်ခဲ့သည့် ကျွန်ပညာရေးစနစ် ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကိုလိုနီအစိုးရက အတည်ပြုပြဋ္ဌာန်းခဲ့သော ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် မြန်မာနိုင်ငံသားတို့အား ပညာသင်ယူခွင့်မရအောင် ချုပ်ချယ်ထားခြင်း၊ ဝေးလံသောဒေသများမှ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားခွင့်ကို ပိတ်ပင်ထားခြင်း၊ ငွေကြေးချမ်းသာသူများသာ ပညာသင်ကြားခွင့်ရရှိနိုင်ပြီး ငွေကြေးချို့တဲ့သူများအဖို့ စရိတ်စကမတတ်နိုင်၍ ပညာသင်ကြားခွင့်ဆုံးရှုံးခြင်း၊ ကောလိပ်ကျောင်းအာဏာပိုင်များက အရည်အချင်းမပြည့်မီသေးဟုဆိုလျှင် ဆက်လက်၍ ပညာသင်ယူခွင့် မရနိုင်ခြင်း စသည့်ကန့်သတ်ချုပ်ချယ်မှုများစွာပါဝင်သော အက်ဥပဒေဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသား တက္ကသိုလ်ကျောင်းသား မျိုးချစ်လူငယ်များသည် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့) တွင် ကိုလိုနီပညာရေးစနစ်ကို ပယ်ဖျက်ပေးရန် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို စတင်ဆင်နွှဲခဲ့ကြပါသည်။ ထိုသပိတ်တိုက်ပွဲကြီးသည် မြန်မာ့ပညာရေး၊ မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့နိုင်ငံရေးတို့အတွက် အမျိုးသားရေးစိတ်ဓာတ်များ ဒီရေအလား တိုးပွားစေခဲ့ပြီး နိုင်ငံရေးအသိအမြင်များ နိုးကြားလာစေခဲ့ပါသည်။ ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်များ မွေးဖွားစေခဲ့သော ထိုသပိတ်တိုက်ပွဲစတင်သည့်ရက်ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ရာ ယနေ့ဆိုလျှင် နှစ်ပေါင်းတစ်ရာပြည့်မြောက်သည့် ရာပြည့်သဘင်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ထိုသပိတ်ကြီးကြောင့် ၁၂၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့) ၌ ရန်ကုန်မြို့တွင် မြို့မအမျိုးသားကျောင်း စတင်ပေါက်ဖွားလာခဲ့ကာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ဆက်လက်ပေါ်ပေါက်လာခဲ့ပြီး အမျိုးသားပညာရေးစနစ် ရုပ်လုံးပေါ်လာခဲ့ပါသည်။ အမျိုးသားကျောင်းများမှ မျိုးချစ်စိတ် ထက်သန်သော နိုင်ငံ့ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးခဲ့ပြီး မြန်မာ့လွတ်လပ်ရေးအတွက် တွန်းအားတစ်ရပ် ဖြစ်စေခဲ့ပါသည်။ ရေနံချောင်းအမျိုးသားကျောင်းထွက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဝါးခယ်မအမျိုးသားကျောင်းထွက် ဝန်ကြီးချုပ် ဦးနု၊ ပန်းတနော် အမျိုးသားကျောင်းနှင့် မြို့မအမျိုးသားကျောင်းထွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်တို့သည် အမျိုးသားကျောင်းများ၏ အောင်မြင်မှု စံနမူနာပြပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ဤကဲ့သို့ အမြော်အမြင်ပြည့်ဝပြီး စွမ်းရည်ထက်မြက်သည့် လူငယ်များကို ပညာရေးက မွေးထုတ်ပေးနိုင်သည်ဖြစ်ရာ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေးသည် နိုင်ငံတော်အတွက် အရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတွင် အမြော်အမြင်ပြည့်ဝပြီး အတွေးအခေါ်ရင့်ကျက်မှန်ကန်သည့်လူငယ်များ ပေါ်ထွက်လာရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုလေ့လာသင်ယူခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေးတို့သည်လည်း အရေးပါသော လုပ်ငန်းများဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကရင်းနှီးမြှုပ်နှံမှုဖြစ်ရာ တောင်ပေါ်မြေပြန့်မကျန် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တိုင်းရင်းသားတို့၏ ဒေသများတွင် ပညာရေး၌ ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။ ထို့အပြင် ပညာရေး ပိုမိုမြင့်မားတိုးတက်လာအောင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ နည်းပညာများ စသည်အားဖြင့် ဘက်ပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် မဖြစ်မနေလိုအပ်သော ကောင်းမွန်သည့် လူသားအရင်းအမြစ်များ၊ လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယုံကြည်ပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များဆိုသည်မှာ လူသားတို့ထုတ်ယူသုံးစွဲမှုကြောင့် တစ်ချိန်ချိန်တွင် လျော့နည်း၊ ကုန်ခန်းသွားမည် ဖြစ်ပါသည်။ လူသားအရင်းအမြစ်များမှာမူ အစဉ်တိုးပွားလျက်ရှိပြီး ယင်းလူသားအရင်းအမြစ်များ၏ စွမ်းအားများဖြင့်ပင် နိုင်ငံတော်တည်ဆောက်ရေးယန္တရားများအား လည်ပတ်စေရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ အမြော်အမြင်၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာရေးအတွက် ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးစေရန် ကြိုးပမ်းနေခြင်းလည်း ဖြစ်ပါသည်။

> ❖ **နိုင်ငံတော်တည်ဆောက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
>
> ❖ **“ရာပြည့် အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့၊ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်စို့” ဆိုသည့် ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့အတွက် ဘက်ပေါင်းစုံမှ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ထို့အပြင် နိုင်ငံတော်တည်ဆောက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို စတုတ္ထအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့ကာ ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း သဘောတူချမှတ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် **“ရာပြည့် အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့၊ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်စို့”** ဆိုသည့် ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် ဘက်ပေါင်းစုံမှ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရရှိပြီးသော အောင်မြင်မှုရလဒ်များကို အမိအရဆုပ်ကိုင်ပြီး ရှေ့ဆက်ရမည့်ဒီမိုကရေစီခရီးတွင် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး စုစည်းညီညွတ်သောစွမ်းအားဖြင့် အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတူတကွ တွဲလက်ညီစွာဖြင့် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းရင်း ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့၏ အမျိုးသားရေးဦးတည်ချက် (၅) ရပ် ဖြစ်သော–

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊

(၂) လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှု အခွင့်အလမ်း ရရှိရေး၊

(၃) ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပုံပိုး ရင်းနှီးမြှုပ်နှံရေး၊

(၄) ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊

(၅) တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

တို့ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် ဤရာပြည့် အမျိုးသားအောင်ပွဲနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် 8th Global Infrastructure Cooperation Conference (GICC 2020) ၏ High-Level Bilateral Talks (G2G Meetings) အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီး Ms. Kim Hyun– mee ၏ ဖိတ်ကြားချက်အရ Online စနစ်ဖြင့် ကျင်းပသည့် 8th Global Infrastructure Cooperation Conference (GICC 2020) ၏ High–Level Bilateral Talks (G2G Meetings) အစည်းအဝေးသို့ တက်ရောက်သည်။ (ဓါတ်ပုံ)

အစည်းအဝေးတွင် Korea EXIM Bank မှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်းဖြင့် မန္တလေး–မြစ်ကြီးနား ရထားလမ်းပေါ်ရှိ ၅၄ ဒသမ ၆ ကီလိုမီတာအရှည်ရှိ ဂျိုးထောင်–မဲဇာ၊ မော်ဟန်–ကာဒူ လမ်းပိုင်းကို အဆင့်မြှင့်တင် မွမ်းမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မန္တလေး–မြစ်ကြီးနား ရထားလမ်းပိုင်းတစ်ခုလုံးအတွက် ဆက်သွယ်ရေးနှင့် အချက်ပြစနစ်များ တပ်ဆင်နိုင်ရေးအတွက် Korea EXIM Bank မှ EDCF ချေးငွေထပ်မံရယူနိုင်ရန် မြန်မာနိုင်ငံဘက်မှ အဆိုပြုထားသည့်ကိစ္စ၊ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရှိ အင်းစိန်ဘူတာနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ကိုရီးယားကုမ္ပဏီများက ပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသဖြင့် တင်ဒါခေါ်ယူလျှင် ကိုရီးယားကုမ္ပဏီများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီပေးလျက်ရှိသည့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာအကူအညီ၊ ချေးငွေနှင့် ထောက်ပံ့ငွေပေးအပ်လျက်ရှိသည့် ကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဖက် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကိုရီးယားသမ္မတနိုင်ငံဘက်မှ Assistant Minister for Infrastructure Affairs , Mr. Kwon Hyuck–Jin တို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆွေးနွေးတင်ပြစဉ်။

**“၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များအရ မြန်မာနိုင်ငံ၌ မျက်မှန်တပ်သည့်တိုင်အောင် အမြင်ခက်ခဲခြင်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ နားကြားကိရိယာ တပ်ထားသည့်တိုင် အကြားခက်ခဲခြင်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ လမ်းလျှောက်/ လှေကားတက်ရာတွင် ခက်ခဲခြင်းမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ မှတ်ဉာဏ်/ သင်ယူလေ့လာရာတွင် ခက်ခဲခြင်းမှာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ မိမိကိုယ်မိမိစောင့်ရှောက်ရာတွင် (တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အဝတ်အစားဝတ်ဆင်ရာတွင်) ခက်ခဲခြင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အခြားသူများနှင့်ဆက်သွယ်ရာတွင် ခက်ခဲခြင်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိ”**

✻ *ရှေ့ဖုံးမှ*

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မသန်စွမ်းသူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ နိုင်ငံတော်အဆင့် ထိထိရောက်ရောက် အင်တိုက်အားတိုက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုကာလတွင် ကြုံတွေ့နေရသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 နှင့် ရင်ဆိုင်ရချိန်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေသောမူဝါဒဖြင့် နိုင်ငံတော်ဘက်က မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်တို့နှင့် ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ရေး လုပ်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 ကပ်ရောဂါ အလွန်ကာလများတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**မသန်စွမ်းသူများအတွက် ပံ့ပိုးဆောင်ရွက်**

မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်စေရန် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်း လုပ်ငန်းစဉ်သည်လည်း အဓိကအဖြစ် ပါဝင်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် UNICEF (မြန်မာ) တို့၏ နည်းပညာ၊ ငွေကြေးပံ့ပိုးမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လူ့အခွင့်အရေးနှင့် လူမှုရေးမော်ဒယ်နည်းပညာဖြင့် အစပြု အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်**

ဆရာဖြစ်သင်တန်းများနှင့် မှတ်ပုံတင်ကြီးကြပ်ရေးမှူးသင်တန်းများကို ကျေးရွာ၊ ရပ်ကွက်များတွင် သင်တန်းများပေးနေချိန် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ်ပွားသောကြောင့် အကောင်အထည်ဖော်မှုကို ခေတ္တရပ်ဆိုင်းထားသော်လည်း ယခုအခါ COVID-19 ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ အဝေးရောက်အကဲဖြတ်ခြင်း နည်းစနစ် (Remote Assessment Methodology)နှင့် မသန်စွမ်းမှုသတင်းအချက်အလက်စနစ် (Management Information System) တည်ဆောက်ပြီး ကရင်ပြည်နယ်၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

၂၀၂၀ ပြည့်နှစ်အတွင်း ထူးခြားစွာလုပ်ဆောင်နေမှုတစ်ခုမှာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပေါင်းစပ်ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ကာလလတ် (၂၀၂၀-၂၀၂၅) ကို ရေးဆွဲဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုနှစ်ကုန်တွင် မဟာဗျူဟာစီမံကိန်း(မူကြမ်း) ထွက်ပေါ်လာရေးအတွက် Technical Core Group နှင့် ဆပ်ကော်မတီ (၉) ခုတို့က ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ မသန်စွမ်းသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရန်ပုံငွေ တစ်ရပ်ဖြစ်သော ငွေကျပ် (၃)ဘီလီယံအား အရင်းမပျောက် မတည်ငွေစနစ်ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် COVID-19 အလွန်ကာလများတွင် Microfinance Institute များနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း လုပ်ငန်းရှင်များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် မူဝါဒချမှတ်နေမှုအစည်းအဝေးများ ကျင်းပနေသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ COVID-19 အလွန်ကာလတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အမျိုးသားအဆင့် အစည်းအဝေး ကျင်းပသွားရန်လည်း လိုအပ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ထားရန် လိုအပ်**

မသန်စွမ်းသူများအတွက် Barrier Free Community ဖြစ်စေရန် နေပြည်တော် ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့၌ စံနမူနာပြ ဆောင်ရွက်ထားရှိပြီး ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ တာဝန်ရှိသူများကလည်း မိမိဒေသအတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် COVID-19 အလွန်ကာလ ဟိုတယ် လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်သည့်အခါတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ရေးဆွဲထုတ်ပြန်ခဲ့သည့် မသန်စွမ်းသူများအနေဖြင့် အတားအဆီးကင်းမဲ့စွာသွားလာနိုင်ရေး ရှေ့ပြေးစီမံကိန်း (Myanmar Barrier Free Pilot Project)ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ချက်များကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ စာအုပ် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ချက်များကိုလည်း နှစ်ပတ်လည်အစီရင်ခံစာ ပြုစုထုတ်ဝေနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောကော်မတီက ဆက်လက်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ တစ်ဆက်တည်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီ၏ Concluding Observation ပါ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သည့် အစီရင်ခံစာအတွက်လည်း အထောက်အကူပြုစေမည့် လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ၎င်းအစီရင်ခံစာတင်သွင်းရမည့် နောက်ဆုံးရက်ဖြစ်သော ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက် မတိုင်မီ (၁) နှစ်ခန့်အလို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကော်မတီက ပြုစုမည့် List of Issues နှင့်အညီ Simplified reporting procedure ဖြင့် တင်သွင်းရေး အစီရင်ခံစာ ရေးသားပြုစုရေးအဖွဲ့ကို ဖွဲ့စည်းရန်လည်း လိုအပ်ပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များအရ မြန်မာနိုင်ငံ၌ မျက်မှန်တပ်သည့်တိုင်အောင် အမြင်ခက်ခဲခြင်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ နားကြားကိရိယာ တပ်ထားသည့်တိုင် အကြားခက်ခဲခြင်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ လမ်းလျှောက်/ လှေကားတက်ရာတွင် ခက်ခဲခြင်းမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ မှတ်ဉာဏ်/ သင်ယူလေ့လာရာတွင် ခက်ခဲခြင်းမှာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ မိမိကိုယ်မိမိစောင့်ရှောက်ရာတွင် (တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အဝတ်အစားဝတ်ဆင်ရာတွင်) ခက်ခဲခြင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အခြားသူများနှင့်ဆက်သွယ်ရာတွင် ခက်ခဲခြင်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်ကို သိရှိရပါကြောင်း။

**မသန်စွမ်းသူများ၏ အခွင့်အရေး**

ထို့ကြောင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကဏ္ဍသည် တစ်စထက်တစ်စ အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လာသည့်အတွက် ရှေ့ဆက်၍ ပြောင်းလဲလာသော အခြေအနေများကိုမူတည်ကာ ပိုမိုထိရောက်သည့် အကာအကွယ်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို ပြန်လည်သုံးသပ်ညှိနှိုင်းခြင်း လုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလမတိုင်မီ မသန်စွမ်းသူများ ပါဝင်မဲပေးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲစာရင်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူများအားလုံး မဲပေးနိုင်ရေး မဲရုံများတွင် မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် လျှောစောက်များ ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းမှုအလိုက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မသန်စွမ်းသူစုစုပေါင်း (၈၇၀၀၀)ကျော် ပါဝင်မဲပေးနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ ယခင် ရွေးကောက်ပွဲများထက် မသန်စွမ်းသူများ၏ ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်များပြားလာသည်ကို အသိအမှတ်ပြုရမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၀) အစည်းအဝေးက ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက် (၂၅) ချက် အပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်မည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ မသန်စွမ်းသူများအပေါ် အကျိုးဖြစ်ထွန်းစေမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကို အသိအမှတ်ပြု အလေးထားဆောင်ရွက်ပေးကြရန်နှင့် COVID-19 အလွန် ကာလများတွင် မသန်စွမ်းသူများ၏ အခွင့်အရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရန်အတွက် ယခုနှစ်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့က သတ်မှတ်ခဲ့သော “ပိုမိုကောင်းမွန်သည့် COVID-19 အလွန် ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့” ဟူသော ဆောင်ပုဒ်နှင့်အညီ အားလုံးအတူပါဝင်သော လူ့အသိုက်အဝန်းတစ်ခုဆီသို့ စည်းလုံးညီညာစွာဖြင့် လျှောက်လှမ်းနိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ (၁)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတင်ဖွဲ့စည်းခဲ့မှု၊ လုပ်ငန်းစဉ်များ၊ အစည်းအဝေးများ ကျင်းပခဲ့မှုနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

**အစီရင်ခံစာတင်သွင်းရေး ဆွေးနွေး**

ယင်းနောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမျိုးသားကော်မတီ (၁/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီသို့ Simplified reporting procedure ဖြင့် အစီရင်ခံစာတင်သွင်းရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးအောင်လှထွန်း၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်းနှင့် ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာသွန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက မသန်စွမ်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ မသန်စွမ်းသူများအပေါ် ပြစ်မှုကျူးလွန်မှုများကို အရေးယူဆောင်ရွက်ခဲ့မှု၊ အကျဉ်းထောင်များရှိ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှု၊ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားဆောင်ရွက်ခဲ့မှု၊ New Nomal ပုံစံသစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ လျော့ပါးမှုမရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မသန်စွမ်းသူများအတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးမှု၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မသန်စွမ်းသူများအား ထောက်ပံ့ပေးမှု၊ မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ လိုအပ်ချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ (၃)နှစ်ကျော်ကာလအတွင်း ဆောင်ရွက်ခဲ့မှု အခြေအနေကို သုံးသပ်လျှင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မသန်စွမ်းမှုအလိုက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးနိုင်ခဲ့သဖြင့် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများထက် မသန်စွမ်းသူဦးရေ ပိုမိုမဲပေးနိုင်ခဲ့ခြင်းသည် မှတ်တိုင်တစ်ခုပင် ဖြစ်ပါကြောင်း၊ COVID-19 ကာလအတွင်း သွားလာမှုဆိုင်ရာ အကန့်အသတ်များကြားမှ မသန်စွမ်းသူများအတွက် ပံ့ပိုးကူညီမှုများကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များနှင့် ချိတ်ဆက်ကာ အားလုံးဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်သွားစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## စုပေါင်းပြီး ထူထောင်ထားတဲ့ ပြည်ထောင်စုကြီး

**ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ် ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခု ဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။**

[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနား၌ ပြောကြားသည့်နှုတ်ခွန်းဆက်စကားမှကောက်နုတ်ချက်]



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက

ဓာတ်ပုံ - ဇော်မောင်မောင်ဦး (စန္ဒကူး)

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် 8th Global Infrastructure Cooperation Conference ( GICC 2020 ) သို့ Online ဖြင့် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် 8th Global Infrastructure Cooperation Conference ( GICC 2020) အခမ်းအနားသို့ နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Online ဖြင့် တက်ရောက်သည်။ **(ယာပုံ)**



အခမ်းအနားတွင် International Contractors Association of Korea မှ ဥက္ကဋ္ဌ Mr. Lee Kun – Ki က အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Kim Hyun –mee နှင့်အတူ အဆင့်မြင့်အရာရှိများသည် 8th Global Infrastructure Cooperation Conference (GICC 2020)သို့ ပါဝင်တက်ရောက်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် နှစ်နိုင်ငံဝန်ကြီးအဆင့် အပြန်အလှန်ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က COVID–19 pandemic ကာလအတွင်း ကျန်းမာစွာနှင့် လုံခြုံဘေးကင်းစွာ လုပ်ကိုင်နေသည်များကို Online မှ တစ်ဆင့် တွေ့မြင်ခွင့်ရခဲ့ပြီး (GICC 2020) အစည်းအဝေးတွင် ပါဝင်ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စဉ်ဆက်မပြတ် အကူအညီပေးမှုများ ရှိခဲ့ပါကြောင်း၊ ကိုရီးယား–မြန်မာ (ဒလ)တံတားစီမံကိန်းနှင့် KMIC စက်မှုဇုန်စီမံကိန်းများသည် ထင်ရှားသော စီမံကိန်းများဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှု အသီးအပွင့်များ ခံစားရသည်မှာ ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ အဓိကပူးပေါင်းကူညီပံ့ပိုးမှုများကြောင့် ဖြစ်ပါကြောင်း။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားသည် စုစုပေါင်းအရှည် ၁၈၆၈ မီတာ ရှိပြီး လေးလမ်းသွား Cable – Stayed Bridge အမျိုးအစား ဖြစ်ပါကြောင်း၊ စီမံကိန်းတန်ဖိုးမှာ ကိုရီးယားသမ္မတနိုင်ငံဘက်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်းနှင့် မြန်မာနိုင်ငံဘက်မှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း စုစုပေါင်းစီမံကိန်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁၈၈ ဒသမ ၁၇ သန်း ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၉ မေလ ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ် တည်ဆောက်သွားရန် မျှော်မှန်းထားပါကြောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများအား နေ့၊ည ဆောင်ရွက်လျက်ရှိပါကြောင်း၊ စုစုပေါင်း တံတားတစ်စင်းလုံးအနေဖြင့် လုပ်ငန်းအားလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။

KMIC စက်မှုဇုန်စီမံကိန်းသည် အချိန်နှင့် တစ်ပြေးညီ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး EDCF ချေးငွေဖြင့် တည်ဆောက်ရန်ရှိသော အပြင်ဘက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းသည် ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ KMIC စက်မှုဇုန်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကောင်အထည်ဖော်ရန် စတင်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်တွင် Phase 1 အား စတင်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး KMIC စက်မှုဇုန်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အလားအလာကောင်းမည်ဟု ယုံကြည်ပါကြောင်း။

ဒလမြို့သစ်စီမံကိန်းအနေဖြင့် ရန်ကုန်မြို့ CBD ဧရိယာနှင့် နီးကပ်စွာရှိသော ဒလမြို့သည် ဒလတံတား စီမံကိန်းပြီးစီးပါက အလားအလာကောင်းသော မြို့သစ်စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ ဒလတံတားစီမံကိန်းတိုးတက်မှုနှင့်အတူ ဒလမြို့သစ်၏ Spatial Development မှာလည်း စနစ်တကျ စတင်နိုင်မည် ဖြစ်ပါကြောင်း၊ ဒလမြို့သစ်စီမံကိန်းနှင့် K City Program အတွက် နည်းပညာအကူညီနှင့် F.S ဆောင်ရွက်ပေးနေမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကိုရီးယား – မြန်မာ ပူးပေါင်းဆောင်ရွက်မှုဖြင့် အနာဂတ်တွင် ဒလမြို့သစ်ဖွံ့ဖြိုးရေး စီမံကိန်းအား ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ Coronavirus Disease 2019 ( COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ယခုအချိန်ကာလတွင် လူတိုင်းကိုယ်စီ ကျန်းမာပြီး ကိုဗစ်–၁၉ ကို အတူတကွ ကျော်ဖြတ်နိုင်ပါစေကြောင်းနှင့် ယခု (GICC 2020) အစည်းအဝေးမှ အောင်မြင်သော ဆွေးနွေးမှုရလဒ်ကောင်းများ ခံစားနိုင်စေရန် ဆန္ဒပြုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် Global Infrastructure Cooperation Conference (GICC 2020) သည် အခြေခံအဆောက်အအုံကဏ္ဍနှင့် မြို့ပြဖွံ့ဖြိုးမှုကဏ္ဍတို့တွင် ပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှ စတင် ကျင်းပခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ အကြီးမားဆုံးအပြည်ပြည်ဆိုင်ရာညီလာခံများအနက် တစ်ခုအပါအဝင်ဖြစ်ကာ ယခုနှစ်တွင် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် Online ဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး ကလေးအထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုရန် Mobile Digital X-Ray စက်တစ်လုံး ပေးအပ်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး ကလေးအထူးကြပ်မတ်ကုသဆောင်တွင် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကလေးများ ဓာတ်မှန်ရိုက်ရာတွင် အဆင်ပြေချောမွေ့မြန်ဆန်စေရန်အတွက် KTZ Company ၏ Managing Director ဦးကျော်သိန်းဇံက ငွေကျပ် ၃၆၃ သိန်းတန်ဖိုးရှိ USA Made Mobile Digital X–Ray စက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ တာဝန်ခံကလေးအထူးကု ဆရာဝန် ဒေါက်တာဝေလင်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**



# ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်စို့ ...

တက္ကသိုလ်ပွင့်သူအောင်

**တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်မြင့်မားစွာဖြင့် ကိုလိုနီပညာရေးစနစ်တွန်းလှန်ဖယ်ရှားပြီး အမျိုးသားပညာရေးစနစ်သို့ ပြောင်းလဲပေးနိုင်ခဲ့သည့်နေ့ပင်ဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့ ဆုံးရှုံးလက်လွှတ်ခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာစေခဲ့သော နေ့လည်း ဖြစ်သည်။**



၁၉၂၀ ပြည့်နှစ် သပိတ်၏ အသီးအပွင့်များအဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏ အစ ရန်ကုန်မြို့ရှိ မြို့မကျောင်း မှတ်တမ်းဓာတ်ပုံ။

၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ် (ဂျီစီဘီအေ) (General Council of Burmese Association–GCBA) အထူးကွန့်ဖရင့်က မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မကျေနပ်၍ တက္ကသိုလ်ကျောင်းသားများ စတင်အရေးဆိုခဲ့သောနေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၌ နှစ်တစ်ရာပြည့်ပြီ ဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ**

အမျိုးသားရေးစိတ်ဓာတ် ဆိုသည်မှာ တစ်နိုင်ငံလုံး ကြီးပွားတိုးတက်ရေးစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဝံသာနုရက္ခိတစိတ်ဓာတ်ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ ဤစိတ်ဓာတ်ဖြင့် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝမှရုန်းထွက်ပြီး လွတ်လပ်ရေး အရယူပေးနိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်သည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အရေးအရာကိစ္စများအားလုံးကို အောင်မြင်နိုင်အောင်ဆောင်ရွက်နိုင်သည့် စိတ်ဓာတ်မျိုး ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍအစုံစုံတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ရှေ့တန်းရောက်အောင် ကြိုးပမ်းလိုသည့် စိတ်ဓာတ်သည်လည်း သင့်မြတ်သော အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်သည် ဆက်လက်တည်ရှိနေရန် လိုအပ်ပြီး အမျိုးသားရေးစိတ်ဓာတ် ကိန်းအောင်းရှင်သန်ရန်အတွက် နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ရောက်တိုင်း နိုင်ငံအနှံ့ အမျိုးသားအောင်ပွဲနေ့များကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်အစ အမျိုးသားကျောင်းက**

မြန်မာ့သမိုင်းတွင် ၁၉၂၀ အမျိုးသားရေးနိုးကြားလာမှုဖြစ်စဉ်များက အလွန်အရေးပါခဲ့သည်။ ထိုကာလက စည်းရုံးရေးဩဇာလွှမ်းစွာကြီးမားပြီး အမျိုးသားရေး၊ ဘာသာရေးကို အထူးပြုရည်ရွယ်ဆောင်ရွက်ခဲ့သော အသင်းကြီးမှာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) (Young Man's Buddhist Association–YMBA)ပင် ဖြစ်သည်။ ဝိုင်အမ်ဘီအေအသင်းကြီးသည် ၁၉၀၆ ခုနှစ်တွင် စတင်သန္ဓေတည်ပေါက်ဖွားလာခဲ့ရာ ယခုနှစ်၌ ၁၁၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အသင်းကြီး၏ရည်ရွယ်ချက်အား "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကြီးပွားတိုးမြှင့်ရေး" ဟု သတ်မှတ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ၏ နိုင်ငံလုံးဆိုင်ရာ ကွန်ဖရင့်ကို ပြည်မြို့၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှာပင် ဝိုင်အမ်ဘီအေအသင်းအနေဖြင့် အမျိုးသားရေးအပြင် အခြားတာဝန်များကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်စေရန် အသင်းချုပ်၏အမည်ကို မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ် (ဂျီစီဘီအေ) (General Council of Burmese Association–GCBA) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၀ ပြည့်နှစ်တွင် လွတ်လပ်ရေးဦးတည်ချက်များကို ရှေ့တန်းတင်၍ နိုင်ငံရေးအနှစ်သာရအလေးအနက်ပါဝင်လာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို လှုပ်ခတ် အားတက်သွားစေခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်များ အုံကြွလာပြီး ကိုလိုနီဆန့်ကျင်ရေး၊ နယ်ချဲ့တော်လှန်ရေး အယူအဆများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး ၁၈၅၃ ခုနှစ်တွင် အောက်မြန်မာနိုင်ငံတစ်ခုလုံး ဗြိတိသျှနယ်ချဲ့လက်အောက်သို့ ကျရောက်သွားခဲ့သည်။ ဗြိတိသျှနယ်ချဲ့အစိုးရအုပ်ချုပ်သည့် အောက်မြန်မာနိုင်ငံတွင် ပညာရေးစနစ်အပြောင်းအလဲနှင့်အတူ ၁၈၇၀ ပြည့်နှစ်မှစ၍ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်အစိုးရကျောင်းများ၊ ခရစ်ယာန်သာသနာပြုကျောင်းများ တည်ထောင်လာသည်။ ထိုစဉ်က ဗြိတိသျှနယ်ချဲ့အစိုးရ၏ ပညာရေးမူဝါဒမှာ မြန်မာနိုင်ငံသားတို့၏ပညာရေးကို အစိုးရက တာဝန်ယူဆောင်ရွက်ရန်မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် တည်ထောင်သောကျောင်းများကို ထောက်ပံ့ပေးရန်၊ စည်းကမ်းချမှတ်ရန်၊ စစ်ဆေးရန်အတွက်သာ ဖြစ်သည်။

ထိုစဉ်မှာပင် မြန်မာနိုင်ငံကို အိန္ဒိယနှင့် ပေါင်းစည်းထားခြင်းအား ခွဲထုတ်ရန်နှင့် ပညာရေးတွင်လည်း ကာလကတ္တားတက္ကသိုလ်လက်အောက်ခံမဟုတ်ဘဲ သီးခြားလွတ်လပ်သည့် တက္ကသိုလ်တည်ထောင်ပေးရန် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ကိန်းအောင်းနေပြီဖြစ်သော မြန်မာတို့၏ တောင်းဆိုမှုများ ပြင်းထန်လာခဲ့သည်။ ထို့ကြောင့် ဗြိတိသျှနယ်ချဲ့အစိုးရသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (Rangoon University Act) ကို လေးနှစ်ခန့်ကြာအောင် ရေးဆွဲခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် အဆိုပါအက်ဥပဒေကို မြန်မာပြည်သူတို့အား ချပြခဲ့သည်။ ထိုအခါ မြန်မာပြည်သူတို့က ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ပညာတတ်နည်းပါးပြီး အောက်တန်းကျသည့်အလုပ်များကိုသာ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ထားသည်ဟူ၍ ဝေဖန်ရှုတ်ချကာ "ကျွန်ပညာရေး အလိုမရှိ" ဟူသော ကြွေးကြော်သံများဖြင့် နယ်ချဲ့အစိုးရကို ပထမအကြိမ်အဖြစ် စတင်အန်တုကာ နိုင်ငံရေးအရ နိုးကြားလာခဲ့သည်။

မည်သို့ပင်ဆိုစေ၊ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ချက်အနည်းငယ်မျှသာ ပြင်ဆင်ပြီးနောက် ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းရန်ကုန်တက္ကသိုလ် ဖွင့်လှစ်သည့်နေ့မှာပင် တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ကြပြီး ဗြိတိသျှနယ်ချဲ့အစိုးရက ရန်ကုန်တက္ကသိုလ်ဖွင့်ပွဲကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်ကိုပါ အကြောင်းပြု၍ မျိုးချစ်ကောလိပ်ကျောင်းသားကြီးများက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (တနင်္ဂနွေနေ့)၌ ကျောင်းကိုစွန့်ခွာပြီး ရွှေတိဂုံဘုရား အနောက်တောင်ထောင့်တွင် စတင်စုဝေး သပိတ်မှောက် ဆန္ဒပြခဲ့ကြသည်။

ထိုကဲ့သို့ အမျိုးသားပညာရေး စတင်ပေါက်ဖွားရန်အတွက် သပိတ်မှောက်ကျောင်းသားတို့က မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် နတ်တော်လဆန်း ၇ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်) နံနက် ၁၁ နာရီ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းကြားတောရလမ်းရှိ ဦးအရိယကျောင်း၌ သပိတ်စခန်းဖွင့်ကာ အမျိုးသားကျောင်းကို စတင်ထူထောင်ကြသည်။ "အမျိုးသားပညာရေးအစ ဦးအရိယဘုန်းကြီးကျောင်းက" ဟု ဆိုစမှတ်ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့် မြို့မအမျိုးသားကျောင်းကြီးသည်လည်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့ရာ ယခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် နှစ်တစ်ရာပြည့်မြောက်တော့မည်ဖြစ်သည်။ မြို့မအမျိုးသားကျောင်းကြီး၏ ကျောင်းအုပ်ဆရာကြီးမှာ မြို့မဦးဘလွင် (ခေါ်) ဆရာကြီးဦးဘလွင်ပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီးကြောင့် အမျိုးသားပညာရေးစနစ် (National Education) ရုပ်လုံးပေါ်လာခဲ့ပြီးနောက် မြန်မာပြည်အနှံ့အပြား ကိုယ့်အားကိုယ်ကိုး "အမျိုးသားကျောင်းများ" (National Schools) ပေါ်ပေါက်လာကာ အမျိုးသားရေး စိတ်ဓာတ်ပြင်းထန်ကြသူ ကျောင်းသားကျောင်းသူများအနက် ဗြိတိသျှနယ်ချဲ့အစိုးရဝန်ထမ်း မြို့အုပ်ရာထူးမှ နုတ်ထွက်၍ အမျိုးသားကျောင်းဆရာအဖြစ် ဆရာဦးဘချို (ဒီးဒုတ် ဦးဘချို)နှင့် ဆရာလွန်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း)တို့က အမျိုးသားကျောင်းများစတင်တည်ထောင်ခဲ့ကြသည်။ ထိုဆရာကြီးတို့သည် ဗြိတိသျှနယ်ချဲ့အစိုးရက ပေးထားသော ကျောင်းဆရာလစာ ၂၀၀ ကျပ်ကို စွန့်လွှတ်ပြီး မိမိတို့ကို စေတနာသဒ္ဓါတရားဖြင့် ထောက်ပံ့ပေးသည့် ငွေကျပ် ၁၅၊ ၂၀ ကျပ်တို့ကိုသာ ယူကြကာ အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ထုတ်ပြသခဲ့သည်။

ယခု မြို့မကျောင်း အဆောက်အအုံသည် ၁၉၂၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး နဝမအကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်အတူ မြို့မအမျိုးသားကျောင်းကြီးကို အုတ်မြစ်ချ၍ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက် (မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် သောကြာနေ့) အမျိုးသားအောင်ပွဲနေ့၌ စတင်ဖွင့်လှစ်ခဲ့ခြင်းပင်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

**"အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ခြင်း၏ အကျိုးကျေးဇူးအဖြစ် ဗြိတိသျှနယ်ချဲ့အစိုးရက နည်းမျိုးစုံဖြင့် ကန့်သတ်ထားခဲ့သော မြန်မာစာ၊ မြန်မာမှုနှင့် အမျိုးသားဇာတိမာန်များ နိုးကြားတက်ကြွစေသော ရာဇဝင်၊ ဇာတ်နိပါတ်တို့ကို အဆိုပါကျောင်းများ၌ သင်ကြားခွင့်ရခဲ့သည်။ ထို့ကြောင့် ရှိရင်းစွဲအမျိုးသားရေးစိတ်ဓာတ်များသည် ပို၍ပို၍ ကြီးထွားလာခဲ့သဖြင့် လူငယ်များ၏ မျိုးချစ်စိတ်ဓာတ်အရှိန်အဟုန်မှာ မြင့်မားလာခဲ့သည်။ ထိုကဲ့သို့အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုမြင့်မားလာခဲ့သည်နှင့်အညီ "မြန်မာစာသည်...ဒို့စာ" "မြန်မာစကားသည်...ဒို့စကား"၊ "မြန်မာပြည်သည်...ဒို့ပြည်" ဟူသော ကြွေးကြော်သံများဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာ့မျိုးချစ်လူငယ်များစွာ မွေးထုတ်နိုင်ခဲ့"**

*စာမျက်နှာ ၆ မှ*

ထိုကဲ့သို့ မြို့မအမျိုးသားကျောင်းကြီးအပါ အဝင် နိုင်ငံအနှံ့ အမျိုးသားကျောင်းပေါင်း ၉၃ ကျောင်းအထိ ပေါ်ပေါက်လာခဲ့ရခြင်းမှာ အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဖြစ်သဖြင့် တစ်မျိုးသားလုံးစိတ်ဓာတ်အစ အမျိုးသား ကျောင်းကဟု မှတ်တမ်းတင်နိုင်ခဲ့သည်။ မြို့မအမျိုးသားကျောင်းကြီးသည်ပင်လျှင် ဗဟိုနေရှင်နယ်ကျောင်းအဖြစ် အမည်တွင်ခဲ့သည်။

### အမျိုးသားကောလိပ်ဖွင့်လှစ်နိုင်ခဲ့

မှတ်တမ်းများအရ မြို့မအမျိုးသား ကျောင်းကြီးနှင့် မောင်နှမကျောင်းအဖြစ် မြို့မ အမျိုးသမီး အထက်တန်းကျောင်းသည် ၁၉၂၀ ပြည့်နှစ် ပထမအကြိမ်ရန်ကုန်တက္ကသိုလ် ကျောင်းသားကောလိပ်၌ ပါဝင်ခဲ့သူ“မစီ”၏ ကြိုးပမ်းမှုဖြင့် ရန်ကုန်မြို့ ၃၂ လမ်းရှိ အိမ် တစ်အိမ်ကို ငှားရမ်းဖွင့်လှစ်ခဲ့သည်။ မစီသည် စိန်မေရီကျောင်း (ပန်းဘဲတန်း) မှ ဆရာမ ဒေါ်နှင်းလွင်ကို စည်းရုံး၍ ကျောင်းအုပ်အဖြစ် တာဝန်ယူစေခဲ့သည်။ ထို့နောက် ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့ ကင့်မ်(Camp) လမ်းသို့ အိမ်တစ်အိမ်ကို ငှားရမ်းဖွင့်လှစ်ခဲ့ပြန်သည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ နှစ်ထပ် အဆောက်အအုံကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ကိုယ်ထူကိုယ်ထ အမျိုးသား ကျောင်းများ ပေါ်ထွက်လာပြီးနောက် တက္ကသိုလ်ကျောင်းသားများအတွက်လည်း ရန်ကုန်မြို့၌ အမျိုးသားကောလိပ်ကို တည်ထောင်ကာ ကျောင်းသားများ ပညာ သင်ကြားရေးအတွက် မိဘပြည်သူများက စီမံဆောင်ရွက်ပေးခဲ့ရာ ၁၉၂၁ ခုနှစ် ဩဂုတ်လ ၌ ဗဟန်းရွှေကျင်ကျောင်းတိုက်တွင် အမျိုးသားကောလိပ်ကို အောင်မြင်စွာ ဖွင့်လှစ် သင်ကြားနိုင်ခဲ့သည်။ ထိုအမျိုးသား ကောလိပ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာတော်ဦးဉာဏ၊ ဒီးဒုတ်ဦးဘချိုစသော ပုဂ္ဂိုလ်ကြီးများက ပါမောက္ခ၊ ကထိက ဆရာကြီးအဖြစ် ပါဝင်၍ စေတနာ့ဝန်ထမ်း စာပြပေးခဲ့ကြသည်။

ယင်းကဲ့သို့ အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ ခြင်း၏ အကျိုးကျေးဇူးအဖြစ် ဗြိတိသျှ နယ်ချဲ့အစိုးရက နည်းမျိုးစုံဖြင့် ကန့်သတ် ထားခဲ့သော မြန်မာစာ၊ မြန်မာမှုနှင့် အမျိုးသား ဇာတိမာန်များ နိုးကြားတက်ကြွစေသော ရာဇဝင်၊ ဇာတ်နိပါတ်တို့ကို အဆိုပါကျောင်း များ၌ သင်ကြားခွင့်ရခဲ့သည်။ ထို့ကြောင့် ရှိရင်းစွဲ အမျိုးသားရေးစိတ်ဓာတ်များသည် ပို၍ပို၍ ကြီးထွားလာခဲ့သဖြင့် လူငယ်များ၏ မျိုးချစ်စိတ်ဓာတ်အရှိန်အဟုန်မှာ မြင့်မား လာခဲ့သည်။ ထိုကဲ့သို့အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုမြင့်မားလာခဲ့သည် နှင့်အညီ “မြန်မာစာသည်...ဒို့စာ” “မြန်မာ စကား သည်...ဒို့စကား”၊ “မြန်မာပြည်သည်... ဒို့ပြည်” ဟူသော ကြွေးကြော်သံများဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာ့မျိုးချစ် လူငယ်များစွာ မွေးထုတ်နိုင်ခဲ့သည်။

### အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို တည်ဆောက်စို့

အမျိုးသားရေးစိတ်ဓာတ်သည် စည်းလုံး ခြင်း၊ ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ အနစ်နာခံ စွန့်လွှတ်ခြင်းတို့အပေါ်တွင် အခြေခံထား သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား အားလုံးသည် အတိတ်သမိုင်းတစ်လျှောက် လုံး ၎င်းအမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံကို ထူထောင်ခဲ့ကြသည်။ ပစ္စုပ္ပန်တွင်လည်း ထို နည်းလမ်းအတိုင်း ဆောင်ရွက်နေကြသည်။ အထူးသဖြင့် ယနေ့မျက်မှောက်ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူ၍ သံသယ နှင့် ပဋိပက္ခများကင်းစင်ပပျောက်ပြီး ရေရှည် တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး တစ်ဦးနှင့်တစ်ဦး၊ နားလည်မှု၊ ယုံကြည်မှု ရရှိရေးအတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေး တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

အထူးသဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလကဲ့သို့ပင် အမျိုးသားရေး စိတ်ဓာတ်ကိုအခြေခံသည့် စုပေါင်းအင်အား ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



- အမည်ရင်း ဦးပွင့်သူအောင်
- ကလောင်အမည် တက္ကသိုလ် ပွင့်သူအောင်
- မော်လမြိုင်မြို့၊ မော်တင်လိန်းဂျဒ်ဆင် အ.ထ.က(ယခု အမှတ်(၆) အ.ထ.က၊ မော်လမြိုင်)မှ ၁၉၆၈ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို “က” အဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။
- ရန်ကုန်တက္ကသိုလ် လက်အောက်ခံ မော်လမြိုင်ကောလိပ် (ယခု မော်လ မြိုင်တက္ကသိုလ်) တွင် ၁၉၆၈-၆၉ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်အထိ ဓာတုဗေဒအဓိကဖြင့် ပညာသင်ယူ ခဲ့ပြီး ၁၉၇၂ ခုနှစ်၌ B.Sc(Chemistry) ဘွဲ့ရရှိခဲ့ပါသည်။
- ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့် ရေးအဖွဲ့ (PSC) မှ ခေါ်ယူသော မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ရာထူးစာမေးပွဲအောင်မြင်ခဲ့၍ ၁၉၇၆ ခုနှစ်မှစ၍ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန(ယခု လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာန)တွင် မြို့နယ် မြေစာရင်းဦးစီးဌာနမှူး (ဦးစီးအရာရှိ) အဖြစ် လည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) အဖြစ် လည်းကောင်း (၃၅) နှစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် သက်ပြည့်အငြိမ်းစား ယူခဲ့ပါသည်။
- ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ဂျာမန် စာရေးဆရာမကြီး အင်နာဆီဂါ ဆောင်းပါး စတင်ရေးသားခဲ့ပြီး ၁၉၇၁ ခုနှစ်မှစတင်၍ စာပေလောက သို့ ရောက်ရှိခဲ့ကာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပုဒ်ရေ စုစုပေါင်း (၉၀၀) ကျော် ရေးသားခဲ့ပါသည်။
- နိုင်ငံတော်မှကြီးမှူးကျင်းပလျက်ရှိ သော အပြည်ပြည်ဆိုင်ရာ နေ့ကြီး ရက်ကြီးများ ဗဟိုအဆင့် အလွတ် တန်း ဆောင်းပါးပြိုင်ပွဲများကို ၁၉၇၂ ခုနှစ်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ယနေ့အထိ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု စုစုပေါင်း (၁၈)ဆု ရရှိခဲ့ပါသည်။ မကြာသေးခင် က ကျင်းပပြုလုပ်ခဲ့သော ရန်ကုန် တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်း အမှတ် အလွတ်တန်းဆောင်းပါး ပြိုင်ပွဲတွင် တတိယဆု ရရှိခဲ့ပါ သည်။
- မြန်မာနိုင်ငံ စာရေးဆရာအသင်း အဖွဲ့ဝင်အမှတ် ၀၄၇၅ ဖြစ်ပြီး မြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများအဖြစ် စာပေတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ တောင်ငူမြို့နယ် စာရေးဆရာအသင်း တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် စာပေ တာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။

## အမျိုးသားအောင်ပွဲနေ့ကို ဗဟိုပြု၍

“ကိုယ့်ထီး, ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်”
“ကိုယ့်အရှင်, ကိုယ့်သခင်၊ ကိုယ့်ဘုရင်နှင့်” …
နေခွင့်မရ၊ အနိမ့်ကျဆုံး
တစ်မျိုးသားလုံးရဲ့၊ ဆုံးရှုံးမှုကြီး
ခါးသီးလွန်းလှ၊ မြန်မာ့မျိုးဆက်
ကျွန်သက်ရှည်ကြာ၊ ကျွန်ပညာရေး
အမွေပေးမည့်၊ နယ်ချဲ့၏အကြံ
ခေါင်းငုံ့မခံဘဲ၊ သပိတ်တိုက်ပွဲမှာ
ရဲရဲပါဝင်၊ သခင်ပေါက်စ
ထောင်ခြောက်လခေတ်၊ အမျိုးချစ်စိတ်
ယိုစီးဖိတ်သည့်၊ ကောလိပ်ကျောင်းသား
လူငယ်များမှ၊ စ၍ဆန့်ကျင်
ပါဝင်စုရုံး၊ တစ်နိုင်ငံလုံး၏
ဇာတိပုည၊ ဂုဏ်မာနတွေ
နှိုးဆွဆွဲထုတ်၊ တမဟုတ်ချင်း
တိုင်းရင်းသားထု၊ ဝံသာနုတို့
“စုစည်းကြီးမား၊ ပြည့်အင်အားဖြင့်”…
နိုင်ငံနှင့်လူမျိုး၊ အညွန့်ချိုးမခံ
ဇာတိမာန်မွေး၊ အမျိုးသားရေးမို့
ငါတို့နိုင်ငံ၊ ငါတို့ပြန်ပေး
“လွတ်လပ်ရေးရ၊ သမိုင်းအစကား
အမျိုးသားအောင်ပွဲနေ့၊ ယနေ့ရောက်လာ”…
နှစ်(၁၀၀)ပြည့်ပြီ၊ စုပေါင်းညီက
အောင်ပွဲရကြောင်း၊ သမိုင်းကောင်းကို
“ပြန်ပြောင်းသတိရ၊ ညီညွတ်ကြဖို့ လိုအပ်သည်”။ ။

**ဟသ်ာတမြင့်ငွေ**



## အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ သန်လျင်၌ဖြန့်ဝေ

**သန်လျင် ဒီဇင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ပိုင်းက သန်လျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဈေးများ၊ ကယ်ရီဂိတ်၊ ကားဂိတ်များ လမ်းသွားလမ်းလာများကို ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ (၉၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကောက်နုတ်ချက်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု နှီးနှောဖလှယ်ပွဲ မိန့်ခွန်းကောက်နုတ်ချက်၊ အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်၊ ရန်ကုန်ယူနီ ဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦး၏ အမည်များ၊ ဗြိတိသျှတို့ ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေပါအချက်များ၊ အမျိုးသား အောင်ပွဲနေ့သမိုင်းကြောင်းနှင့် ဆရာမြင်းမူမောင်နိုင်မိုးရေးသားသည့် အမျိုးသားအောင်ပွဲနေ့ သန္နိဋ္ဌာန်ကဗျာ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားကြောင်း တွေ့ရသည်။

**သန်းဝင်း(သန်လျင်)**

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်းနှင့် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှေးမိဘဘိုးဘွား အစဉ်အဆက်တို့သည် ပျူခေတ်၊ သရေခေတ္တရာ ခေတ်၊ ပုဂံခေတ်တို့မှစကာ ကုန်းဘောင်မင်းဆက်တိုင်အောင် နိုင်ငံတော်ကို စုစည်းတည်ထောင်လာခဲ့ကြသည်။ သို့သော် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ် ဘကြီးတော်ဘုရားလက်ထက်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ် သီပေါမင်းလက်ထက်တွင် တစ်ကြိမ် ကျူးကျော်တိုက်ခိုက်ကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။**

ဝိတိုရိယဘုရင်မကြီး၏ နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ၁၈၉၇ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ကျင်းပခဲ့ပါသည်။ ယင်းသည် ကမ္ဘာတစ်ဝန်း ကြီးကျယ်လှသော အခမ်းအနားများစွာထဲက ညွှန့်ခံပွဲတစ်ခု ဖြစ်ခဲ့ပါသည်။ ထိုစဉ်က နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ဝန်ကြီးချုပ် ၁၁ ဦး တက်ရောက်ခဲ့ပြီး စစ်သည်တော်ပေါင်း ၄၆၀၀၀ တို့ ချီတက်အလေးပြုခြင်း ခံခဲ့ရသည်။ ယင်းသည် ဝိတိုရိယမင်းဆက် နှစ် ၆၀ ပြည့်ခြင်းလည်း ဖြစ်သလို ဂရိတ်ဗြိတိန် နိုင်ငံတော်ကြီး၏ အလွန်ကြီးမားသော အင်အားပိုင်ဆိုင်နေချိန်လည်း ဖြစ်သည်။ ထို ၁၈၉၇ ခုနှစ်များဆီက ဝိတိုရိယဘုရင်မကြီးသည် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံ၊ ကမ္ဘာ့နယ်မြေ၏ ငါးပုံတစ်ပုံ (နေမဝင်အင်ပါယာကြီး)ကို ပိုင်ဆိုင်အုပ်ချုပ်နေချိန်လည်း ဖြစ်သည်။ စစ်အင်အားကြီးမားစွာ ပိုင်ဆိုင်လျက်ရှိသည့်အပြင် တော်ဝင်ရေတပ်မတော် အပါအဝင် တပ်ဖွဲ့များသည် နည်းပညာရပ်များစွာကိုလည်း လက်တွေ့အသုံးချနိုင်နေပြီဖြစ်သည်။

တော်ဝင်ရေတပ်မတော်၏ အင်အားသည် သူ့ထက်အဆင့်(၂)နှင့် အဆင့်(၃) ပေါင်းထားသည့် ရေတပ်မတော်ထက်ပင် အင်အားကြီးမားနေကြောင်း သိရသည်။ ဗြိတိသျှဘုရင်မကြီး ဝိတိုရိယ (Queen Victoria)က ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ ကိုလိုနီနိုင်ငံ (Colony) ဖြစ်သွားပြီ၊ ဗြိတိသျှအင်ပါယာ (British Empire) အတွင်း သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာကို ကြေညာလိုက်သည်။ ထိုအချိန်မှစပြီး ကမ္ဘာ့မြေပုံပေါ်တွင် "မြန်မာနိုင်ငံ" ဆိုသည် ပျောက်ကွယ်သွားခဲ့ရသည်။ မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုသာ ဖြစ်သွားခဲ့သည်။ မြန်မာနိုင်ငံသားတို့သည် British Subjects ဗြိတိသျှကျေးတော်မျိုး၊ ကျွန်တော်မျိုးများအဖြစ် ရောက်သွားခဲ့ကြရသည်။



ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း(Y.M.B.A) မူလကျောင်းဆောင်ကြီး မှတ်တမ်းဓာတ်ပုံ။

မြန်မာနိုင်ငံကို ထိုသို့ သိမ်းပိုက်ပြီးသည်မှစ၍ မြန်မာတိုင်းရင်းသားတို့သည် ကိုလိုနီပညာရေး၊ အုပ်ချုပ်ရေးတို့အောက်မှာ အစစနိမ့်ကျခဲ့ရသည်။ အမျိုးသားစာပေ၊ ယဉ်ကျေးမှုတို့သည်လည်း ဆုတ်ယုတ်ပျက်စီးခဲ့သည်။

အထူးသဖြင့် ပညာရေးတွင် ကိုလိုနီစနစ်ကိုသာ ထောက်ကူနိုင်မည့် ပညာရေးစနစ်ကိုသာ ထူထောင်ခဲ့သည်။ ဒေသခံပြည်သူများ ပညာမျက်စိ မပွင့်အောင် ဆောင်ရွက်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်းကို ရန်ကုန်ကောလိပ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် အမေရိကန်သာသနာပြုအဖွဲ့က ဖွင့်လှစ်ခဲ့သော ဂျပ်ဆင်ကောလိပ်(ခေါ်) ယုဒသန်ကောလိပ်ပေါ်ပေါက်လာသည်။ ထိုကောလိပ်နှစ်ခုလုံးမှာ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံသာဖြစ်ပြီး First Arts (ဥပစာတန်း) အထက်တန်းပညာရေး အစပျိုးသင်ကြားခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ပြည်သူလူထုနှင့် နိုင်ငံရေးအသင်းအဖွဲ့များ၏ တောင်းဆိုမှုကြောင့် မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်တစ်ခုထားရှိရန် စီမံခဲ့ပါသည်။ သင့်တော်မည့် တက္ကသိုလ်ဥပဒေကြမ်း (University of Rangon Act) ကို ပညာမင်းကြီး မစ္စတာမတ်ဟန်းတားက ရေးဆွဲခဲ့ရာ ယင်းတွင် တက္ကသိုလ်တစ်ခုသာ ရှိရမည်။ ယင်းသည် ရန်ကုန်မြို့မှာသာ ရှိရမည်။ ကျောင်းသားများလည်း ကျောင်းအိပ် ကျောင်းစားသာ ဖြစ်ရမည်။ တက္ကသိုလ်ဝင်စာမေးပွဲ မထားဘဲ ဟိုက်စကူးဖိုင်နယ် High School Final (ခေါ်) ဆယ်တန်းစာမေးပွဲကို အောင်ရမည့်အပြင် အခြားဘာသာရပ်တစ်ခုခုကို ထူးချွန်စွာ အောင်မြင်မှသာ တက္ကသိုလ်ဝင်ခွင့်ရမည်။ စာမေးပွဲတစ်ကြိမ်ကျလျှင် လက်မခံ စသည်ဖြင့် ပြည်သူတို့နှင့် လက်လှမ်းမမီသော ပညာရေးစနစ်ကို ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျောင်းသားများ ဆန္ဒပြခဲ့ကြသည်။ ရန်ကုန်မြို့ ဗဟန်းကြားတောရ ရွှေကျင်တိုက် ဦးအရိယကျောင်းတိုက်တွင် ကျောင်းသားကျောင်းသူ ၄၀၀ ကျော်တို့ စုဝေးခဲ့ကြရာမှ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။

**"အမျိုးကိုချစ်ပါ၊ နိုးကြားကြပါ၊ ငါတို့အမျိုးသားပညာရေး ဖိနှိပ်ခံထားရသည်ကို တိုက်ဖျက်ကြရအောင်ထွက်ခဲ့ကြပါ မိတ်ဆွေတို့၊ ကျွန်ပညာအလိုမရှိ၊ ကြောက်မွေးပါဇာဂနာနဲ့နုတ်၊ ရဲရဲတောက် ဒို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်"**စသည်ဖြင့် ကြွေးကြော်ကာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် နယ်မြေတွင် ကျောင်းသားသပိတ်ကြီးကို စတင်ဆောင်ရွက်ခဲ့ကြသည်။ Y.M.B.A အသင်းကြီးမှ ပြောင်းလဲလာခဲ့သော G.C.B.A အသင်းကြီးက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက် သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day)အဖြစ် အများသဘောတူ သတ်မှတ်ခဲ့သည်။

"အမျိုးသား"ဆိုသည်မှာ "နိုင်ငံတစ်ခုတွင် ဘိုးစဉ်ဘောင်ဆက် အတူတကွနေထိုင်လာခဲ့ကြသူများ" ဟု အဓိပ္ပာယ်ရပါသည်။ အမျိုးသားရေးအသွင်ဆောင်သည့် ထိုယူနီဗာစီတီသပိတ်ကို နိုင်ငံအဝန်း မြို့တိုင်းလိုလိုက ထောက်ခံကြပြီး အမျိုး၊ ဘာသာ၊ သာသနာနှင့် အမျိုးသားပညာရေးကို အထောက်အကူပြုမည့် ရန်ကုန်မြို့ မြို့မကျောင်းများ (အ.ထ.က ၂ ဒဂုံ၊ အထက ၃ ဒဂုံ) အပါအဝင် အမျိုးသားကျောင်းပေါင်း ၁၄၅ ကျောင်း ပေါ်ပေါက်လာခဲ့သည်။ ထိုအမျိုးသားကျောင်းများထဲတွင် ပဲခူးမြို့မှ အမျိုးသားတန်းမြင့်ကျောင်း (ယခု အမှတ် ၃ အ.ထ.က-ပဲခူး) လည်း ပါဝင်ပါသည်။

### ပဲခူးမြို့နှင့် အမျိုးသားကျောင်း

**ဦးဆောင်သူများကို** ဖိနှိပ်ချုပ်ချယ်မှုများစွာလုပ်ခဲ့ရာ ယင်းတွင် အသင်းအဖွဲ့များ မဖွဲ့စည်းရန် တားမြစ်မှုများ ပါဝင်ခဲ့သည်။ သို့သော် သူ့ကျွန်မခံစိတ်ရှိကြသော မျိုးချစ်စိတ်ရှိသူတို့က လိမ္မာပါးနပ်စွာဖြင့် ဘာသာရေးဆန်သော အသင်းအဖွဲ့များ စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုအသင်းအဖွဲ့များမှတစ်ဆင့် ပြည်သူတို့၏ မကျေနပ်ချက်များ၊ နစ်နာချက်များကို ထုတ်ဖော်ပြောဆို ရေးသားကာ အုပ်ချုပ်သူတို့ထံ တင်ပြ တောင်းဆိုခဲ့ကြသည်။

ထိုသို့ဖြင့် ပြည်သူတို့၏ နားမျက်စိများကို ဖွင့်ပေးနိုင်ခဲ့ကြသည်။ ထိုအသင်းအဖွဲ့များတွင် Y.M.B.A (Young Men's Buddhist Association) သည် အလွန်ထင်ရှားပြီး အရေးပါခဲ့ပါသည်။ Y.M.B.A အသင်းကြီးသည် လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ပထမဆုံး စတင်လှုပ်ရှားခဲ့သည့် အသင်းကြီးဖြစ်သဖြင့် "လွတ်လပ်ရေးအစ Y.M.B.A က"ဟုပင် ဆိုစမှတ်ပြုခဲ့ရပါသည်။ ထိုအသင်းကြီးကို ခေတ်ပညာတတ်လူငယ်သုံးဦးဖြစ်သော ဦးဘဘေ (B.A)၊ M.A မောင်ကြီးနှင့် ဒေါက်တာဘရင်တို့က ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျောင်းသားလူငယ် ၂၀ ဖြင့် ရန်ကုန်မြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တိုးတက်ကြီးပွားရေးကို အစွမ်းကုန် ဆောင်ရွက်ရန် ဖြစ်သည်။ ထိုအဖွဲ့ကြီးသည် အစပိုင်းတွင် ဘာသာရေးရာ ကိစ္စများကို အဓိကထား ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်သူတို့အသံများကို ဖွင့်ဟနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

အသင်းကြီး၏ တောင်းဆိုချက်များကို ဗြိတိသျှအစိုးရက လိုက်လျောပေးခဲ့ရသည်ကို တွေ့ရသည်။ ထင်ရှားသောအချက်မှာ ၁၉၁၇ ခုနှစ် ဇူလိုင်လ ၅ ရက် (ကြာသပတေးနေ့) နံနက် ၄ နာရီ ၄၅ မိနစ်က ပဲခူးမြို့တွင် ပြင်းထန်သော ငလျင်လှုပ်ခဲ့၍ ရွှေမော်ဓော စေတီတော်ကြီး၏ ငှက်ပျောဖူးကြီး တနင်္လာထောင့်ဘက်သို့ ပြိုကျခဲ့ရာ ဒုတိယဘုရင်ခံချုပ် ဆာရယ်ဂျီနယ် ကရက်ဒေါက်(Sir Reginald Cradock) လာရောက်စစ်ဆေးစဉ် ဘုရားပေါ်သို့ ဖိနပ်စီးတက်ရောက်ခဲ့ခြင်းအပေါ် ပဲခူးမြို့သူ မြို့သားများက Y.M.B.A အသင်းကြီးသို့ မကျေနပ်ကြောင်း တိုင်ကြားခဲ့သည်။ အသင်းကြီးက ၁၉၁၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော၌ သင်းလုံးကျွတ် အစည်းအဝေးလုပ်ပြီး ကရက်ဒေါက်၏ အပြုအမူကို ကန့်ကွက်ကြောင်းနှင့် နိုင်ငံခြားသားများ မြန်မာတို့ အထွတ်အမြတ်ထားရာ ဘုရားကျောင်းကန်များအတွင်း ဖိနပ်စီးခြင်းကို ကန့်ကွက်တောင်းဆိုခဲ့သည်။ ခြောက်လအကြာ ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ဗြိတိသျှအစိုးရက "လူမျိုးခြားနှင့်

*စာမျက်နှာ ၉ သို့*

**"ဝံသာနု ရက္ခိတ တရား (ဝံသာနုမှာ အမျိုးအနွယ်အား၊ ရက္ခိတသည် စောင့်ရှောက်ခြင်း) ဖြစ်၍ ယင်းသည် အမျိုးသားရေး စိတ်ဓာတ်များ နိုးကြား ရှင်သန်လာစေရန် အမျိုးသားအောင်ပွဲနေ့ လှုပ်ရှားမှုကြီးနှင့်အတူ အမျိုးသားကျောင်းများက ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ အမျိုးသား အောင်ပွဲနေ့သည် တစ်မျိုးသားလုံးအတွက် ကောင်းကျိုးများစွာ ဆောင်ခဲ့သော မမေ့အပ်သည့် အခါသမယ ဖြစ်ပါသည်"**



လွတ်လပ်ရေးရပြီးစခေတ် ပဲခူးမြို့အတွင်း အမျိုးသားအောင်ပွဲနေ့ လှည့်လည်သည့် မှတ်တမ်းဓာတ်ပုံ။

# ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၈ မှ*

ဘာသာခြားများ ဘုရားမြေ၊ ကျောင်းမြေများတွင် ဖိနပ်မစီးရ”ဟူသည့် အမိန့်ထုတ်ပြန်ပေးခဲ့ရသည်။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် Y.M.B.A အသင်းကြီး၏ ဦးဆောင်ကူညီမှုဖြင့် ၁၉၁၂ ခုနှစ်တွင် ပဲခူးမြို့ Y.M.B.A ကျောင်းကို မွေးဖွားသန့်စင်ပေးခဲ့သည်။

ပဲခူးမြို့သူမြို့သားတို့က ငွေအား လူအားဖြင့် အလယ်တန်းကျောင်းအဆင့်ဖြင့် စတင်တည်ထောင်ခဲ့ကြပြီး ၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားတန်းမြင့်ကျောင်းအဖြစ် တိုးချဲ့တည်ထောင်နိုင်ခဲ့ကြသည်။ ၁၉၆၅ ခုနှစ် တော်လှန်ရေးကောင်စီ လက်ထက်တွင်မူ ပြည်သူပိုင်အသိမ်းခံရကာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအဖြစ် ပြောင်းလဲခဲ့ပါသည်။ ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း၏ ခေတ်အဆက်ဆက် သမိုင်းတစ်လျှောက် ကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ကျေးဇူးရှင် ဆရာကြီး လေးဦးရှိရာ ဆရာကြီး ဦးသက်တင်၊ ဦးသာဒင်၊ ဦးသန်းနှင့် ဦးဘကြည်တို့ ဖြစ်ကြသည်။

ဆရာကြီး ဦးသက်တင်သည် ၁၉၂၀ ပြည့်နှစ် အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်လာသည်မှစ၍ မြန်မာစာနှင့် မြန်မာ့သမိုင်းဘာသာများကို စွမ်းစွမ်းတမံ သင်ကြားခဲ့သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့ရှိအမျိုးသားပညာရေးကောင်စီ Council of National Education က ခန့်အပ်စေလွှတ်လိုက်ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသဖြင့် ကျောင်းများ ပိတ်ထားရစဉ်မှာ ဆရာကြီး ဦးသာဒင်နှင့်အတူ ကျောင်းကို စောင့်ရှောက်ခဲ့သည်။ စစ်ကြီးအပြီး ၁၉၄၇ ခုနှစ် ကျောင်းကို ပြန်လည်ထူထောင်ရာ တပည့်များဖြစ်ကြသော ဦးသန်း၊ ဦးဘကြည်တို့နှင့်အတူ လက်တွဲ ဆောင်ရွက်ခဲ့သည်။ “မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် လွတ်လပ်ရေးရမည်” ဟု တွက်ချက်နိုင်ခဲ့သည့် ဗေဒင်ပညာရှင်လည်းဖြစ်ကြောင်း သိရပါသည်။

ဆရာကြီး ဦးသာဒင်သည် ၁၉၂၃ ခုနှစ် နိုဝင်ဘာလ ၅ ရက် တနင်္လာနေ့မှစပြီး ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၂၀ ပြည့်နှစ် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာမှုကြောင့် နိုင်ငံတစ်ဝန်း အမျိုးသားကျောင်းပေါင်း ၁၄၅ ကျောင်း ပေါ်ထွန်းလာခဲ့သော်လည်း အခက်အခဲ အမျိုးမျိုးကြောင့် ၁၉၂၃ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အမျိုးသားကျောင်း ၅၂ ကျောင်းသာ ကျန်တော့သည်။

ပဲခူးမြို့အမျိုးသားကျောင်းသည်လည်း အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားရင်း ယနေ့ထက်တိုင် ပညာအမွေပေးနိုင်နေသော ကျောင်းတော်ကြီး ဖြစ်သည်။ ဆရာကြီး ဦးသာဒင် ကျောင်းအုပ်အဖြစ် တာဝန်ယူစဉ်က ကျောင်းသား ၁၃၈ ဦး၊ ကျောင်းလက်ကျန် ရန်ပုံငွေ တစ်ဆယ်ကျပ်၊ အကြွေး ၈၀၀ ကျပ် ရှိနေခဲ့သည်ဟု သိရသည်။ ဆရာကြီး၏ စွမ်းဆောင်မှုကြောင့် ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ကျောင်းသား ၆၀၀ အထိ ဖြစ်လာခဲ့သည်။ ဆရာကြီး ဦးသာဒင်သည် နိုင်ငံတော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရကာ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရရှိခဲ့သူ ဖြစ်သည်။



ဦးသက်တင်



ဦးသာဒင်



ဦးသန်း



ဦးဘကြည်

ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း၏ ခေတ်အဆက်ဆက် ကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ကျေးဇူးရှင် ဆရာကြီး လေးဦး။

ဆရာကြီး ဦးသန်းသည် စစ်ကြီးကြောင့် ပိတ်ထားခဲ့ရသည့် ကျောင်းကို စောင့်ရှောက်ခဲ့ပြီး စစ်ကြီးအပြီး ၁၉၄၇ ခုနှစ် ဇွန်လ ၂ ရက် တနင်္လာနေ့တွင် အမျိုးသားတန်းမြင့်ကျောင်းအဖြစ် ပြန်လည်ထူထောင်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။ ပညာသင်ကြားမှု ပြတ်တောက်ခဲ့သဖြင့် အရည်အချင်းတူ ကျောင်းသားများကို အုပ်စုလိုက် စုစည်းသင်ကြားပေးရပါသည်။ ကျောင်းအုပ်တာဝန်အပြင် ဆရာ ဆရာမများကိုလည်း အရည်အချင်းတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများကို ထူးချွန်သူများဖြစ်အောင် တွန်းအားပေး သင်ကြားနိုင်ခဲ့သည်။ ကျေးဇူးရှင်ဆရာကြီး ဖြစ်သည်။ အငြိမ်းစားယူပြီးနောက် ပဲခူးတိုင်း ပညာရေးအရာရှိ (Officer in Special Duty–O.S.D)အဖြစ် ခန့်အပ်ခဲ့ရသည်။ ဆရာကြီး ဦးဘကြည်သည် သိပ္ပံတွဲ့ရဆရာကြီးဖြစ်ကာ ကျောင်းသားများကို သိပ္ပံပညာရပ်များဖြစ်သည့် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များကို သင်ကြားပေးခဲ့သည်။ စစ်ပြီးခေတ် အမျိုးသားတန်းမြင့်ကျောင်းသည် အစိုးရအထောက်အပံ့ မယူသော၊ Government Recognised Private School အစိုးရအသိအမှတ်ပြု အလွတ်ပညာသင်ကျောင်းအဖြစ်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

အထူးသဖြင့် အမျိုးသားတန်းမြင့်ကျောင်းဘဝကပင် ကျောင်းဆရာ၊ ဆရာမများသည် “တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါ၏” ဆိုသော စကားရပ်အတိုင်း မျိုးချစ်စိတ်နှင့် စေတနာကိုသာ အဓိကထား အလုပ်လုပ်ခဲ့ကြသည်။ စည်းကမ်းရှိခြင်း၊ စေတနာထားခြင်း၊ ဝါသနာနှင့် အနစ်နာခံခြင်း စသည့်စိတ်ဓာတ်အခြေခံကောင်းများကို ဆရာ ဆရာမများ၏ နှလုံးသားထဲ ကိန်းအောင်းနေအောင် ဆရာကြီးများက စွမ်းဆောင်ပေးခဲ့သည်။ ဆရာ၊ ဆရာမများ အဆက်ဆက်က ထိုသို့စောင့်ရှောက်ထိန်းသိမ်းခဲ့ကြခြင်း၊ လက်ဆင့်ကမ်း အမွေများ ပေးခဲ့ခြင်းတို့ကြောင့်၊ အမျိုးသားကျောင်း၊ အမျိုးသားတန်းမြင့်ကျောင်း၊ ထိုမှ အစိုးရအထက်တန်းကျောင်း အမှတ်(၃) ပဲခူးမြို့သည် နှစ်ပေါင်းတစ်ရာသက်တမ်းရှိလာသည့်တိုင် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့သည်။



အမျိုးသားကျောင်း ကျောင်းဆရာ၊ ဆရာမများ။

ကျောင်းအုပ်ကြီးများမှာလည်း ဆရာဦးမြင့်ဦး၊ ဦးဝင်းမောင်၊ ဦးကျင်သိန်း၊ ဒေါ်တင်နွယ်ဦး၊ ဒေါက်တာဇင်သက်ဦးနှင့် ယခုလက်ရှိ ဒေါ်နွယ်နီအောင် စသည့် ကျောင်းသားဟောင်း ဆရာ၊ ဆရာမကြီးများက ကျောင်းတော်ကြီး၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြသည်။

“ဆရာကောင်းတော့ တပည့်ကောင်း၊

တပည့်တွေကောင်းတော့ ဆရာလည်းကောင်း၊

ဆရာနဲ့ တပည့်တွေ ကောင်းတော့ ကျောင်းလည်းကောင်း၊

ကျောင်းတွေ ကောင်းတော့ နိုင်ငံကောင်း”ဟု ဆိုရပေမည်။

ကျောင်းမှ မွေးဖွားပေးလိုက်သည့် လူတော်လူကောင်းများ၊ ပညာရှင်များစွာတို့သည် နိုင်ငံ့အကျိုး၊ လူသားများကောင်းကျိုးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နေနိုင်သည်ကို တွေ့ရပါသည်။

ဝံသာနုရက္ခိတ တရား (ဝံသာနုမှာ အမျိုးအနွယ်အား၊ ရက္ခိတသည် စောင့်ရှောက်ခြင်း)ဖြစ်၍ ယင်းသည် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားရှင်သန်လာစေရန် အမျိုးသားအောင်ပွဲနေ့ လှုပ်ရှားမှုကြီးနှင့်အတူ အမျိုးသားကျောင်းများက ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ အမျိုးသားအောင်ပွဲနေ့သည် တစ်မျိုးသားလုံးအတွက် ကောင်းကျိုးများစွာ ဆောင်ခဲ့သော မမေ့အပ်သည့် အခါသမယဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့စနစ်ကြောင့် မြန်မာ့ဇာတိမာန်၊စာပေ၊ သမိုင်း၊ ယဉ်ကျေးမှု စသည်တို့ မေးမှိန်ပျောက်ကွယ်လုနီး ဖြစ်ခဲ့ပါသည်။ အမျိုးသားကျောင်းများ ပေါ်ပေါက်ဖြစ်ထွန်းလာခြင်းကြောင့် မြန်မာစာ၊ သမိုင်း၊ ယဉ်ကျေးမှုမှအစ ဘာသာ၊ သာသနာအထိ၊ ထွန်းလင်းတောက်ပခဲ့ရပါသည်။ ထို့ကြောင့် အမျိုးသားအောင်ပွဲနေ့ကို ဘယ်သောအခါမှ မမေ့သင့်ပါ။ အမျိုးသားအောင်ပွဲနေ့နှင့်အတူ ပေါ်ထွန်းလာသော အမျိုးသားကျောင်းများ၏ ဂုဏ်ကျေးဇူးကိုလည်း အစဉ်သတိရ ထိန်းသိမ်း နေရပေမည်။ အမျိုးသားကျောင်းများတွင် ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း (ပဲခူး အ.ထ.က ၃) သည်လည်း ဂုဏ်ယူဖွယ် သမိုင်းကြောင်းနှင့် ဆောင်ရွက်မှုများရှိနေခဲ့ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

“နယသာဂရ ပဋ္ဌာန်းဒေသနာ”တွင် “ဥပနိဿယပစ္စည်း” ဟူ၍ ပါရှိပါသည်။ ဥပ=အားကြီးသော၊ နိဿယ=မှီရာ၊ ပစ္စယ=အထောက်အပံ့ဟု အဓိပ္ပာယ်ရရာ ကြီးမားကျယ်ဝန်းစွာ အကျိုးပြုခြင်း the great cause ဟုလည်း ဆိုနိုင်ပါသည်။ သံသရာမှ လွတ်မြောက်အေးငြိမ်းသည်အထိ အကျိုးပြုနိုင်သည်။ ကြီးမားသည့် အထောက်အပံ့ဖြစ်သည်။ ယင်းတွင် ဥတုဘောဇနမှီ၊ ပုဂ္ဂလောပိ၊ သေနာသနမှီဥပနိဿယပစ္စယော ဟူ ၍ပါရှိရာ ဥတု၊ ဘောဇဉ်တို့ပြီးလျှင် ပုဂ္ဂိုလ်ခေါ် ကလျာဏမိတ္တဆိုသည့် မြတ်သောဆရာ၊ ဆရာမများ၊ မိတ်ဆွေများကြောင့် အကျိုးစီးပွားများစွာ ရစေနိုင်သလို သေနာသနခေါ် အမျိုးသားတန်းမြင့်ကျောင်းဆိုသည့် နေရာထိုင်ခင်းကလည်း များစွာအကျိုးပြုသည်ကို ဆင်ခြင်မိပါသည်။ ၂၀၂၀ ပြည့်နှစ် နှစ်ပေါင်းတစ်ရာပြည့်မည့် အမျိုးသားအောင်ပွဲနေ့ ရာပြည့်သဘင်နှင့်အတူ ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း အ.ထ.က(၃) ပဲခူး၏ ရာပြည့်ပွဲကိုလည်း ဂုဏ်ယူဝမ်းမြောက်စွာ မမေ့မလျော့ ဆင်နွှဲကြရပေတော့မည် ဖြစ်ပါသတည်း။

**ကျမ်းကိုး--အမျိုးသားကျောင်း မှတ်တမ်း (အမျိုးသားနေ့စိန်ရတုသဘင်)၊**
**အမှတ်(၃)အ.ထ.က ပဲခူး (ယခင်အမျိုးသားတန်းမြင့်ကျောင်း) ရာပြည့်မဂ္ဂဇင်း။**



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အဖ သမာဓိမြို့ဝန်ဦးဘိုးကြန်၊ အမိ ဒေါ်တင်မေတို့ဖြစ်ပြီး ၂၇-၃-၁၉၅၂ ခုနှစ် ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းတွင် မွေးဖွားပါသည်။ ပဲခူးမြို့ အ-ထ-က(၃) မှ ၁၉၇၀ ပြည့်နှစ်တွင် ဆယ်တန်းအောင်မြင်သည်။
- ၁၉၇၀ ပြည့်နှစ်တွင် မန္တလေး ဆေးတက္ကသိုလ်နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၂)တို့တွင် တက်ရောက်သင်ကြားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဆေးပညာဘွဲ့ M.B.B.S. ရရှိခဲ့သည်။
- ၁၉၈၂ ခုနှစ်မှစပြီး ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝန်ထမ်းလုပ်သက် နှစ် ၃၀ အပြီး အငြိမ်းစားယူခဲ့သည်။
- ၁၉၉၅ ခုနှစ်မှစပြီး စာရေးသားခဲ့သည်။ health for All,Eternal Light,Labour Digest,Health Digest, Happy Time, Skynet health channel ၊ သုတပဒေသာ၊ စာပေခရီးသွားနှင့် လူငယ်စာစဉ်များ၊ အတွေးအမြင်၊ Today Media စသည့်စာစဉ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် မြန်မာ့အလင်း၊ ကြေးမုံ၊ စံတော်ချိန်သတင်းစာများတွင် စာရေးသားလျက်ရှိသည်။ စာပေဗိမာန်စာမူဆု ကိုးဆုရရှိထားသည်။
- “ခြောက်ဆယ်အသက် ကျော်ကာတက်၊ ခုနစ်ခါလဲရင် ရှစ်ခါထပါ၊ ဆရာဝန် မဖြစ်ချင်ပါ၊ နှင်းဆီပွင့်ကဲ့သို့လည်း၊ ကိုယ်ကျင့်ကအပင်၊ အရိပ်ကသိက္ခာ”စသည့် လုံးချင်းစာအုပ် ၄၀ အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဇနီး ဒေါ်စုစုမွှေး၊ သားသမီးသုံးယောက်တို့နှင့်အတူ ညောင်လေးပင်မြို့တွင် နေထိုင်လျက်ရှိသည်။
- ယခုအခါ ရန်ကုန်မြို့ လမ်း၄၀၊ အမှတ် ၂၁၉ ရှိ “Health for All” မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုန်းဖေ စာမူဆုရွေးချယ်ရေးအဖွဲ့ဝင် စသည့်တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်မည့်အစီအစဉ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များကို ယမန်နေ့ ညနေပိုင်းက Video-conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တွေ့ရှိချက်အသစ်များ၊ နေရာဒေသအလိုက် ရောဂါကူးစက်ပြန့်ပွားမှု ပုံသဏ္ဌာန်၊ ကပ်ရောဂါဗေဒ တွေ့ရှိချက်များ အပါအဝင် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်အညီ လုပ်ငန်းလမ်းညွှန်များ၊ ရောဂါကာကွယ်ရေး စည်းကမ်းလမ်းညွှန်ချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို မွမ်းမံပြင်ဆင်ထုတ်ပြန်ခြင်းနှင့် နည်းဗျူဟာများ မွမ်းမံပြောင်းလဲဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများသည် နေ့မအား၊ ညမနားဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ၊ ကိုဗစ်-၁၉ လူနာကုသရေးလုပ်ငန်းများ၊ ကာကွယ်ထိန်းချုပ်ရေး ကွင်းဆင်းလုပ်ငန်းများနှင့် ကိုဗစ်-၁၉ မဟုတ်သောအခြား ရောဂါအမျိုးမျိုး ကာကွယ်ကုသခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စိတ်ရောကိုယ်ပါ ပင်ပန်းနေကြပြီ ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ကောင်းစွာထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများကို လိုက်နာမှုရာခိုင်နှုန်းများပြားရန် အရေးကြီးနေပြီး ယခုအချိန်တွင် စည်းကမ်းလိုက်နာမှုရာခိုင်နှုန်းသည် လိုအပ်သည့်ပမာဏမရှိသေးပါကြောင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနှင့် အများပြည်သူဆိုင်ရာနေရာများတွင် ကိုဗစ်-၁၉ စည်းကမ်းများကို ပြည်သူများ တိကျစွာ လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် သင့်တော်သည့် အရေးယူမှုပြုလုပ်ခြင်းများကို လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ပြည်သူများ၏ လူမှုစီးပွားရေး အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားကာ ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဖြေလျှော့မှုများ ပေးပြီးနောက် လုပ်ငန်းများ လုပ်ဆောင်ရာတွင် လည်းကောင်း၊ လူမှုစီးပွားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန်မှာ မဖြစ်မနေအရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းများကို ပြည်သူများအကြား လိုက်နာမှုအားကောင်းစေရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်းကျပ်စွာ ဆောင်ရွက်ပေးပါရန် ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအကြားတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြသသူများရှိနေနိုင်ပြီး ၎င်းတို့မှတစ်ဆင့် ရောဂါထပ်ဆင့်ပြန့်ပွားကူးစက်နိုင်သည် ဆိုသည့်အချက်ကို ပြည်သူတစ်ဦးချင်းသိရှိပြီး လိုက်နာဆောင်ရွက်ကြစေရန် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်" မှတစ်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ ယခုအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများအား လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် အသိပညာပေးစည်းရုံးခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် သင့်တော်သည့် အရေးယူမှုပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ခြင်းမပြုပါက ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကာ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် ဘက်စုံကဏ္ဍများတွင် အနုတ်လက္ခဏာဆောင်သော အကျိုးဆက်များ ဖြစ်ပွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးမြို့တော်ရှိရာ နေရာဖြစ်ခြင်း၊ စက်ရုံနှင့် အလုပ်ရုံများ များပြားခြင်း၊ အလုပ်အကိုင်နှင့် လူမှုစီးပွားရေး အခြေအနေအမျိုးမျိုးရှိသောသူများ နေထိုင်ကြခြင်း၊ လူဦးရေထူထပ်များပြားခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလေဆိပ်ရှိခြင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များစွာရှိခြင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် ဝင်ထွက်ပေါက်များစွာ ချိတ်ဆက်မှုရှိကာ ကူးလူးသွားလာမှုများပြားခြင်းစသည့် ကွဲပြားခြားနားပြီး




ထူးခြားသည့် အခြေအနေများရှိခြင်းကြောင့် အခြားတိုင်းဒေသကြီး / ပြည်နယ်များတွင် ကျင့်သုံးနေသော နည်းလမ်းများအတိုင်း ဆောင်ရွက်ရန်မဖြစ်နိုင်ဘဲ ရန်ကုန်တိုင်းဒေသကြီးနှင့် သင့်တော်သောနည်းလမ်းများဖြင့် ကိုဗစ်-၁၉ စည်းကမ်းလိုက်နာမှုရှိစေရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါကြောင်း။

ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်သဖြင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆုံးဖြတ်ချက်များကို လျင်မြန်စွာ ဆုံးဖြတ်ဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ တစ်နာရီ၊ တစ်ရက်နောက်ကျလျှင်နောက်ကျသလို ရောဂါဖြစ်ပွားကူးစက်မှု ပိုမိုဖြစ်ပွားစေနိုင်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့်လည်း ယခုကဲ့သို့ ကပ်ရောဂါဖြစ်စဉ်များတွင် လိုက်နာဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (International Health Regulations 2005) ကို ထုတ်ပြန်ထားကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းလမ်းညွှန်ချက်များ မည်မျှပင်ကောင်းမွန်စေကာမူ လိုက်နာမှုမရှိပါက အချည်းနှီးပင်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ တိုင်ပင်ဆွေးနွေးကာ ရန်ကုန်တိုင်းဒေသကြီး၏ လက်ရှိအခြေအနေအရပ်ရပ်နှင့် ကိုက်ညီသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများချမှတ်ကာ ပြည်သူများလိုက်နာစေရေးအတွက် အမြန်ဆုံးစတင်နိုင်ရန်အတွက် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးပိုင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ ပင်ပန်းနွမ်းနယ်နေသည်ကို တွေ့ရှိသိမြင်နေရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးအတွက် အရေးကြီးသော တိုင်းဒေသကြီး ဖြစ်ကာ အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ စီးပွားရေး လုပ်ငန်းများမှ မှီတည်နေသည့် စီးပွားရေးလုပ်ငန်းများစွာ ရှိနေပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် အခက်အခဲများ ရင်ဆိုင်နေကြရခြင်း၊ ပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုများရှိနေခြင်းနှင့် ပြည်သူများအကြား စိတ်မွန်းကျပ်မှုများ ရှိနေခြင်းများ ဖြစ်ပေါ်လျက်ရှိနေပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်သူများအကြား လူမှုစီးပွားပြဿနာများ မဖြစ်ပွားစေရေးတို့ကို ချိန်ဆဆောင်ရွက်နေပါကြောင်း။

လက်ရှိတွင် မိမိတို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လူစုလူဝေးမဖြစ်ပွားစေရန် ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လမ်းဘေးတွင် ထိုင်ခုံများချ၍ အစားအသောက်ရောင်းချခြင်းနှင့် စားသောက်ခြင်းတို့ကို ပိတ်ပင်တားမြစ်လျက်ရှိပါကြောင်း၊ ရပ်ရွာလူထုမှ အပေါင်းလက္ခဏာနှင့် အပြုသဘောဆန်သည့် စောင့်ကြည့်ကူညီသည့် ပုံစံဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားသည့် လူနာများနှင့် မိသားစုများကို ပံ့ပိုးကူညီသည့် ပုံစံဖြစ်လာစေရန် အသိပေးစည်းရုံးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်တင်ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ စက်ရုံ၊ အလုပ်ရုံမှ ဝန်ထမ်းများ အားလုံးကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ စစ်ဆေးခြင်းမှတ်တမ်းနှင့် ကျန်းမာရေးအခြေအနေ မှတ်တမ်းများကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်ပြီး QR Code ဖြင့် စစ်ဆေးနိုင်ရန် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ လူနာနှင့်ထိတွေ့ခဲ့သူများ၊ ကိုဗစ်-၁၉ လူနာ တစ်ဦးချင်းစီ၏ နေအိမ်အဆင့်အခြေအနေ၊ လူမှုစီးပွားရေးနှင့် အသိပညာအဆင့်အခြေအနေ၊ ရောဂါပြင်းထန်မှု အခြေအနေအပေါ်မူတည်၍ နေအိမ်၊ လူထုအခြေပြုအသွားအလာကန့်သတ်ရာနေရာများ၊ ဟိုတယ်၊ ဆေးရုံ/ ကုသရေးဌာနများ စသည်ဖြင့် သင့်လျော်သည့်နေရာတွင် ထားရှိပြုစုကုသနိုင်ရေး ဆွေးနွေးနေပါကြောင်း၊ ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ “ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအထူးစီမံချက်” အား ကနဦး (pilot) ဆောင်ရွက်ရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပါဝင်ဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်းထားပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဆေးရုံ၊ ဆေးခန်းများနှင့်လည်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် လူနာကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ထားရှိပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများလိုက်နာစေရေးအတွက် အသိပညာပေးခြင်း၊ ပြည်သူများအချင်းချင်း၊ အသင်းအဖွဲ့အချင်းချင်း အပြန်အလှန်ကြီးကြပ်စေခြင်းနှင့် ဌာနဆိုင်ရာများမှ ကြီးကြပ်ခြင်းလုပ်ငန်းများကို ပံ့ပိုးပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ “ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး အထူးစီမံချက်” ကို အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများလည်း လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး (ICT) နည်းပညာကိုအသုံးချကာ လူ့စွမ်းအားအရင်းအမြစ်များ ချွေတာအသုံးပြုနိုင်ရေး အကြံပြုချက်များတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးစီမံချက် ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ နီးနွယ်ဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် “ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထူးစီမံချက်” အား ပြည်သူအခြေပြုပုံစံဖြင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးဝန်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး၊ ကုသလုပ်ငန်းများတွင် တာဝန်ခွဲဝေပေးအပ်ကာ ပါဝင်ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်က ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအလိုက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေပြုမြေပုံများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ စီမံချက်ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာ နေရာဒေသအနေအထားများအလိုက် ရောဂါကူးစက်မှု အခြေအနေများကို စောင့်ကြည့်အကဲဖြတ်ရေးအတွက် ကူးစက်ဖြစ်ပွားမှု အခြေပြုမြေပုံများရေးဆွဲရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြုစုထားသော ရပ်ကွက်၊ ကျေးရွာ အခြေပြုမြေပုံများ ရှိပါကြောင်း၊ ယခုလက်ရှိတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ ပုံမှန်အစည်းအဝေးများ ပြုလုပ်နေသကဲ့သို့ “ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး အထူးစီမံချက်” ဆောင်ရွက်ချိန်တွင်လည်း ပုံမှန်အစည်းအဝေးများ ပြုလုပ်ကာ ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ ကောင်းမွန်စွာ ထိန်းချုပ်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ဝန်ထုပ်ဝန်ပိုးလျော့စေရေး၊ ပြည်သူများ လူမှုစီးပွားထိခိုက်မှုမရှိစေရေးတို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် မိမိအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်နှင့် ပတ်သက်၍ မြို့နယ်တစ်ခုလုံးအနေအထားဖြင့် ဆောင်ရွက်ခြင်းမှ ရောဂါဖြစ်ပွားပျံ့နှံ့မှုပုံသဏ္ဌာန်နှင့် နေ့အလိုက် ပြောင်းလဲမှုပုံသဏ္ဌာန်၊ လတ်တလော ဖြစ်ပွားသူအရေအတွက်နှင့် နေရာအလိုက် အစုလိုက်ဖြစ်ပွားမှု၊ လူအများ ရွှေ့ပြောင်းသွားလာမှုပမာဏနှင့် အရှိန်အဟုန်၊ ရပ်ကွက်၊ ကျေးရွာ၊ လမ်းများ၏ တည်နေရာ၊ လူဦးရေထူထပ်မှု စသည့်အချက်များအပေါ် မူတည်၍ ရပ်ကွက်၊ ကျေးရွာ၊ လမ်း အလိုက်သာ မိမိအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲတို့ အသေးစိတ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ လူမှုစီးပွားလုပ်ငန်းများဆောင်ရွက်ရာ၌ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရန်အား ကြီးကြပ်ဆောင်ရွက်ပေးပါရန်၊ ဈေးဝယ်သူများ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျမတပ်ဆင်ဘဲ ဈေးအတွင်း ဝင်ရောက်ခွင့်မပြုရန်၊ ဈေးရောင်းချသူများတွင် ပါးစပ်နှင့်နှာခေါင်းစည်းနှင့် မျက်နှာအကာ တပ်ဆင်ခြင်းမရှိက ရောင်းချခွင့်မပြုရန်၊ အများပြည်သူဆိုင်သော နေရာများတွင် ပါးစပ်နှင့်နှာခေါင်းစည်း (mask) တပ်ဆင်ခြင်းမပြုဘဲ သွားလာမှုမရှိစေရန်၊ အများပြည်သူသုံး ဘတ်စ်ကားများတွင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) တပ်ဆင်ခြင်းမပြုဘဲ စီးနင်းခွင့်မပြုရန်နှင့် စီးနင်းနေစဉ် လမ်းခရီးတွင် ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကိုချွတ်ခြင်း (သို့မဟုတ်) မေးသိုင်းခြင်းများ ပြုလုပ်ပါက ဆက်လက် စီးနင်းခွင့်မပြုရန်၊ ဘတ်စ်ကားမောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာမဖြစ်မနေတပ်ဆင်ရန်၊ စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများ တိကျစွာ လိုက်နာရေး ဆောင်ရွက်ရန်တို့ကို ဝိုင်းဝန်းပံ့ပိုးကြီးကြပ်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ကိုဗစ်-၁၉ လူနာတစ်ဦးချင်းအား ကုသမှုလုပ်ငန်းဆောင်ရွက်ရာတွင် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များသည် အစွမ်းကုန်ဆောင်ရွက်ရသည်ဖြစ်ရာ ပင်ပန်းနေကြပြီဖြစ်ပါကြောင်း၊ လူနာအသစ်ဖြစ်ပွားမှုကျဆင်းစေရန်အတွက် ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရေး ပြည်သူ့ကျန်းမာရေးပညာရှင်များအားထည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဖြစ်ပွားနေသည့် ကိုဗစ် - ၁၉ ကူးစက်မှု ဒုတိယလှိုင်းကြာမြင့်မည့် အချိန်ကာလသည်

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး





**နေပြည်တော် ဒီဇင်ဘာ ၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့အား နေပြည်တော်ရှိဝန်ကြီးဌာန၊ နီလာခန်းမမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကိုဗစ်-၁၉ အလွန် New Normal ကာလတွင် ခရီးသွားလုပ်ငန်းများ ဘေးကင်းစွာပြန်လည်စတင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Health and Safety Protocol (SOP) နှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် COVID-19 Safe Service Master Trainer ဆရာဖြစ်သင်တန်းနှင့် စစ်ဆေးရေးမှူးသင်တန်းများ၊ ဝန်ကြီးဌာနက cash for Training အစီအစဉ်ဖြင့် ဖွင့်လှစ်ပေးနေကြောင်း၊ ပြည်သူများ၏လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် Nature-based Tourism, Cultural Tourism, Sport Tourism၊ Agriculture and Farming Tourism၊ River and Railway Tourism၊ MICE Tourism နှင့် Caravan and Nautical Tourism များ ရှင်သန်ရေး အားလုံးပိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီမှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် UMTA ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရေးအတွက် Action Plan နှင့် Road Map များ ချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Agricultural Farming Tourism ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များ ငွေဆောင်၊ ချောင်းသာဒေသများသို့ သွားလာလည်ပတ်နိုင်ရေးအတွက် Pilot Project တင်ပြဆောင်ရွက်နေမှု၊ River Cruise Tourism အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ဈေးငွေ့ရရှိရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ Caravan Tour ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ Myanmar International Travel Expo 2021 (Virtual Show) ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးတင်လတ်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် Enchanting Myanmar Health and Safety Protocol နှင့်အညီ ဝန်ဆောင်မှုများပေးရန်လိုအပ်ကြောင်း၊ Safe Tourism Service များ ပေးနိုင်သည်ကို ပြသနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ Health and Safety Protocol များအတိုင်း လိုက်နာဆောင်ရွက်၍ လုံခြုံစိတ်ချစွာခရီးသွားလာနိုင်မည့် ခရီးစဉ်ဒေသများ ဖြစ်သည်ကို သက်သေပြရန် လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ Myanmar International Travel Expo 2021 (Virtual Show) ကျင်းပရန်အတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Adventure Sport Tourism ဆောင်ရွက်ရာတွင် လက်မှတ်ရ ကျွမ်းကျင်နည်းပြဆရာများနှင့် စနစ်တကျ စီစဉ်ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းခရီးသွားများအတွက်ပါ ထည့်သွင်းဆောင်ရွက်ရန် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကုသရေးစင်တာ(ဖောင်ကြီး)သို့ အလှူရှင်များက အလှူငွေနှင့် စည်သွတ်ဘူးမျိုးစုံ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသရေးစင်တာ (ဖောင်ကြီး) ၌ ဆောင်ရွက်နေသော ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေနှင့် စည်သွတ်ဘူးမျိုးစုံတို့ကို ယနေ့နံနက်ပိုင်းတွင် အလှူရှင်များက လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် ပါရမီ ဖြည့်ဖက်ညီအစ်မများ (နေပြည်တော်) ကိုယ်စား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၏ဇနီး ဒေါက်တာပြုံးမိုအိ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ဇနီး ဒေါက်တာခင်သီတာ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ ဇနီး ဒေါ်ကျင်သန်းတို့က ငွေကျပ် ၂၁ သိန်း၊ ရွှေဟသ်ာရိပ်မွန် ကုမ္ပဏီလီမိတက်က ငွေကျပ် ခုနစ်သိန်းတန် ဖိုးရှိ အဖွားလက်ရာ စည်သွတ်ဘူးမျိုးစုံ ၄၈၀ နှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမျိုးဇော်ထွန်း မိသားစုက Save Our Heroes T-Shirt အထည် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ထို့နောက် အလှူရှင်များကိုယ်စား ပါရမီဖြည့်ဖက်ညီအစ်မများ (နေပြည်တော်) မှ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၏ဇနီး ဒေါက်တာပြုံးမိုအိက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ကုသရေးစင်တာ (ဖောင်ကြီး) မှ ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ထက်လျှံ**

*စာမျက်နှာ ၁၀ မှ*

ပြည်သူများ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ဆိုသည့်အချက်နှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိပါကြောင်း၊ ပြည်သူများက တာဝန်သိစွာဖြင့် စည်းကမ်းလိုက်နာဆောင်ရွက်မှသာ ထိခိုက်ဆုံးရှုံးမှုလျော့ပါးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် စောင့်ကြည့်အကဲဖြတ်မှုစာရင်းပုံစံများဖြင့် စောင့်ကြည့်အကဲဖြတ်မှုနှင့် ဆန်းစစ်မှုများကို ဆောင်ရွက်သည့်ကိစ္စရပ်များ၌လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပါဝင်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားစဉ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ပံ့ပိုးမှုများကြောင့် ကိုဗစ်-၁၉ ကို ယခုလက်ရှိအခြေအနေအတိုင်း အတာအထိ ထိန်းချုပ်ထားနိုင်သည်ကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ရန် နှင့် ဆောင်ရွက်မှုအခြေအနေကိုသာ ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရန်လိုပါကြောင်း၊ ယခု ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလ၌ မူဝါဒပိုင်းဆိုင်ရာ၊ မဟာဗျူဟာပိုင်းဆိုင်ရာကိစ္စရပ်များကိုသာ ဝန်ကြီးဌာနသို့ ဆက်သွယ်ပြောကြားခွင့်ပြုချက်တောင်းခံရန်နှင့်လိုအပ်ပါက မိမိတို့က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

နောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၇ နာရီခန့် တွင် မူဆယ် - မန္တလေးသွား ကားလမ်း နောင်ချိုမြို့ အိုရီယမ်တယ် တိုးဂိတ်တွင် သီပေါမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ မျိုးသူကျော်(ခ)မျိုးသူ မောင်းနှင်လာသည့် Toyota Dyna အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၄ သန်း သိမ်းဆည်းရမိခဲ့သဖြင့် မျိုးသူကျော် (ခ) မျိုးသူကို အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အိုင်းယက်စ်အသင်းနှင့် အတ္တလန္တာအသင်းတို့ ပထမအကျော့တွင် တွေ့ဆုံခဲ့စဉ်က တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။ ယနေ့ပွဲစဉ်တွင် သရေကျခဲ့ပါက အတ္တလန္တာအသင်းက ရမှတ် ကိုးမှတ်ဖြင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အိုင်းယက်စ်အသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိမှသာလျှင် လီဗာပူးအသင်းနှင့်အတူ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ အတ္တလန္တာအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် နိုင်ပွဲရယူထားနိုင်ခြင်း မရှိဘဲ ဗီရိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားကာ မစ်ဂျေးလန်းအသင်းကိုလည်း တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ ထိုနည်းတူ အိုင်းယက်စ်အသင်းကလည်း နောက်ဆုံး နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသလို တွမ်တီးအသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

အခြားသော စိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် ချန်ပီယံလိဂ် အုပ်စု (B)မှ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် မိုချန်ဂလာဘတ်အသင်း၊ အင်တာမီလန်အသင်းနှင့် ရှက်တာဒိုးနက်အသင်းတို့ ဆုံတွေ့နေခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်များကို ကြာသပတေးနေ့ နံနက် ၂ နာရီခွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါအုပ်စု၏ အမှတ်ပေးဇယားကို မိုချန်ဂလာဘတ်အသင်းက ရမှတ် ရှစ်မှတ်ဖြင့် ဦးဆောင်ထားပြီး ရှက်တာဒိုးနက်နှင့် ရီးရဲမက်ဒရစ် အသင်းတို့က ရမှတ်ခုနစ်မှတ်စီဖြင့် ဒုတိယနေရာနှင့် တတိယနေရာတို့တွင် ရပ်တည်နေကာ အင်တာမီလန်အသင်းက ရမှတ် ငါးမှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခု မိုချန်ဂလာဘတ်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိလျှင် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း မိုချန်ဂလာဘတ်အသင်းက သရေတစ်မှတ်ရရုံဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် မိုချန်ဂလာဘတ်အသင်းတို့ ပထမအကျော့ မိုချန်ဂလာဘတ်အိမ်ကွင်းတွင်တွေ့ဆုံစဉ်က တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် နောက်ဆုံးသုံးပွဲတွင် ဆီဗီလာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး အလာဗက်စ်နှင့် ရှက်တာဒိုးနက်အသင်းတို့ကို ရှုံးနိမ့်ထားသည်။ လာလီဂါအမှတ်ပေးဇယားတွင်လည်း ၁၁ ပွဲကစားပြီး ရမှတ် ၂၀ ဖြင့် အဆင့် (၄)နေရာတွင် ရပ်တည်နေသည်။ မိုချန်ဂလာဘတ်အသင်းက နောက်ဆုံးသုံးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားသည်ကို တွေ့ရသည်။ ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားတွင် ၁၀ ပွဲကစားပြီး ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်း၏ ယနေ့ပွဲစဉ်တွင် ဟာဇက်နှင့် ကာဗာဂျယ်တို့ ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။

အင်တာမီလန်အသင်းနှင့် ရှက်တာဒိုးနက်အသင်းတို့ ပွဲစဉ်တွင်လည်း နောက်တစ်ဆင့်တက်ရောက်ရန် အရေးကြီးသည့်ပွဲစဉ် တစ်ပွဲဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် မိုချန်ဂလာဘတ်အသင်းတို့ပွဲစဉ်တွင် မိုချန်ဂလာဘတ်အသင်း အနိုင်ရရှိပြီး အင်တာမီလန်အသင်းနှင့် ရှက်တာဒိုးနက်အသင်းတို့ပွဲစဉ်တွင် ရှက်တာဒိုးနက်အသင်း အနိုင်ရရှိခဲ့ပါက ရှက်တာဒိုးနက်အသင်း နောက်တစ်ဆင့် တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အသင်း နောက်တစ်ဆင့် တက်လှမ်းသွားမလဲ ကြာသပတေးနေ့ နံနက် ၂ နာရီခွဲပွဲစဉ်က အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ကမ္ဘာ့စီးပွားရေးဖိုရမ်ကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်

**စင်ကာပူ ဒီဇင်ဘာ ၈**

လာမည့်နှစ်အတွင်း ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို စင်ကာပူနိုင်ငံ၌ မေလအတွင်း ကျင်းပရန် ပွဲစီစဉ်သူများက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အဆိုပါဖိုရမ်ကို ပုံမှန်အားဖြင့် နှစ်စဉ် ဇန်နဝါရီလအတွင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်ရှိ နှင်းလျှောစီး အပန်းဖြေစခန်းတွင် ကျင်းပလေ့ရှိပြီး ယခုတစ်ကြိမ်တွင်မူ ကိုဗစ် -၁၉ ကူးစက်အန္တရာယ်ကြောင့် ယခုလို ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မေ ၁၃ ရက်မှ ၁၆ ရက်အထိ အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို စင်ကာပူနိုင်ငံတွင် ပြုလုပ်မည်ဟု ဒီဇင်ဘာ ၇ ရက် ကြေညာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အတွက် ပွဲကျင်းပမည့်နိုင်ငံအဖြစ် ရွေးချယ်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပွဲစီစဉ်သူများသည် ကနဦးက ၂၀၂၁ ခုနှစ်အတွက် ဖိုရမ်ကို မေလအတွင်း ဆွစ်ဇာလန်နိုင်ငံရှိ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့ကျင်းပရန် စဉ်းစားခဲ့ကြသည်။ သို့သော်လည်း မေလအတွင်း အိမ်ရှင်အဖြစ် ကျင်းပပေးမည့်မြို့မှ ဒေသခံများနှင့် ပွဲတက်ရောက်လာမည့် သူများ၏ ကျန်းမာရေးကို စိုးရိမ်ရသောကြောင့် အခက်အခဲရှိလိမ့်မည်ဟု ပြောကြားသည်။

ပါရီ လေကြောင်းလုပ်ငန်းပြသပွဲကိုလည်း ဇွန်လသို့ ရွှေ့ပြောင်းလိုက်ကြောင်း ပြင်သစ်ပွဲစီစဉ်သူများက ဒီဇင်ဘာ ၇ ရက်တွင် ကြေညာသည်။

ကိုဗစ် -၁၉ ကာကွယ်ဆေး ဖြန့်ဝေမှုအတွက် အချိန်ယူရဦးမည် ဖြစ်သဖြင့် ရွှေ့ပြောင်းလိုက်ရခြင်း ဖြစ်သည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**




ဆွစ်ဇာလန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်။

## နိုင်ငံတကာ အိုလံပစ်ကော်မတီက ဘီလာရုစ်သမ္မတကိုအိုလံပစ်အားကစားပြိုင်ပွဲဆိုင်ရာ လှုပ်ရှားမှုအားလုံးမှ ထုတ်ပယ်



ဘီလာရုစ် သမ္မတ အလက်ဇန်းဒါးလူကာရှန်ကို

**မင့်စ် ဒီဇင်ဘာ ၈**

အားကစားသမားများအား နိုင်ငံရေးဆိုင်ရာ ဖိနှိပ်ဆက်ဆံမှုများ ပြုလုပ်ခဲ့သည်ဟုဆိုကာ နိုင်ငံတကာအိုလံပစ်ကော်မတီက ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုကို အိုလံပစ်အားကစားပွဲဆိုင်ရာ လှုပ်ရှားမှုအားလုံးမှ ထုတ်ပယ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဖမ်းဆီးထိန်းသိမ်းခံရ**

ဘီလာရုစ်၌ သမ္မတ လူကာရှန်ကိုနုတ်ထွက်ရေး ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည့် အားကစားပြိုင်ပွဲဝင်များ ဖမ်းဆီးထိန်းသိမ်းခံရပြီး အားကစားလေ့ကျင့်သည့်နေရာများသို့ သွားရောက်ခွင့် ပိတ်ပင်ခံခဲ့ရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဘီလာရုစ်နိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီအပေါ် ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် နိုင်ငံတကာအိုလံပစ်ကော်မတီ အမှုဆောင်ဘုတ်အဖွဲ့က ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်သည့် အစည်းအဝေး၌ ဆုံးဖြတ် ခဲ့သည်။

**ထုတ်ပယ်ရန် ဆုံးဖြတ်**

ဘီလာရုစ် အမျိုးသား အိုလံပစ်ကော်မတီ အကြီးအကဲဖြစ်သည့် သမ္မတ လူကာရှန်ကိုနှင့်အခြားအမှုဆောင်အဖွဲ့ဝင်နှစ်ဦးကို အိုလံပစ်အားကစား ပြိုင်ပွဲများနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီဆိုင်ရာ အခမ်းအနားပွဲများပါဝင်သည့် လှုပ်ရှားမှုများအားလုံးမှ ထုတ်ပယ်ရန် ဘုတ်အဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အာဖရိက၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၂၆ သန်း ကျော်ပြီ

**အာဒစ္စဘာဘာ ဒီဇင်ဘာ ၈**

အာဖရိကတိုက်ရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် ၂ဒသမ ၂၆ သန်း ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

အာဖရိကဒေသ တစ်ခုလုံးရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် စုစုပေါင်းမှာ ယခုအခါ ၂၂၆၁၅၉၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနက ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုခဲ့သည်။

အာဖရိကဒေသတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးသည့် လူနာအရေအတွက်သည် ဒီဇင်ဘာ ၇ ရက် ညနေပိုင်းတွင် ၅၃၈၅၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ဖော်ပြ သည်။

ရောဂါကူးစက်ခံရပြီးနောက် ပြန်ကောင်းလာသူ အရေအတွက် စုစုပေါင်း ၁၉၂၇၆၉၇ ဦး ရှိကြောင်း သိရသည်။ ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးခံစားရသည့် အာဖရိကနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ အီဂျစ်နှင့် အီသီယိုပီးယားနိုင်ငံများဖြစ်ကြောင်း စီဒီစီမှ ဖော်ပြသည့် ကိန်းဂဏန်းများအရ သိရသည်။ အာဖရိကဒေသတွင် ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးနိုင်ငံမှာ တောင်အာဖရိကနိုင်ငံဖြစ်ပြီး သေဆုံးသူ အရေအတွက်အားဖြင့်လည်း အများဆုံးဖြစ်သည်။ အာဖရိက မြောက်ပိုင်းဒေသသည် ဒုတိယမြောက် ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဒေသဖြစ်လျက်ရှိကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# ကလေးများအတွက် စာသင်ကျောင်းများ ပြန်ဖွင့်ပေးရန် ယူနီဆက်ဖ်က အစိုးရများသို့ တိုက်တွန်း

**ဂျီနီဗာ ဒီဇင်ဘာ ၈**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရသည့် အကြောင်းရင်းမှာ စာသင်ကျောင်းများကြောင့် မဟုတ်ကြောင်း ထင်ရှားသော်လည်း ကလေးငယ်အမြောက်အမြားတို့မှာ စာသင်ကျောင်းများ ပိတ်ထားသည့် အခြေအနေကို ရင်ဆိုင်ရလျက်ရှိရာ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ကြရန် ကုလသမဂ္ဂ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က နိုင်ငံတကာမှ အစိုးရများသို့ တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ တစ်ကမ္ဘာလုံးရှိ စာသင်သားကလေးငယ် ငါးဦးလျှင် တစ်ဦးနှုန်း သို့မဟုတ် ကျောင်းသားကလေးငယ် သန်း ၃၂၀ အထိ စာသင်ကျောင်းများသို့ တက်ရောက်နိုင်ခြင်း မရှိကြောင်း၊ စာသင်ကျောင်းများသို့ သွားရောက်နိုင်ခြင်းမရှိသည့် ကလေးငယ်အရေအတွက်သည် တစ်လအတွင်း သန်း ၉၀ အထိ တိုးလာကြောင်း ယူနီဆက်ဖ်အဖွဲ့က ပြောသည်။



ကိုဗစ်–၁၉ ကြောင့် ပိတ်ထားရသည့် ကျောင်းတစ်ကျောင်းတွင် လူသူကင်းမဲ့နေသည့် စာသင်ခန်းကိုတွေ့ရစဉ်။

မကြာသေးမီက တစ်ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုအရ လူထုအတွင်း ကိုဗစ်–၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုနှုန်းသည် စာသင်ကျောင်းများနှင့် ဆက်နွှယ်မှုမရှိကြောင်း နိုင်ငံပေါင်း ၁၉၁ နိုင်ငံမှ ရရှိသည့်အချက်အလက်များက ဖော်ပြနေကြောင်း၊ စာသင်ကျောင်းများကြောင့် ရောဂါကူးစက်မှုနှုန်း တိုးလာသည်ဆိုသော အထောက်အထားများမှာ လွန်စွာနည်းပါးကြောင်း ယူနီဆက်ဖ်အဖွဲ့က ထောက်ပြသည်။

**တိုက်တွန်း**

မလိုအပ်ဘဲ ပိတ်ထားရသည့် စာသင်ကျောင်းပေါင်းမြောက်မြားစွာ ရှိနေသည်ဖြစ်ရာ အစိုးရများအနေဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စာသင်ကျောင်းများတွင် ဘေးကင်းစေရေး တတ်နိုင်သမျှ အစီအမံများ ချမှတ်ဆောင်ရွက်ရေး အလေးပေးကြရန် ယူနီဆက်ဖ်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စောစီးစွာ အငြိမ်းစားယူရန် မစ်ဆူဘီရှီ ကုမ္ပဏီမှ ဝန်ထမ်းများ သဘောတူ

**တိုကျို ဒီဇင်ဘာ ၈**

မစ်ဆူဘီရှီကုမ္ပဏီမှ ရာနှင့်ချီသည့်ဝန်ထမ်းများသည် စောစီးစွာ အငြိမ်းစားယူရန် သဘောတူကြသည်ဟု ကုမ္ပဏီဘက်က ပြောသည်။

**ကမ်းလှမ်းခဲ့**

ကိုဗစ် –၁၉ကြောင့် လုပ်ငန်းများ ကျဆင်းပြီးနောက် ယခုလိုဖြစ်ပေါ်လာခြင်းဖြစ်သည်။ အသက် ၄၅နှစ်နှင့် အထက် ဝန်ထမ်းများကို နိုဝင်ဘာလလယ်မှစတင်ကာ မိမိသဘောဆန္ဒအလျောက် အငြိမ်းစားယူကြရန် မော်တော်ကားကုမ္ပဏီမှ ကမ်းလှမ်းခဲ့သည်။

ယခုအခါ အငြိမ်းစားယူရန် လျှောက်ထားသူ ၆၅၀ အထိ ရှိလာကြောင်း မူလက ၅၅၀ နီးပါးသာ အငြိမ်းစားယူမည်ဟု မျှော်လင့်ခဲ့သော်လည်း ယခုအခါ ယင်းပမာဏထက်ပင် ကျော်လွန်နေသည်။

အငြိမ်းစားယူသွားသော ဝန်ထမ်းများကို အငြိမ်းစားယူသည့် အပိုဆုကြေးငွေပါ ထည့်သွင်းပေးမည်ဖြစ်သည်။ ဒေါ်လာ သန်း ၇၀ အထိ ကုန်ကျမည်ဟုလည်း ခန့်မှန်းထားသည်။

**ခန့်မှန်းထား**

လာမည့် မတ်လအထိ ကုမ္ပဏီဘက်မှ ဆုံးရှုံးငွေ ၃ ဒသမ ၅ ဘီလီယံအထိ ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။

ကိုဗစ် –၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့်လည်း ကုမ္ပဏီ၏ ဝင်ငွေကို ထိခိုက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရန် အဓိကအဖွဲ့ဝင်များကို ကြေညာ

ဝါရှင်တန် ဒီဇင်ဘာ ၈

**အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရန်အတွက် အဓိကအဖွဲ့ဝင်များကို ကြေညာလိုက်သည်။ ကိုဗစ်-၁၉ တုံ့ပြန်ရေးသည် ဘိုင်ဒင်၏ ထိပ်တန်းဦးစားပေးကိစ္စတစ်ခုဖြစ်သည်။**

အဆိုပါ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့တွင် ကယ်လီဖိုးနီးယားရှေ့နေချုပ် ဇာဗီယာဘီကာရာကို ကျန်းမာရေးနှင့် လူ့စွမ်းအားဌာန၏ အတွင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ဘီကာရာသည် အိုဘားမားကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ဟုခေါ်သည့် ကျန်းမာရေးအာမခံကို ဆက်လက်တောင်းခံသည့် ပြည်နယ်အများစုတွင် တရားစွဲဆိုမှုဆိုင်ရာ အမှုအခင်းများကို ဦးဆောင်ဦးရွက်ပြုနိုင်သူအဖြစ် နာမည်ကျော်ကြားသည်။

လက်ရှိအစိုးရ၏ ထိပ်တန်းကူးစက်မှုရောဂါကျွမ်းကျင်သူ ဒေါက်တာအန်တိုနီဖော်စီသည် နောက်တက်လာမည့်သမ္မတ ဂျိုးဘိုင်ဒင်ထံတွင် ကိုဗစ်-၁၉ ဆေးဘက်ဆိုင်ရာ အကြံပေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ထို့အပြင် ဘိုင်ဒင်သည် ဟားဗတ်ဆေးဘက်ဆိုင်ရာကျောင်း၏ ပါမောက္ခ ဒေါက်တာ ရိုချယ်လီဝယ်လန်စကီကို ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ ညွှန်ကြားရေးမှူးအဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား အစိုးရလက်အောက်တွင် ပြည်သူ့ကျန်းမာရေး ဆေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာ ဗီဗက်မာသီကို ယင်းရာထူးဖြင့်ပင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသည်။

ကမ္ဘာ့ထိပ်တန်းအဆင့်မီ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများပါဝင်သော ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့သည် တာဝန်များကို ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက်က ထုတ်ပြန်လိုက်သည့်ကြေညာချက်တွင် ဘိုင်ဒင်က ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ကို တွေ့ရစဉ်။



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် ပီပီအီးဝတ်စုံ ဝတ်ဆင်ထားသော ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၉၇၀၃၇၇၀ ရှိလာမှုနှင့်အတူ လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကာကွယ်ဆေးရတော့မည်ဟု ဝန်ကြီးချုပ်ပြော

**နယူးဒေလီ ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံတွင် ဒီဇင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံအတည်ပြုကူးစက်ခံရသူ ၂၆၅၆၇ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူအရေအတွက်သည် ဒီဇင်ဘာ ၈ ရက်က ၉၇၀၃၇၇၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်များအရ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၈၅ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်းသည် ၁၄၀၉၅၈ ဦးအထိ တိုးလာကြောင်း သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ အိန္ဒိယနိုင်ငံသည် ရက်ပေါင်း ၁၄၀ ကျော်ပြီးနောက် ဒီဇင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ဖြစ်ပွားသူ ၄၀၀၀၀ အောက်ကျဆင်းသည့်စံချိန်ရရှိခဲ့သည်။အလားတူ နေ့စဉ် သေဆုံးမှုနှုန်းသည်လည်း ရက်ပေါင်း ၁၅၇ ရက်ကျော်ပြီးနောက် ၄၀၀ အောက်အထိ ကျဆင်းခဲ့သည်။

သန်းချီရှိသည့် လူဦးရေနှင့် ဆိုလျှင် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ဖြစ်ပွားသူနှင့် သေဆုံးသူဦးရေသည် ကမ္ဘာ့အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဒေလီသည် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရသည့်မြို့တစ်မြို့ဖြစ်သည်။ ဒီဇင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ကူးစက်မှုအသစ် ၁၆၇၄ ဦး ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၆၃ ဦးအထိ ရှိခဲ့သည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုမှ သက်သာပြီး ဆေးရုံမှ ဆင်းသွားသူ ၉၁၇၈၉၄၆ ဦး ရှိသည်။ အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၄၇၇၈၇၆၅၆ ခု ပြုလုပ်ခဲ့သည်။

လွန်ခဲ့သော သောကြာနေ့က အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ကိုဗစ်-၁၉ ကာကွယ်ဆေးကို လာမည့်သီတင်းပတ် အနည်းငယ်အတွင်း အဆင်သင့်ဖြစ်တော့မည်ဟု ပြောကြားလိုက်ပြီး ကာကွယ်ဆေးအဆင်သင့်ဖြစ်ပြီဆိုသည်နှင့် နိုင်ငံတစ်ဝန်း ဖြန့်ဖြူးမှုများတွင် ပြည့်စုံသည့် ကွန်ရက်များဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းများ ဟော့ကိုင်းဒိုးသို့စေလွှတ်သွားမည်

**တိုကျို ဒီဇင်ဘာ ၈**

ကိုဗစ်-၁၉ အစုလိုက်အပြုံလိုက် ကူးစက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှသူနာပြုများကို စေလွှတ်ပေးရန်အတွက် ဂျပန်နိုင်ငံမြောက်ပိုင်း အဆာဟိကာဝ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ဟော့ကိုင်းဒိုး ခရိုင်အုပ်ချုပ်ရေးအဖွဲ့ထံကို ဒီဇင်ဘာ ၇ ရက်က တောင်းဆိုခဲ့ကြောင်း သိရသည်။

ဟော့ကိုင်းဒိုးခရိုင်အုပ်ချုပ်ရေးမှူး ဇူဆူကီးနာအိုမိချီ၏ တောင်းဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် ကိုဗစ်-၁၉ အစုလိုက်အပြုံလိုက် ကူးစက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီရန် ဟော့ကိုင်းဒိုးခရိုင် အဆာဟိကာဝမြို့သို့ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းများကို စေလွှတ်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီးက ဒီဇင်ဘာ ၈ ရက်တွင် အမိန့်ပေးလိုက်သည်။

ဟော့ကိုင်းဒိုးအခြေအနေသည် အရေးပေါ်ဆေးဘက်ဆိုင်ရာအကူအညီလိုအပ်နေသည်ကို ဖော်ပြနေကြောင်း၊ ဒီဇင်ဘာ ၈ ရက်ထက်နောက်မကျဘဲ အခင်းဖြစ်ပွားရာမြို့သို့ သူနာပြုများပါဝင်သည့် ငါးဦးပါဆေးဘက်ဆိုင်ရာနှစ်ဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။ အဆာဟိကာဝမြို့တွင် ကျန်းမာရေးဌာနများနှင့် လူမှုဖူလုံရေးအဆောက်အအုံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတချို့ အစုလိုက်အပြုံလိုက်ဖြစ်ပွားပြီးနောက် ယခုလို တောင်းဆိုခဲ့ခြင်းဖြစ်သည်။ မိမိတို့ကိုယ်တိုင် သူနာပြုလုံလုံလောက်လောက်ရှာဖွေရရှိနိုင်ရန် ခက်ခဲနေသည်ဟု မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ သူနာပြုများကို နိုင်ငံအနောက်ပိုင်း အိုဆာကာခရိုင်သို့စေလွှတ်ရန် စဉ်းစားဆုံးဖြတ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံ၏လူဦးရေ ၈၈ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိမည်

**ဆိုးလ် ဒီဇင်ဘာ ၈**

တောင်ကိုရီးယားနိုင်ငံသည် ပြည်သူ ၄၄ သန်း သို့မဟုတ် တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ ၈၈ ရာခိုင်နှုန်းအတွက် နိုင်ငံခြားဆေးဝါးကုမ္ပဏီများထံမှ လုံခြုံစိတ်ချရသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မှာယူရန်စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံ့လူဦးရေ ၃၄ သန်းအတွက် ဖိုက်ဇာ၊ မော်ဒါနာနှင့် အက်စ်ထရာဇနီကာတို့ထံမှ နှစ်ကြိမ်ထိုးနှံရန် လိုအပ်သည့် ကာကွယ်ဆေး သန်း ၂၀ စီနှင့် ဂျွန်ဆင်အင်န်ဂျွန်ဆင်ပိုင် ဂျန်ဆန်ဆေးဝါးကုမ္ပဏီမှ တစ်ကြိမ်ထိုးနှံရန် ကာကွယ်ဆေး လေးသန်း ကြိုတင်မှာယူထားကြောင်း ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကြိုတင်မှာယူမှုများ အတွက် အက်စ်ထရာဇနီကာကုမ္ပဏီနှင့် တရားဝင်လက်မှတ်ရေးထိုးပြီဖြစ်ကြောင်းနှင့် အခြားမှာယူမှုများအတွက် မကြာမီ လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားလိုက်သည်။

တောင်ကိုရီးယားပြည်သူ ၁၀ သန်းအတွက် ကျန်ရှိနေသေးသည့် ကာကွယ်ဆေးများကို ကိုဗက်ဟုခေါ်ဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးစီမံကိန်းထံမှ ရရှိလိမ့်မည်ဖြစ်သည်။

ကာကွယ်ဆေးများ ဝယ်ယူရန်အတွက် ဘတ်ဂျက်ငွေ တောင်ကိုရီးယား ဝမ် ၁ ဒသမ ၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ) တစ်လုံးတစ်ခဲတည်းရရှိရန် အစိုးရက စီစဉ်ထားသည်။

ကြိုတင် မှာယူထားသော ကာကွယ်ဆေးများသည် ပုံမှန်လမ်းကြောင်းဖြင့် တောင်ကိုရီးယားနိုင်ငံသို့ လာမည့်နှစ် ဖေဖော်ဝါရီလတွင် ရောက်ရှိလိမ့်မည်ဖြစ်ကြောင်းနှင့် အကယ်၍ လိုအပ်ပါက နိုင်ငံအနေဖြင့် အခြားသော ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကာကွယ်ဆေးများ ထပ်မံဖြည့်စွက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုနှင့် အစွမ်းအာနိသင်ပြည့်ဝမှုအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေချိန်တွင် ကာကွယ်ဆေး ထုတ်လုပ်မှုသည်လည်းမပြီးသေးသည့်အတွက်ကာကွယ်ဆေးထိုးနှံမည့်အချိန်နှင့် ပတ်သက်ပြီး မဆုံးဖြတ်ရသေးကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် ပထမဆုံး ကာကွယ်ဆေးထိုးနှံမှုကို သက်ကြီးရွယ်အိုများ၊ သက်ကြီးစောင့်ရှောက်ရေး ဂေဟာများရှိ ဘိုးဘွားများ၊ နာတာရှည်ရောဂါဝေဒနာသည်များနှင့် ကျန်းမာရေးဝန်ထမ်းများကဲ့သို့သော ဗိုင်းရပ်စ်ကူးစက်နိုင်ခြေရှိသည့် လူများကို ဦးစားပေးထိုးနှံပေးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**




ဖိုက်ဇာနှင့် အက်စ်ထရာဇနီကာတို့မှ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ပြင်သစ်သမ္မတဟောင်း ဇာကိုဇီ ပါရီပြစ်မှုဆိုင်ရာ တရားရုံးတွင် ထွက်ဆိုမှုပြုလုပ်

**ပါရီ ဒီဇင်ဘာ ၈**

ပြင်သစ်သမ္မတဟောင်း နီကိုလပ်စ်ဇာကိုဇီသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးတွင် ၎င်း၏ဩဇာကို အသုံးပြုကာ နည်းလမ်းမကျသောပုံစံမျိုးဖြင့် သတင်းအချက်အလက်များ စုဆောင်းကာ ရွေးကောက်ပွဲလွှမ်းမိုးမှုရရှိစေရန် လုပ်ဆောင်မှုနှင့်သာမက အဂတိလိုက်စားမှုတို့ဖြင့် တရားစွဲဆိုခံထားရသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်က ပါရီပြစ်မှုဆိုင်ရာ တရားရုံးတွင် ထွက်ဆိုမှုပြုလုပ်သည်။

အသက် ၆၅ နှစ်ရှိ ဇာကိုဇီသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပြင်သစ်နိုင်ငံသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ခေတ်သစ်ပြင်သစ်နိုင်ငံသမိုင်းတွင် ပထမဆုံး တရားစွဲဆိုခံရသည့် သမ္မတဟောင်းတစ်ဦးဖြစ်သည်။ ဇာကိုဇီသည် စွပ်စွဲချက်များကို ငြင်းဆိုထားကြောင်း သိရသည်။

မိမိအနေဖြင့် အဂတိလိုက်စားမှုကို နည်းနည်းလေးတောင် မကျူးလွန်ခဲ့ကြောင်း၊ ဇာကိုဇီက ရာဇဝတ်တရားသူကြီးများအား ထွက်ဆိုခဲ့သည်။ ယခုလို မကောင်းသတင်းများကို မိမိအနေဖြင့် ရှင်းလင်းပစ်ချင်ကြောင်း၊ လုပ်ထုံးလုပ်နည်းအရ သာမက အမှန်တရားနှင့် ဥပဒေကြောင်းအရလည်း ဖြစ်စေချင်ကြောင်း ၎င်းက ပြောကြားသည်။ ဇာကိုဇီအား စွပ်စွဲချက်များ မှန်ကန်နေပါက ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်ယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၃ သန်း) ပေးဆောင်ရမည်ဖြစ်သည်။ **ဆင်ဟွာ**

---

### ပင်လယ်နက်ပေါ် ဖြတ်ကျော်ပျံသန်းလာသည့် အမေရိကန်နှင့် ပြင်သစ်ကင်းထောက် လေယာဉ်များကို ရုရှားတိုက်လေယာဉ် ကြားဖြတ်ဟန့်တား

**မော်စကို ဒီဇင်ဘာ ၈**

ပင်လယ်နက်ပေါ် ဖြတ်ကျော်ပျံသန်းလာသည့် အမေရိကန်နှင့်ပြင်သစ်တို့၏ ကင်းထောက်လေယာဉ်များကို ဒီဇင်ဘာ ၇ ရက်တွင် ရုရှားတိုက်လေယာဉ်က ကြားဖြတ်ဟန့်တားခဲ့ကြောင်း ရုရှားအမျိုးသားကာကွယ်ရေးစီမံခန့်ခွဲမှုစင်တာက ထုတ်ပြန်လိုက်သည့် သတင်းများအရ သိရသည်။

ရုရှားစစ်တပ်က ပင်လယ်နက်၏ ကြားခံရေပိုင်နက်ကို စောင့်ကြည့်ရာတွင် ရုရှားနယ်စပ်လေပိုင်နက်သို့ ချဉ်းကပ်ရန် ကြိုးစားနေသည့် ပစ်မှတ်ကို တွေ့ရှိခဲ့ရကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံတောင်ပိုင်း စစ်ဌာနက အက်စ်ယူ-၃၀ တိုက်လေယာဉ်ကိုစေလွှတ်၍ ပစ်မှတ်ရှာဖွေဟန့်တားမှုများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရုရှားတိုက်လေယာဉ်က တစ်ဖက်လေယာဉ်များကို ရုရှားနယ်စပ်မှ ဝေးကွာသည်အထိ လိုက်လံဝန်းရံ ပျံသန်းမှုပြုလုပ်ပေးခဲ့ပြီး ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံတကာလေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

---

# အမေရိကန်၏ပိတ်ဆို့မှုကြောင့် ကာကွယ်ဆေးရရှိဖို့ အဟန့်အတားတွေ ကြုံနေရတဲ့ အီရန်

**ခြူးစန္ဒီနွေး**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်မှာ အီရန်အပေါ် ပိတ်ဆို့မှုတွေတိုးပြီး ပြုလုပ်ခဲ့တာ အားလုံးအသိပါပဲ။ အီရန်အပေါ် ပိတ်ဆို့မှုတွေပြုလုပ်တာ မထူးဆန်းပေမယ့် ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိဖို့ လုံးပန်းနေတဲ့အချိန် အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကြောင့် အီရန်နိုင်ငံကို ကာကွယ်ဆေးပေးပို့ဖို့ရာ ကြန့်ကြာမှုတွေရှိနိုင်တယ်ဆိုပြီး ကျွမ်းကျင်သူတွေက ပြောလာကြပါတယ်။**

**ခြွင်းချက်ပေးသွားမယ်**

စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကြောင့် အီရန်နိုင်ငံ ကာကွယ်ဆေးရရှိမှုမှာ အဟန့်အတားတွေဖြစ်လာနိုင်တယ်ဆိုပြီး သုံးသပ်ကြပါတယ်။ အီရန်နိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသမှာ ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးထဲက တစ်နိုင်ငံပါပဲ။ တကယ်လို့ အီရန်နိုင်ငံအတွက် ကာကွယ်ဆေးရရှိမှုမှာ အနှောင့်အယှက် အဟန့်အတားတွေရှိနေမယ်ဆိုရင် ဒေသတွင်း ဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့မှုနှုန်းကို ထိန်းချုပ်ရာမှာလည်း အန္တရာယ်တွေ ရှိလာနိုင်ပါတယ်။ ကာကွယ်ဆေးဝယ်ယူရာမှာတော့ အီရန်နိုင်ငံအပေါ် အမေရိကန်အစိုးရက ခြွင်းချက်ပေးသွားမယ်လို့ ကိုဗက် (Covax ) လို့ခေါ်တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ်က ပြောပါတယ်။

**မလွယ်ကူသေး**

ဒါပေမယ့်လည်း ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုတွေကြောင့် ကာကွယ်ဆေးအစီအစဉ်မှာပါဝင်နိုင်ဖို့နဲ့ ကာကွယ်ဆေးဝယ်ယူရန် ကြိုးပမ်းမှုတွေမှာ အီရန်အတွက် အဟန့်အတားတွေရှိလာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။ အီရန်နိုင်ငံရဲ့အကောင့်တွေကို ထိန်းချုပ်ထားတဲ့ဘဏ္ဍာရေးအဖွဲ့အစည်းတွေအတွက် လိုအပ်တဲ့လမ်းညွှန်ချက်တွေ၊ ရှင်းလင်းချက်တွေကိုတော့ အမေရိကန်အစိုးရအဖွဲ့က ရှင်းရှင်းလင်းလင်းထုတ်ပြန်ထားခြင်း မရှိပါဘူးလို့ ဥရောပနဲ့ အီရန်နိုင်ငံတို့ကြား စီးပွားရေးနည်းဗျူဟာတွေကို အထောက်အပံ့ပေးနေတဲ့ Bouorse and Bazaar ကုမ္ပဏီမှ အကြီးအကဲဖြစ်သူ အက်စ်ဖန်ဒီယာက ပြောပါတယ်။ အီရန်နိုင်ငံအနေနဲ့ ကိုယ်ပိုင်အကောင့်ကို အသုံးပြုပြီး ကာကွယ်ဆေးဝယ်ယူဖို့ရာ မလွယ်ကူသေးပါဘူး။

**အတားအဆီးဖြစ်ခဲ့ရ**

ဖေဖော်ဝါရီလအတွင်းကစပြီး အီရန်နိုင်ငံမှာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့တာဖြစ်ပြီး ကူးစက်ပျံ့နှံ့မှုတွေကို ထိန်းချုပ်ဖို့ မစွမ်းသာခဲ့ပါဘူး။ ဒါကြောင့်လည်း လူပေါင်းတစ်သန်းကျော် ကူးစက်ခံရပြီး လူပေါင်း ၅၀၀၀၀ ခန့် သေဆုံးခဲ့ရတယ်လို့ အစိုးရရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ အမေရိကန်ရဲ့ ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုတွေကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖို့အတွက် Covax ကို ကနဦး ပေးသွင်းငွေပေးဖို့ အတားအဆီး ဖြစ်ခဲ့ရတယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက် ဇာရစ်ဖ်က ပြောပါတယ်။ Covax ဆိုတဲ့ အဖွဲ့အစည်းကတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မျှမျှတတ ဖြန့်ဖြူးပေးနိုင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ ဒီဇင်ဘာ ၇ ရက်နေ့မှာလည်း အီရန်အစိုးရရဲ့ Covax ကိုငွေပေးချေမှုဟာ ဟန့်တားခံနေရတယ်လို့ အီရန်နိုင်ငံ ဗဟိုဘဏ်အကြီးအကဲ အက်ဘ်ဒေါ် နေဆာဟမ်မက်တီက ပြောပါတယ်။

**ရှုပ်ထွေးမှုတွေရှိနေဆဲ**

Covax ကနေတစ်ဆင့် အီရန်ဟာ ကာကွယ်ဆေး ၁၆ ဒသမ ၈ သန်း ကြိုတင်ဝယ်ယူထားပြီး အီရန်နိုင်ငံရဲ့လူဦးရေသန်း ၈၀ ထဲက ၁၀ရာခိုင်နှုန်းအတွက် အထောက်အကူဖြစ်ပါလိမ့်မယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကီယာနက်ရှ် ဂျဟန်ပေါလ်ကပြောပါတယ်။ Covax ကို ကနဦးငွေပေးချေမှုဟာ ကာကွယ်ဆေး အစီအစဉ်မှာ ပါဝင်ပတ်သက်ရာရောက်ပြီး အထောက်အကူ အများကြီးဖြစ်စေနိုင်မယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အီရန်ရုပ်သံလိုင်းမှာ ပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ပြည်ပနိုင်ငံသားများ ပိုင်ဆိုင်မှုထိန်းချုပ်ရာ ဌာနဆီကနေ အီရန်အတွက် လိုင်စင်ရဖို့ သေချာသလောက်ရှိတယ်လို့ Covax က ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ Covax ဆီကနေ ကာကွယ်ဆေးဝယ်ယူခွင့်ကို တားမြစ်နိုင်ဖို့ တရားဝင်အကြောင်းပြချက် မရှိဘူးလို့လည်း ဆက်ပြောပါတယ်။ ဒါပေမယ့်လည်း အီရန် ဘဏ်စနစ်အပေါ် အမေရိကန်ရဲ့ ကန့်သတ်ချက်တွေကြောင့် လူသားချင်းစာနာထောက်ထားမှုနဲ့ ဆေးပစ္စည်းအကူအညီတွေ ပေးနိုင်ဖို့ ရှုပ်ထွေးမှုတွေ ရှိနေတုန်းပါပဲလို့ သုတေသီတွေက ထောက်ပြပါတယ်။

**တွန့်ဆုတ်နေကြဆဲ**

အီရန်နိုင်ငံမှာ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့နေချိန်မှာလည်း အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေဟာ ဆေးဘက်ဆိုင်ရာပစ္စည်းတွေအကူအညီရရှိဖို့အတွက် အဟန့်အတားဖြစ်နေတုန်းပါပဲ။ အမေရိကန်ဘက်က ကာကွယ်ဆေးအတွက် ခြွင်းချက်ထားပေးမယ်လို့ပြောခဲ့ပေမယ့် နိုင်ငံခြားဘဏ်တွေက အီရန်နိုင်ငံရဲ့ ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကို တိတိကျကျ မသိသေးပါဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း အီရန်နဲ့ လက်တွဲပြီး အလုပ်လုပ်ကြဖို့ တွန့်ဆုတ်နေကြတုန်းပါပဲ။ အမေရိကန်ဘက်က ကန့်သတ်ချက်တွေကို တိတိကျကျ မရှင်းလင်းသရွေ့ ကြောက်ရွံ့မှုတွေကတော့ ဆက်လက်ရှိနေဦးမှာပါပဲလို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

**၂ ဘီလီယံအထိ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ထား**

အီရန်နိုင်ငံရဲ့ နိုင်ငံခြားငွေကြေးတွေကိုတော့ ဗဟိုဘဏ်၊ တောင်ကိုရီးယားနဲ့ ဂျာမနီနိုင်ငံတို့မှာ ထိန်းသိမ်းထားပြီး အဲဒီငွေကြေးတွေကိုအသုံးပြုဖို့ဆိုရင် အဆင့်ဆင့်လုပ်ဆောင်စရာတွေရှိပြီး နှောင့်နှေးကြန့်ကြာမှုတွေကလည်း အများကြီးပါပဲလို့ ဝါရှင်တန်အခြေစိုက်ဥပဒေကုမ္ပဏီမှ မိုဆန်ဇာကက်ရှ်ကပြောပါတယ်။ Covax ကို ငွေပေးချေမှုအပြင် အမေရိကန်ကုမ္ပဏီတွေဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစိတ်အပိုင်းတွေနဲ့ ကာကွယ်ဆေးရရှိရေးအစီအစဉ်တွေမှာ ပါဝင်ထားကြပါတယ်။ ဒါကြောင့် အီရန် ဆက်လက်ပါဝင်နေဦးမယ်ဆိုရင် ပိတ်ဆို့မှုတွေ တိုးလာမယ့်အန္တရာယ်ကိုလည်း ကြောက်နေရပါတယ်။ Covax မှာ ပါဝင်ဖို့ နိုင်ငံပေါင်း ၁၈၀ ကျော် ပါဝင်လက်မှတ်ရေးထိုးထားကြပါတယ်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ ကာကွယ်ဆေးအရေအတွက် ၂ ဘီလီယံအထိ ဖြန့်ဖြူးပေးနိုင်လိမ့်မယ်လို့ ရည်ရွယ်ထားပါတယ်။

**ပစ်မှတ်ထား**

Covax ကို ငွေပေးချေဖို့အတွက် ပျက်ကွက်သွားတာ အီရန်နိုင်ငံ တစ်နိုင်ငံတည်းတော့မဟုတ်ပါဘူး။ တောင်အာဖရိကနိုင်ငံဟာလည်း ကနဦး ငွေမပေးချေရသေးဘူးလို့ တောင်အာဖရိက မီဒီယာတွေမှာ ဖော်ပြကြပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်လက်မှာတော့ အီရန်အပေါ် ပိတ်ဆို့မှုတွေ ပိုမိုတင်းကျပ်ခဲ့ပြီး အီရန် နျူကလီးယား စာချုပ်ကနေလည်း နုတ်ထွက်ခဲ့ပါတယ်။ အခုလက်ရှိ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရရှိထားတဲ့ ဂျိုးဘိုင်ဒင်ကတော့ သူသမ္မတအဖြစ် တာဝန်ထမ်းဆောင်တဲ့အခါ ဒီစာချုပ်မှာ ပြန်လည် ပါဝင်လာမယ်လို့ ကတိပြုထားပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အီရန်ဘဏ်တွေနဲ့ တစ်ဦးတစ်ယောက်ချင်းစီကို အကြမ်းဖက်သမားတွေကို ငွေကြေးထောက်ပံ့ပေးတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပစ်မှတ်ထားပါတယ်။

**အန္တရာယ်တွေရှိလာနိုင်**

ဆေးဝါးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စတွေအတွက်တော့ သက်ညှာခွင့် ပေးထားပါတယ်။ လူသားချင်းစာနာထောက်ထားမှုအတွက် ဆိုရင်တောင် ပိတ်ဆို့မှုတွေကြောင့် လုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ အခက်အခဲတွေရှိနေတုန်းပါပဲလို့ နယူးယောက်မြို့ အခြေစိုက်လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုက ပြောပါတယ်။ ကပ်ရောဂါအစောပိုင်းကာလတွေမှာလည်း အီရန်မှာ ဆေးဘက်ပစ္စည်းတွေ ပြတ်တောက်သွားမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အခုတစ်ကြိမ်မှာလည်း ကာကွယ်ဆေးရရှိဖို့ရာ အခက်အခဲတွေ တွေ့နေရပြန်ပါတယ်။ ကူးစက်မှုတိုးနေတဲ့ အီရန်လိုနိုင်ငံမျိုးမှာ ကာကွယ်ဆေးရရှိဖို့ နှောင့်နှေးမှုတွေ ရှိလာခဲ့ရင် ဒေသတွင်း ကိုဗစ် -၁၉ ထိန်းချုပ်ရေးမှာလည်း အန္တရာယ်တွေ ရှိလာနိုင်ပါတယ်။ ။ **ကိုးကား – ဝါရှင်တန်ပို့စ်**




တီဟီရန်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူနေကြသည့် ကိုဗစ်-၁၉ လူနာများကို တွေ့ရစဉ်။

> **“အီရန်နိုင်ငံမှာ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့နေချိန်မှာလည်း အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေဟာ ဆေးဘက်ဆိုင်ရာပစ္စည်းတွေ အကူအညီရရှိဖို့အတွက် အဟန့်အတား ဖြစ်နေတုန်းပါပဲ။ အမေရိကန်ဘက်က ကာကွယ်ဆေးအတွက် ခြွင်းချက်ထားပေးမယ်လို့ပြောခဲ့ပေမယ့် နိုင်ငံခြားဘဏ်တွေက အီရန်နိုင်ငံရဲ့ ငွေကြေးတွေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကို တိတိကျကျ မသိသေးပါဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း အီရန်နဲ့ လက်တွဲပြီး အလုပ်လုပ်ကြဖို့ တွန့်ဆုတ်နေကြတုန်းပါပဲ”**

# လူ ၃၀၀ / ၁၀၀၀ အတွက် ကာကွယ်ဆေးထိုးပေးနိုင်



ရောဂါကာကွယ်ဆေးကလည်း မရသေးဘူး။ ရရင်လည်း တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး ကျွန်မတို့ ဝယ်ရမယ်။ လှူတာကလည်း အတိုင်းအတာတစ်ခုရှိတယ်။ ဒါပေမယ့် အများစုက ကျွန်မတို့ ဝယ်ရမှာပဲ။ ဝယ်တဲ့အခါကျရင် ဒီငွေတွေက ဘယ်က လာမလဲ။ ကျွန်မတို့ နိုင်ငံတော်ဘဏ္ဍာထဲကပဲ လာမှာပဲ။ အခုအချိန်မှာဆိုရင်လည်း ကိုဗစ်ရောဂါကူးစက်တဲ့သူတွေကို ကုပေးတာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာထဲကပဲ ကုပေးနေတာပဲ။ နိုင်ငံတော်ရဲ့ဘဏ္ဍာက ဘယ်ကလာသလဲဆို ပြည်သူဆီက လာတာပါပဲ။ အဲဒီတော့ ပြည်သူတွေရဲ့ငွေကို ပြန်ပြီးတော့ သုံးလိုက်ရတာ၊ ပြည်သူတွေအတွက် သုံးခဲ့ရတာဆိုပေမယ့် ပြည်သူတွေအတွက် သုံးသင့်သုံးထိုက်တဲ့နေရာမှာ မဟုတ်ဘဲနဲ့ ရှောင်လွှဲလို့မရတဲ့နေရာမှာ သုံးရသလိုဖြစ်နေပါတယ်။ ဒီရောဂါပိုးကူးလို့ ကုန်တဲ့စရိတ်တွေဟာ စောစောက ပြောသလို သိပ်ပြီးတော့ ရောဂါမပြင်းထန်တဲ့ လူတွေအတွက်ဆိုရင် တစ်ယောက်အတွက် သုံးရတာဟာ လူ ၃၀၀ အတွက် ကာကွယ်ဆေးထိုးပေးနိုင်တယ်။ ပြင်းထန်တဲ့ရောဂါသည်တစ်ယောက်အတွက် သုံးရတာဟာ ကျွန်မတို့ လူတစ်ထောင်အထိတောင် ကာကွယ်ဆေးထိုးပေးနိုင်တဲ့ အတိုင်းအတာရှိပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၄-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ၈-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၃၇၃၆၈၀ | ၈၉၉၃၀၁၈ | ၂၉၀၈၁၆ |
| ၂။ | အိန္ဒိယ | ၉၇၀၅၀၀၅ | ၉၁၇၉၀၄၆ | ၁၄၁၀၀၅ |
| ၃။ | ဘရာဇီး | ၆၆၂၈၀၆၅ | ၅၈၀၁၀၆၇ | ၁၇၇၃၈၈ |
| ၄။ | ရုရှား | ၂၅၁၅၀၉၉ | ၁၉၈၁၅၂၆ | ၄၄၁၅၉ |
| ၅။ | ပြင်သစ် | ၂၂၉၅၉၀၈ | ၁၇၀၂၈၅ | ၅၅၅၂၁ |
| ၆။ | အီတလီ | ၁၇၄၂၅၅၇ | ၉၃၃၁၃၂ | ၆၀၆၀၆ |
| ၇။ | ဗြိတိန် | ၁၇၃၇၉၆၀ | စိစစ်ဆဲ | ၆၁၄၃၄ |
| ၈။ | စပိန် | ၁၇၁၅၇၀၀ | စိစစ်ဆဲ | ၄၆၆၄၆ |
| ၉။ | အာဂျင်တီးနား | ၁၄၆၆၃၀၉ | ၁၃၀၀၆၉၆ | ၃၉၈၈၈ |
| ၁၀။ | ကိုလံဘီယာ | ၁၃၇၇၁၀၀ | ၁၂၆၇၅၉၅ | ၃၇၉၉၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၈၆၈၄၂ | ၄၈၃၄၉၇ | ၁၈၀၀၀ |
| ဖိလစ်ပိုင် | ၄၄၂၇၈၅ | ၄၀၈၇၉၀ | ၈၆၇၀ |
| မြန်မာ | ၁၀၁၇၃၉ | ၈၀၇၂၆ | ၂၁၅၁ |
| မလေးရှား | ၇၅၃၀၆ | ၆၄၀၅၆ | ၃၈၈ |
| စင်ကာပူ | ၅၈၂၈၅ | ၅၈၁၆၈ | ၂၉ |
| ထိုင်း | ၄၁၂၆ | ၃၈၇၄ | ၆၀ |
| ဗီယက်နမ် | ၁၃၇၇ | ၁၂၂၄ | ၃၅ |
| ကမ္ဘောဒီးယား | ၃၅၀ | ၃၀၇ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၇ | ၃ |
| လာအို | ၄၁ | ၂၈ | ၀ |

■ *ကျောဖုံးမှ*

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၃,၃၄၈) ဦး | (၁,၃၃၁,၀၉၂) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၀၈) ဦး | (၁၀၁,၇၃၉) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၈၆) ဦး | (၈၀,၇၂၆) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၂,၁၅၁) ဦး |

- ယနေ့ **သေဆုံးသူ (၁၉) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၇) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၈၆) ဦးတွင် –
  - o ပြည်သူ့ဆေးရုံများ – (၆၉၁) ဦး
  - o COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၉၅) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၆၉) ဦးတွင် –
  - o Hotel Quarantine – (၂၇၃) ဦး
  - o Facility Quarantine – (၆၆) ဦး
  - o Community Based Facility Quarantine – (၅၉၃) ဦး
  - o Anosmia Center – (၁၃၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၈ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး** ။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ကိုဗစ် – ၁၉ ရောဂါဟာ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တဲ့ ရောဂါဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ လူစုလူဝေးတွေ ရှောင်တာတွေနဲ့ အပြင်ထွက်တဲ့အခါ Mask ကို စနစ်တကျ မဖြစ်မနေတပ်ဆင်သွားဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင် အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးတဲ့ အခါတိုင်းမှာ လက်ကိုဆပ်ပြာနဲ့ ရေအသုံးပြုပြီး အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောပေးဖို့ လိုအပ်ပါတယ်။ ဆပ်ပြာနဲ့ ရေအလွယ်တကူ မရရှိနိုင်တဲ့နေရာမှာ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့ လိုအပ်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ်– ၁၉ အကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ ပြည်သူတွေ သိရှိလိုတဲ့ ကိုဗစ် –၁၉ ရောဂါနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြပေးနေတာ ဖြစ်ပါတယ်။ အခုတစ်ပတ်မှာ **ဒေါက်တာသန်းဝင်း [ခေတ္တညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]**၊ **ပါမောက္ခ ဒေါက်တာ လှိုင်မြဝင်း [အထူးကုသမားတော်ကြီး (ဆေးပညာ)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဒေါက်တာကြည်စိုး [ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ဆွေးနွေးတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဒေါက်တာကြည်စိုးက ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကြည်စိုး** ။ ။ ယနေ့ အမေး / အဖြေကဏ္ဍမှာ ဒေါက်တာသန်းဝင်းကို မူဝါဒနဲ့ မဟာဗျူဟာပိုင်းဆိုင်ရာ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းဝင်း** ။ ။ ကျွန်တော့်အနေနဲ့ လက်ခံရရှိထားတဲ့ မေးခွန်းတွေကို စုစည်းခြုံငုံပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်ရောဂါအနေနဲ့ မြန်မာနိုင်ငံကို ရောက်ရှိလာတာ ကိုးလရှိပြီဖြစ်ပါတယ်။ အပြင်းအထန်ကူးစက်ပျံ့နှံ့နေတဲ့ ဒုတိယလှိုင်းရဲ့ ဒဏ်ကိုခံစားနေရတာကလည်း ယနေ့ဆိုရင် သုံးလထဲကို ရောက်လာပြီ ဖြစ်ပါတယ်။

လက်ရှိအခြေအနေအရ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၉၉၀၀၀ ဖြစ်ပြီး တစ်သိန်းနီးနီးကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သေဆုံးသူအနေနဲ့ ၂၁၀၀ ကျော်သွားပြီ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်ရောဂါဟာ အချိန်တိုအတွင်းမှာ နိုင်ငံရဲ့အဓိကပြည်သူ့ကျန်းမာရေးပြဿနာ တစ်ခု ဖြစ်လာပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ကိုဗစ် – ၁၉ ရောဂါ စတင်ဖြစ်ပွားတဲ့ အချိန်ကတည်းက သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေအားလုံးနဲ့ပူးပေါင်းပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လာပါတယ်။

ဒုတိယလှိုင်းရဲ့ ဖြစ်ပွားသေဆုံးမှု အခြေအနေတွေ၊ လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အပေါ်မှာ နည်းပညာရှုထောင့်က သုံးသပ်ကြည့်မယ်ဆိုရင် အချို့နေရာတွေမှာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ၊ ဖြည့်ဆည်းဖို့ လုပ်စရာတွေ ရှိနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ နံပါတ် ၁ အနေနဲ့ ရောဂါရဲ့သဘောသဘာဝအရ ဒီရောဂါကို ကူးစက်ခံရပြီဆိုရင် ကူးစက်ခံရတဲ့လူရဲ့ ၆၀ ရာခိုင်နှုန်းဟာ ဘာရောဂါလက္ခဏာမှ မပြပါဘူး။ ရောဂါလက္ခဏာပြရင် နှာစေးမယ်၊ ချောင်းဆိုးမယ် ဒီလောက်နဲ့ ပျောက်သွားပြီး သူတို့က လူတွေကြားထဲမှာ လူကောင်းသဖွယ် သွားလာနေထိုင်ကြမယ်၊ အဲဒီလိုသွားလာတဲ့ အခါ အကာအကွယ်ပစ္စည်းတွေ၊ ကာကွယ်ရေးနည်းလမ်း တွေကို မသုံးဘူးဆိုရင် အနီးအနားမှာရှိတဲ့ သူတွေကို ကူးစက်သွားနိုင်ပါတယ်။

ဒီရောဂါလက္ခဏာ မပြတဲ့အုပ်စုဟာ ကျန်းမာရေးဌာနကို လာစရာမရှိပါဘူး။ ရောဂါလက္ခဏာ မရှိတော့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ မတွေ့တဲ့အတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်ဆောင်ရွက်နေတဲ့ ထိန်းချုပ်ရေးလုပ်ငန်းတွေနဲ့လည်း အလှမ်းဝေးပြီး လွတ်နေတာလည်း ဖြစ်ပါတယ်။ ဒါက တစ်အချက်ပါ။

နံပါတ် ၂ အချက်က ဒီရောဂါကူးစက်ခံရသူတွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ ရောဂါလက္ခဏာတွေ ပေါ်လာပါတယ်။ ပေါ်လာပြီးတဲ့အခါ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းတွေကို ရောက်လာတဲ့ အချိန်ကျမှသာလျှင် တာဝန်ရှိသူတွေက သံသယလူနာအဖြစ် သတ်မှတ်ကာ သီးခြားခွဲထားပြီး လိုအပ်တဲ့ ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ အတွက်ကြောင့် ဒီလူနာတွေဟာ ကျန်းမာရေးဌာနကို စရောက်တဲ့အချိန်မှ ထိန်းချုပ်တဲ့ လုပ်ငန်းတွေနဲ့ စတင်ထိတွေ့ရတာ ဖြစ်ပါတယ်။ ဒီရောဂါရဲ့ ကူးစက်ပုံအနေအထားအရ ရောဂါလက္ခဏာမပေါ်ခင် ၂ ရက်/ ၃ ရက်၊ ရောဂါလက္ခဏာပေါ်ပြီး ဆေးရုံ၊ ဆေးခန်းတွေ မလာခင်မှာ ကာကွယ်ရေးပစ္စည်းတွေနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို သူ မသုံးဘူးဆိုရင် တခြားသူကို ကူးစက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနှစ်နေရာမှာ ကာကွယ်ရေးလုပ်ငန်းတွေက အားဖြည့်ဆောင်ရွက်ဖို့လိုနေတယ်ဆိုတာ နည်းပညာရှုထောင့်ကနေ မြင်ရပါတယ်။

အဓိက ရောဂါပိုးမပြဘဲကူးစက်နေတဲ့ လူတွေကနေ တစ်ဆင့် ပြည်သူလူထုထဲမှာ ကူးစက်နေတဲ့ ဆိုးကျိုးတွေကို ကျွန်တော်တို့အားလုံးက နေ့စဉ်မြင်တွေ့ခံစားနေရတာ ဖြစ်ပါတယ်။ ဒါက ဘာကိုပြလဲဆိုရင် နေ့စဉ်ဓာတ်ခွဲ အတည်ပြုလူနာသစ် ၁၀၀၀ ကနေ ၁၅၀၀ အတွင်း တွေ့ရှိနေတာပဲ ဖြစ်ပါတယ်။ ဒီလို ၁၀၀၀ ကနေ ၁၅၀၀ အတွင်း တွေ့ရှိနေတာကလည်း ရက်အတော်ကြာနေပြီဖြစ်ပါတယ်။ ဒီလိုနေ့စဉ် ကိုဗစ် – ၁၉ လူနာသစ် ၁၀၀၀ လောက်သာ ရောက်လာတယ်ဆိုရင် ဒီလူနာတွေကို ကုသပေးနေတဲ့ ကိုဗစ် – ၁၉ အထူးကုဌာနတွေနဲ့ ဆေးရုံတွေမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာပြီး မနိုင်ဝန်ကို ထမ်းနေသလိုဖြစ်နေတဲ့အခါ လူနာတွေကို အရည်အသွေးပြည့်ဝတဲ့ ပြုစုစောင့်ရှောက်မှုပေးဖို့တွေ၊ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းကိုလျှော့ချဖို့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အခက်အခဲတွေ ကြီးကြီးမားမား တွေ့နေရတယ်ဆိုတာကို ပညာရှင်တွေက ထောက်ပြထားပါတယ်။

ကျန်းမာရေးဌာန၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ မထိတွေ့ဘဲ ဖြစ်နေတဲ့နေရာတွေမှာ ကူးစက်မှုတွေကို ကာကွယ်ဖို့ အဓိကဆောင်ရွက်ဖို့ အလွန်လိုအပ်ပါတယ်။ ကျန်းမာရေးဌာနတွေနဲ့ အလှမ်းဝေးနေတဲ့အခါ၊ ကာကွယ်ဆေးကလည်း မပေါ်သေးဘူးဆိုတဲ့အခါ အားကိုးစရာအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ ကိုဗစ် – ၁၉ စဖြစ်ကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေကို သတ်မှတ်ထုတ်ပြန်ပြီး ကျန်းမာရေး ပညာပေးလုပ်ငန်းတွေကို အခုအထိ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။




ကိုဗစ်–၁၉ အကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ဒေါက်တာသန်းဝင်း၊ ပါမောက္ခဒေါက်တာ လှိုင်မြဝင်းနှင့် ဒေါက်တာကြည်စိုးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

အခုနောက်ပိုင်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဒီကာကွယ်ရေးနည်းလမ်းတွေထဲက အဓိကကာကွယ်ရေး နည်းလမ်းတစ်ခုအဖြစ် Mask တပ်ဆင်ရေး လှုပ်ရှားမှုကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိက ကာကွယ်ရေးနည်းလမ်းကို အားထည့်ပြီး ဆောင်ရွက်နေချိန်မှာ ကျန်တဲ့နည်းလမ်းတွေကို တစ်ပြိုင်တည်းကျင့်သုံးဖို့ တိုက်တွန်းဆော်သြနေတာ ဖြစ်ပါတယ်။ ဘယ်ကူးစက် ရောဂါမဆို ကာကွယ်ရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ အခုလိုပဲ အဓိကကာကွယ်ရေးနည်းလမ်းကို ရွေးလေ့ရွေးထရှိပါတယ်။ ဒီကာကွယ်ရေးလုပ်ငန်းတွေက ရိုးရှင်းလွယ်ကူရမယ်။ နည်းပညာအထောက်အပံ့ မပါဘူး၊ ဘာပစ္စည်းမှ မလိုဘူး။ လူတိုင်းလိုက်လုပ် နိုင်ရမယ်၊ နားလည်နိုင်ရမယ်။ တတ်နိုင်တဲ့စရိတ် ဖြစ်ရမယ်၊ ထိရောက်မှုလည်း ရှိရမယ်။ အဲဒါတွေအပေါ်မှာမူတည်ပြီး အဓိက နည်းဗျူဟာအနေနဲ့ ရွေးချယ်ပြီး ကူးစက်ရောဂါနှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လွန်ခဲ့တဲ့ အပတ်တွေကစပြီး ကူးစက်မှု အလွန်များတဲ့ ဈေးတွေမှာ Face Shield နဲ့ Mask တပ်ဆင်ရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှာအကြီးအကျယ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုတပ်ဆင်ခြင်းက ဘယ်လောက်အထိ ကာကွယ်နိုင်သလဲဆိုရင် ၁၀၀ ရာခိုင်နှုန်း မကာကွယ်နိုင်သော်လည်း အထောက်အထားတွေအရ ၁၀၀ ရာခိုင်နှုန်းနီးပါး ကာကွယ်နိုင်တဲ့ နည်းလမ်းဖြစ်တာကို ဖော်ပြထားပါတယ်။

ရပ်ရွာတစ်ခု၊ မြို့နယ်တစ်ခုမှာ လူတွေအားလုံးက မျက်နှာအကာအကွယ်မတပ်ဘူးဆိုရင် ကူးစက်နိုင်ခြေက ၉၀ ရာခိုင်နှုန်းအထက်မှာ ရှိပါတယ်။ သဘောက တွေ့တာနဲ့ ကူးမှာဖြစ်ပါတယ်။ တကယ်လို့ Mask မတပ်တဲ့ လူတွေထဲ က ၅၀ ရာခိုင်နှုန်း တစ်ဝက်တပ်ဆင်လိုက်တာနဲ့ ကူးစက်မှု ဖြစ်နိုင်ခြေကို ၇၀ ရာခိုင်နှုန်း၊ သုံးပုံ နှစ်ပုံ လျှော့ချနိုင်ပါတယ်။ ရောဂါကူးစက်မှုအနေနဲ့ လူတစ်ဝက် Mask တပ်လိုက်တာနဲ့ ၃၀ ရာခိုင်နှုန်း ကျန်မှာဖြစ်ပါတယ်။ လူတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းက Mask တပ်လာပြီဆိုရင် ရောဂါကူးစက်မှု ရာခိုင်နှုန်းက အလွန်နိမ့်သွားပါတယ်။ ၁ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ ဒ့ါအပြင် အဲဒီနေရာမှာ တခြားနည်းလမ်းတစ်ခုဖြစ်တဲ့ လူအများနဲ့ ခြောက်ပေခွာပြီး တွေ့ဆုံတဲ့ နည်းလမ်းကိုပါပူးတွဲပြီး ကျင့်သုံးမယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်း အပြည့်လုံးဝ၊ လုံးဝကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Mask တပ်ဆင်ခြင်းနည်းလမ်းက အများကြီး ထိရောက်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ပြီးခဲ့တဲ့လက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ နိုင်ငံတွေမှာရှိတဲ့ ပြည်သူတွေအားလုံးက Mask ကို ၉၀ ရာခိုင်နှုန်းကျော်တပ်မယ်ဆိုရင် ယနေ့တစ်နိုင်ငံကနေ တစ်နိုင်ငံကို သွားလာခွင့်ပိတ်ထားတာ အကုန်လုံးကို လုပ်စရာမလိုဘဲ ဒါတစ်ခုတည်းနဲ့တင် ကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်တယ်ဆိုပြီး Maskရဲ့ အသုံးဝင်ပုံကိုထုတ်ဖော်ကြေညာထားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အားလုံးအနေနဲ့ ဒုတိယလှိုင်းရဲ့ ရိုက်ခတ်မှုဒဏ်ကြောင့် ရက်တွေလည်း ကြာလာပြီဆိုတော့ စိတ်တွေလည်း ပင်ပန်းလာပြီ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအခက်အခဲတွေလည်း ရင်ဆိုင်နေရတဲ့အတွက် လက်ငင်းလိုအပ်တာက ဒီဒုတိယလှိုင်းရဲ့ ပြင်းထန်တဲ့ကူးစက်မှုကို ရပ်တန့်သွားအောင် ထိန်းချုပ်နိုင်ဖို့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒါကတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ နည်းလမ်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အားလုံးကို တိုက်တွန်းချင်တာက မည်သူမဆို ဘယ်အချိန်မှာဖြစ်ဖြစ်၊ ဘယ်ကိုသွားသွား အပြင်ထွက်တိုင်း Mask တပ်ပါ၊ ကိုယ်တိုင်လည်း Mask တပ်ပါ၊ ကိုယ့် မိသားစုကိုလည်း အပြင်ထွက်တိုင်း Mask တပ်ဖို့ တိုက်တွန်းစည်းရုံးပေးပါ၊ ကိုယ့်ရဲ့ မိတ်ဆွေ အသိုက်အဝန်းမှာလည်း အပြင်ထွက်တိုင်း Mask တပ်ဖို့ကို တိုက်တွန်းစည်းရုံးပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံရင်း ဖြေကြားမှုကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

> “ လူတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းက Mask တပ်လာပြီဆိုရင် ရောဂါကူးစက်မှုရာခိုင်နှုန်းက အလွန်နိမ့်သွားပါတယ်။ ၁ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ ဒ့ါအပြင် အဲဒီနေရာမှာ တခြားနည်းလမ်းတစ်ခုဖြစ်တဲ့ လူအများနဲ့ ခြောက်ပေခွာပြီး တွေ့ဆုံတဲ့နည်းလမ်းကို ပါပူးတွဲပြီး ကျင့်သုံးမယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်း အပြည့်လုံးဝ၊ လုံးဝကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Mask တပ်ဆင်ခြင်း နည်းလမ်းက အများကြီးထိရောက်ပါတယ်”

*စာမျက်နှာ ၁၆ မှ*

**ဒေါက်တာကြည်စိုး ။** ။ ပါမောက္ခဒေါက်တာလှိုင်မြဝင်း အနေနဲ့ Clinical ပိုင်းဆိုင်ရာတွေကို ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ပါမောက္ခဒေါက်တာ လှိုင်မြဝင်း။** ။ ယနေ့ လက်ခံရရှိတဲ့ မေးခွန်းတွေအားလုံးကို ခြုံငုံသုံးသပ်ပြီး ဖြေကြားလိုပါတယ်။ မေးခွန်းတွေရဲ့သဘော သဘာဝ၊ တူညီတဲ့ဦးတည်ချက်က ကိုဗစ်ရောဂါ ဖြစ်ပွားပြီးတဲ့အခါ ဆက်လက်ရင်ဆိုင်နေရတဲ့ နောက်ဆက်တွဲ အခြေအနေတွေကို အားလုံးက စိတ်ပူတဲ့အတွက် မေးကြတာ ဖြစ်ပါတယ်။

ဆေးပညာရှင်တွေဟာ ကိုဗစ်ရောဂါနဲ့ တစ်နှစ်နီးပါးလောက် တစ်ကမ္ဘာလုံးမှာ တိုက်ပွဲဝင်နေကြရပါတယ်။ အဲဒီတော့ ဒီလူနာတွေကို ကုသရင်း၊ အသက်ကယ်ရင်းနဲ့ တစ်ဖက်ကလည်း ဒီ ရောဂါကအသစ်ဆိုတော့ ဆေးပညာရှင်တွေဟာ လက်လှမ်းမီသလောက် လေ့လာစူးစမ်းမှုတွေ၊ သုတေသနတွေ ဆက်လုပ်နေကြပါတယ်။ အခုလည်း ဆေးရုံကနေ ပျောက်ကင်းပြီး အိမ်ကိုပြန်ရောက်သွားတဲ့ သူတွေကို ဆက်လက်ပြီး Follow up လုပ်ပါတယ်။

အဲဒီအချိန်ကာလတွေမှာ ဆက်လက်စောင့်ရှောက်ပြီး သူတို့ရဲ့ အခြေအနေတွေ၊ ခံစားမှုတွေကို အမြဲတမ်း မေးမြန်းရင်းနဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံအသီးသီးက စစ်ဆေးမှုတွေ၊ တွေ့ရှိချက်တွေအရ ကိုဗစ်ရောဂါဟာ ပထမလတ်တလောတော့ အဖြစ်နည်းနေတယ်ဆိုသော်လည်း ပျောက်ကင်းသွားတဲ့သူတွေမှာ ဆက်လက်ပြီး ရောဂါလက္ခဏာတွေ တွေ့နေရပါတယ်။ ဒါကို ဆေးပညာဝေါဟာရအရ Long Covid Syndromes လို့ခေါ်ပါတယ်။

ဒီနေ့မေးထားတဲ့ မေးခွန်းရှင်အများစုရဲ့ ဆန္ဒ၊ သိချင်တာတွေဟာ ဒီအထဲမှာသွားပြီး အကျုံးဝင်နေပါတယ်။ Long Covid Syndromes ကို ခွဲခြားပြီးကြည့်တဲ့အခါ အုပ်စုကြီးလေးခုကို တွေ့ရပါတယ်။ ပထမဦးဆုံးအုပ်စုက ဒီရောဂါဖြစ်ပြီး ပျောက်သွားလို့ အိမ်ပြန်ရောက်တဲ့အခါ အဆုတ်နဲ့နှလုံးမှာ လက္ခဏာတွေကို ခံစားနေရတယ်။ ဒီနေ့မေးခွန်းရှင်တွေ မေးထားတဲ့ အထဲမှာလည်း ပါပါတယ်။ ပြန်သွားပြီးတဲ့အခါ ရင်တုန်တာ၊ အသက်ရှူမဝတာ၊ မောတာ၊ ချောင်းဆိုးတာတွေ စသဖြင့် အဲဒါတွေ ခံစားနေရပါတယ်။

ရန်ကုန်ဆေးရုံကြီးမှာဆိုရင် ပြန်လည်ပျောက်ကင်းသွားတဲ့သူတွေကို Follow up ပြန်လည်ကြည့်ရှုတဲ့အခါ ဒီပြဿနာတွေကို တော်တော်များများ ပြောကြပါတယ်။ အဲဒါကတော့ ပထမဦးဆုံးအုပ်စု ဖြစ်ပါတယ်။ သူတို့ဟာ စဖြစ်တုန်းက ဗိုင်းရပ်စ်တွေဟာ အဆုတ်ရဲ့လေအိတ်တွေ၊ နှလုံးကြွက်သားတွေကို ထိခိုက်ခဲ့တဲ့အတွက် အခုနောက်ပိုင်းမှာသူဟာ သက်သာသွားသော်လည်း ဒီလက္ခဏာတွေ ဆက်လက်ခံစားနေရတာ ဖြစ်ပါတယ်။

ဒုတိယအုပ်စုက အချို့သောရောဂါတွေဟာ Intensive Care Unit လို့ခေါ်တဲ့ အထူးကြပ်မတ်ကုသဆောင်မှာ ဝင်ပြီးကုသမှုခံယူနေရတဲ့ ရောဂါရှင်တွေပါ။ သူတို့က ပြန်လည်ကျန်းမာလာတဲ့အခါ သူတို့တွေ့ကြုံခဲ့ရတဲ့ ပတ်ဝန်းကျင်နဲ့ စက်ကိရိယာတွေ၊ အသည်းအသန် လူနာတွေကို မြင်တွေ့ခဲ့ရတယ်ဆိုတော့ အိမ်ပြန်ရောက်ပြီးတဲ့အခါ စိတ်ဖိစီးမှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ တွေ့ရပါတယ်။

တတိယအုပ်စုက ဘယ်ဗိုင်းရပ်စ်မဆို ဝင်ပြီးရင် ဖြစ်ပြီးကျန်လေ့ရှိတဲ့ မောပန်းနွမ်းနယ်ချည့်နဲ့တာတွေ ရှိတတ်ပါတယ်။ အဲဒီလက္ခဏာတွေလည်း ခံစားရပါတယ်။ နောက်ဆုံးအုပ်စုက ကိုဗစ်ရဲ့ထူးခြားတဲ့ ဝိသေသလို့ပဲ ပြောရမလားမသိဘူး။ ဖြစ်သွားပြီးတဲ့သူက အစကနဦးတုန်းကဖြစ်တဲ့ လက္ခဏာတွေက နောက်ပိုင်းမှာလည်း ဆက်လက်ပြီး ခံစားနေရတယ်။ ဥပမာ - အဖျားငွေ့ငွေ့ရှိခြင်း၊ ကောင်းကောင်းအနံ့မရတာ၊ လျှာပေါ်မှာ အရသာမတွေ့တာ ဒီလိုမျိုး အုပ်စုကြီးလေးခုတွေ့ရှိရပါတယ်။

ဒီတော့ မည်သူမည်ဝါတွေဟာ ဘယ်လိုမျိုးဖြစ်ပြီးတော့ ကျန်ခဲ့မယ်ဆိုတာ အတိအကျခန့်မှန်းဖို့ ခက်ခဲပါတယ်။ သို့သော်လည်း မေးခွန်းရှင်တွေအနေနဲ့ စိတ်ပူပန်စရာတော့ သိပ်ပြီးမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုး နောက်ဆက်တွဲအခြေအနေတွေဟာ အချိန်ကာလတစ်ခုဖြစ်တဲ့ နှစ်လ၊ သုံးလပြီးရင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ။ စိုးရိမ်စရာ မရှိပါဘူး။

> **“ လူနာရှင်တွေ စိတ်ပူတာက သူတို့ကရှိလျက်နဲ့ ပြန်သွားတဲ့အခါ သူတို့ရဲ့ မိသားစုဝင်၊ လုပ်ငန်းခွင်က အပေါင်းအသင်းတွေ ကူးနိုင်ခြေကို စိတ်ပူကြတာ ဖြစ်ပါတယ်။ အဲဒါလည်း စိတ်ပူဖို့မလိုပါဘူး။ အခုဆိုရင် သူများကို ကူးနိုင်ခြေကာလနဲ့ ပတ်သက်ပြီး နောက်ဆုံးတွေ့ရှိထားတာက ပထမဦးဆုံး လေးပတ်၊ သုံးပတ်၊ နောက်နှစ်ပတ် ။ အခုဆိုရင် CDC က ၁၀ ရက်လို့ ပြောနေကြတယ်။ ဒါကြောင့် အခုနောက်ပိုင်းမှာ ကူးနိုင်ခြေကာလကိုလည်း သိပ်ပြီးတော့ စိုးရိမ်စရာမလိုဘူးလို့ ဖြေကြားချင်ပါတယ်”**

သို့သော် အဲဒီကာလအတွင်း ခံစားနေရတာကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားရရင်ခံစားနေရတဲ့ချောင်းဆိုးခြင်း၊ စားသောက်လို့မကောင်းခြင်းအစရှိတဲ့ လက္ခဏာတွေရှိမယ်ဆိုရင် သက်ဆိုင်ရာ၊ နီးစပ်ရာ မိသားစုဆရာဝန်တွေနဲ့ ကုသမှုခံယူလို့ ရပါတယ်။ ဆေးရုံကပေးလိုက်တဲ့ ဆေးရုံဆင်းလက်မှတ်ကိုလည်း ပြသဖို့လိုအပ်ပါတယ်။

ထို့ပြင် မေးခွန်းရှင်တွေက အရင်က ကိုဗစ်ရောဂါ မခံစားခင်က မိမိမှာရှိပြီးသား သွေးတိုး၊ ရင်ကျပ်ပန်းနာ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေကိုလည်း ဆက်လက်ပြီး သေသေချာချာကုသမှု ခံယူဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် အခြားလိုက်နာရမယ့်အချက်တွေက အိပ်ရေးဝအောင် အိပ်တာ၊ အစာအာဟာရကို မိမိရဲ့အသက်အရွယ်၊ အလေးချိန်၊ ရောဂါအခြေအနေနဲ့ လိုက်လျောညီထွေရှိတဲ့ အစာအာဟာရကို ပြည့်ဝစွာစားသုံးဖို့၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မိမိနဲ့ လိုက်လျောညီထွေစွာ တဖြည်းဖြည်းချင်း အမောခံနိုင်အောင်လုပ်တာတွေ၊ နောက်ပြီး စိတ်ပိုင်းဆိုင်ရာအနေနဲ့ သီချင်းဆိုတာ၊ စာဖတ်တာတွေ အဲဒီလိုလုပ်သွားမယ်ဆိုရင် ကာလတစ်ခုမှာ ပုံမှန်အတိုင်း သွားလာလှုပ်ရှားနေထိုင်လို့ ရပါလိမ့်မယ်။

အခြားမေးခွန်းတစ်ခုက အားလုံးလည်းသိချင်နေကြတယ်။ ပြန်ပြီးတော့ ပိုးကို မစစ်ပေးတာ ဖြစ်ပါတယ်။ ဒါကလည်း ဆရာကြီးတွေ အရင်က ဖြေထားပါတယ်။ အများလက်ခံထားတဲ့ စစ်တဲ့ PCR ဒါကလည်း သုံးလလောက်အထိကို စစ်ရင်လည်း တွေ့နိုင်ပါတယ်။ ဒါတွေ့တာသည် ဒီဗိုင်းရပ်စ်ပိုးက ခန္ဓာကိုယ်ထဲမှာ ဒုက္ခပေးနေတယ်လို့ဆိုလိုတာ မဟုတ်ဘူး။ သူများကိုလည်း မကူးစက်နိုင်တော့ဘူး။ ဒါပေမယ့် ခန္ဓာကိုယ်ထဲကို ဒီဗိုင်းရပ်စ်ဝင်ပြီးတဲ့နောက်ပိုင်းမှာ ဒုက္ခမပေးတဲ့အပိုင်းကို Test က သွားပြီးတွေ့တာပါ။ ဒါကြောင့် ကျွန်မတို့ဟာ လူနာကို ပြန်ပြီးစစ်ဖို့တော့ မရှိပါဘူး။ စစ်လေ့လည်း မရှိပါဘူး။ အဲဒီတော့ လူနာရှင်တွေ စိတ်ပူတာက သူတို့က ရှိလျက်နဲ့ ပြန်သွားတဲ့အခါ သူတို့ရဲ့မိသားစုဝင်၊ လုပ်ငန်းခွင်က အပေါင်းအသင်းတွေ ကူးနိုင်ခြေကို စိတ်ပူကြတာ ဖြစ်ပါတယ်။ အဲဒါလည်း စိတ်ပူဖို့မလိုပါဘူး။ အခုဆိုရင် သူများကို ကူးနိုင်ခြေကာလနဲ့ ပတ်သက်ပြီး နောက်ဆုံး တွေ့ရှိထားတာက ပထမဦးဆုံး လေးပတ်၊ သုံးပတ်၊ နောက်နှစ်ပတ်။ အခုဆိုရင် CDC က ၁၀ ရက်လို့ ပြောနေကြတယ်။ ဒါကြောင့် အခုနောက်ပိုင်းမှာ ကူးနိုင်ခြေကာလကိုလည်း သိပ်ပြီးတော့ စိုးရိမ်စရာမလိုဘူးလို့ ဖြေကြား ချင်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဒီရောဂါဖြစ်ပြီး နောက်တစ်ကြိမ်ပြန်ဖြစ်နိုင်သလားဆိုတာ မေးနေကြတာရှိပါတယ်။ ပြန်ဖြစ်နိုင်သလားမေးရင် ပြန်ဖြစ်နိုင်တယ်လို့ပဲ ဖြေကြားရမှာပါ။ ဒါပေမယ့် လွန်ခဲ့တဲ့ ငါးလလောက်ကလည်း ကမ္ဘာပေါ်မှာ နိုင်ငံတစ်ခုက ဒီလိုပြန်တွေ့တယ်ဆိုတဲ့ သာဓကတွေလည်းရှိတယ်။ သို့သော် ကျွန်မအနေနဲ့ ပြောကြားချင်တာက အဲဒီလို ပြန်တွေ့တယ်ဆိုတာ အလွန့်အလွန် အနည်းငယ်သော အုပ်စုတွေမှာပဲ တွေ့ရပါတယ်။

အဲဒီတော့ မဖြစ်အောင် ဘယ်လိုနေရမလဲဆိုတော့ ဘယ်ဗိုင်းရပ်စ်ကိုမဆို ကာကွယ်တဲ့နည်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ လက်ကိုစနစ်တကျ သေချာဆေးကြောတာ၊ ပါးစပ်၊ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်တာ၊ မလိုအပ်ဘဲနဲ့ အပြင်မထွက်တာ ဒါတွေကိုပဲ လိုက်နာရမယ်။ ဒါတွေကို လိုက်နာခြင်းအားဖြင့် ဘယ်ဗိုင်းရပ်စ်ကိုမဆို ကာကွယ်ပြီးသားဖြစ်သွားမယ်။ ကျွန်မအနေနဲ့ တစ်ခုပြောချင်တာကတော့ ကျွန်မတို့နိုင်ငံမှာ ကာကွယ်ဆေးရရှိပြီးသွားတဲ့ နောက်ပိုင်းမှာလည်း နိစ္စဓူဝကျန်းမာစွာနေထိုင်မှုပုံစံက ခုနပြောတဲ့ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းတွေကို လိုက်နာဖို့ကတော့ လုံးဝလျော့သွားလို့မဖြစ်ပါဘူးလို့ ပြောကြားရင်းနဲ့ ဖြေကြားခြင်းကို ဒီနေရာမှာ နိဂုံးချုပ်ပါရစေ။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာကြည်စိုး။** ။ ကျွန်တော်ကအထွေထွေရောဂါကုနဲ့ မြောက်ဥက္ကလာပဆေးရုံကြီးရဲ့ ဆေးရုံအုပ်ကြီးဖြစ်တဲ့အတွက် ဆေးရုံမှာ ကိုဗစ်နဲ့ပတ်သက်ပြီး တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံ ပြင်ဆင်ခဲ့ရတာတွေကို တင်ပြပါမယ်။

ကျွန်တော်တို့ဆေးရုံမှာ ပထမလှိုင်းကို တွေ့ကြုံရတဲ့အခါ Isolation ဆိုတဲ့ ကူးစက်ဆောင် နှစ်ဆောင်နဲ့ လူနာတွေကို ကုသခဲ့ပါတယ်။ ဒုတိယလှိုင်းမှာ နောက်ထပ်ကူးစက်ဆောင် ၁၀ ဆောင်ကို ထပ်မံတည်ဆောက်ခဲ့ရပါတယ်။ တည်ဆောက်တယ်ဆိုတာ ဆောက်လုပ်ပြီးခါစ အဆောက်အအုံတွေကို ပြင်ဆင်မွမ်းမံခဲ့ရတာ ဖြစ်ပါတယ်။ ခုတင်ပေါင်း ၄၀၀ ကျော် ထပ်မံတိုးချဲ့ရပါတယ်။ ခု တင် ၄၀၀ ကို ပေးနိုင်ဖို့ Oxygen Source ရှာရပါတယ်။ Liquid Oxygen Tank ၁၀ တန်ကို တည်ဆောက်ခဲ့ရပါတယ်။ ခုတင် ၄၄၁ ခုတင်မှာလည်း Health Care Worker တွေကို မကူးစက်အောင်၊ လူနာတွေနဲ့ တစ်ပိုင်း၊ ကျန်းမာရေးဝန်ထမ်းတွေက တစ်ပိုင်းဖြစ်အောင် ဂရုစိုက်ရပါတယ်။ ကုသရေးနဲ့ Health Care Worker တွေကို ထိခိုက်မှု နည်းအောင်လုပ်ဆောင်ရပါတယ်။

နောက်ပြီး Emergency မှာ ကျပ်တည်းတဲ့အတွက် Emergency ရဲ့ အရှေ့မှာ အရေးပေါ် Tent တစ်ခုကို တည်ဆောက်ခဲ့ရပါတယ်။ ဒီလိုတည်ဆောက်ပြီးတဲ့အတွက် နောက်ထပ်လည်း ပစ္စည်းတွေအများကြီးကို တပ်ဆင်သုံးစွဲရပါတယ်။ အများစုသုံးစွဲခဲ့ရတာကတော့ Oxygen နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ၊ လူနာကိုကြည့်ရှုတဲ့ Patient Monitor နောက်ပြီးလူနာတွေကို ကြည့်ရှုဖို့အတွက် အင်တာနက်လိုင်းနဲ့အတူ CCTV တွေကို တပ်ဆင်ရပါတယ်။ CCTV တွေကို တပ်ဆင်ရတာလည်း လူနာတွေကို ကူးစက်နိုင်ခြေရှိတဲ့အတွက် အမြဲတမ်းလူနာတွေအနားမှာသွားပြီး မကြည့်ရှုနိုင်ဘူး။ PPE တွေ ဝတ်ထားတဲ့အတွက်နားကြပ်တွေနဲ့ နားထောင်လို့မရဘူး။ ဒါကြောင့် ဒီလိုခေတ်မီ ကိရိယာတွေ၊ တယ်လီဖုန်းတွေနဲ့လည်း ပြောရတယ်။ PA System နဲ့ အတွင်းနဲ့အပြင် ပြောရတယ်။

ဒီလိုနည်းလမ်းတွေကို သုံးဖို့အတွက် တပ်ဆင်ရပါတယ်။ ဒီလိုခုတင်ပေါင်း ၄၄၁ ခုတင်အပြင် ထပ်မံတည်ဆောက်ရတာကတော့ ICU ဖြစ်ပါတယ်။ ကိုဗစ် ICU ကို ၂၄ ခုတင် အသစ်ထပ်မံပြီးအမြန်ဆုံးတည်ဆောက်ရပါတယ်။ ဒီ ICU ကိုအရင်က မှန်းထားတာကတော့ ပုံမှန် ICU ပါ။ ဒါပေမယ့် ကိုဗစ်ဖြစ်လာတဲ့အတွက် ကိုဗစ် ICU အဖြစ် ပြောင်းလဲတပ်ဆင်ခဲ့ရခြင်း ဖြစ်ပါတယ်။

အခုနောက်ပိုင်းမှာ အောက်ဆီဂျင်သုံးနှုန်းက ၁၀ တန် Tank တစ်ခုလုံးကိုတစ်ရက်နီးနီးသုံးတဲ့ အခြေအနေရောက်လာပါပြီ။ ၁၀ တန် Tank က မလုံလောက်တဲ့ အခြေအနေထိအောင် ဖြစ်လာပါပြီ။ တစ်ရက်ကို ရှစ်တန်လောက်ကို သုံးစွဲ ကုသပေးနေရပါတယ်။ အောက်ဆီဂျင်က အတော့်ကို အရေးကြီးနေပါတယ်။ မျိုးစုံသောစက်တွေ ပထမဆုံးတော့ ဖြည်းဖြည်းပဲရှူနိုင်တဲ့ နှာခေါင်းမှာတပ်ရုံနဲ့ ရှူတဲ့ နှာခေါင်းတပ်ကိရိယာတွေ၊ နောက်ထပ်ပိုပြီး ရှူနိုင်အောင် လုပ်ပေးတာ၊ မြန်နှုန်းမြင့်မြင့်နဲ့လေကို ရှူနိုင်သွင်းနိုင်အောင်လုပ်ပေးတဲ့ စက်တွေ၊ Ventilator တွေနဲ့ အသက်ရှူစက်တွေနဲ့ ရှူနိုင်အောင်လုပ်ပေးတာတွေ၊ ဒီလိုစက်တွေ အမြောက်အမြားကို ထည့်သွင်းတပ်ဆင်ခဲ့ရပါတယ်။

ICU တွေမှာ ၂၄ ခုတင်က ၂၄ ခုတင်နီးပါး အမြဲတမ်းပြည့်နေတဲ့ အခြေအနေဖြစ်လာပါတယ်။ ဒါကြောင့် မလုံလောက်တဲ့အတွက် အထောက်အပံ့ဖြစ်အောင် HDU ကိုလည်းတည်ဆောက်ဖို့ ဆက်လက်လုပ်ဆောင်နေရပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေအလိုက် တဖြည်းဖြည်းနဲ့ ပြောင်းလဲပြီး လူနာတွေကို ကုသပေးနိုင်အောင် စီစဉ်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ Pump တွေလုပ်ပြီး ပြင်ဆင်ရတဲ့အခြေအနေတော့ ရှိပါတယ်။

ဒီအခြေအနေကိုလည်း အမြန်ဆုံးအချိန်မီအောင် ပြင်ဆင်ရပါတယ်။ အခုဆိုရင် လူနာအမြင့်ဆုံး Positive လူနာ ၄၁၀ကျော်အထိ လက်ခံကုသပေးနေပါပြီ။ ဒါဟာ တော်တော်ကို အမြင့်ဆုံးအခြေအနေဖြစ်ပါတယ်။ ဒါကြောင့် လူနာတွေ၊ ပြည်သူတွေဘက်က ကာကွယ်ရမယ့်ကိစ္စတွေကို လေးစားလိုက်နာဖို့ လိုပါတယ်။ လူစုလူဝေးတွေ လုပ်ချင်ကြတာကိုလည်း ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။

ဒါပေမယ့်လည်း လူစုလူဝေးလုပ်တဲ့သူတွေက သက်လတ်ပိုင်းတွေ၊ သက်ငယ်ပိုင်းတွေဖြစ်ပြီး ခံနိုင်ရည်ရှိကြပါတယ်။ သူတို့အိမ်ပြန်သွားတဲ့အချိန်မှာ သူတို့ရဲ့ မိဘ တွေ၊ ဦးလေး၊ အဒေါ်တွေ၊ အဘိုး၊ အဘွားတွေက နောက် ၃/ ၄/ ၅ ရက်ကြာရင် ကျွန်တော်တို့ ဆေးရုံကို ရောက်လာပါတယ်။ ဒါဟာ အမှန်ပါပဲ။ ဒီလိုအခြေအနေတွေကို သူတို့နားလည်သဘောပေါက်ဖို့လိုပါတယ်။ သူတို့ကတော့ ဘာမှမဖြစ်နိုင်ဘူးလို့ တွေးပေမယ့် သူတို့ရဲ့ အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားဒါတွေကို ငဲ့ညှာဖို့လိုပါတယ်။

နောက်ပြီး ဒီကနေတစ်ဆင့် အများကြီး ကူးစက်သွားတဲ့အတွက် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်တယ်။ တိုင်းပြည်အတွက်လည်း စီးပွားရေးကအစ အဘက်ဘက်ကနေ နောင့်နှေးကြန့်ကြာတဲ့ အခြေအနေတွေဖြစ်ပါတယ်။ ဒါကြောင့်ပြည်သူပြည်သားတွေအနေနဲ့ ကျန်းမာရေးဘက်ကနေ ကုသနေတဲ့ပစ္စည်းတွေ၊ အဆောက်အအုံဆောက်လုပ်တာတွေ၊ စရိတ်စကတွေ များပါတယ်။ လူနာတွေလည်း တကယ်ဖြစ်လာရင် ခံရပါတယ်။ ဒီအတွက်ကြောင့် ကာကွယ်ရမယ့်နည်းလမ်းတွေကိုလေးစားလိုက်နာကြပါလို့ ပြောကြားရင်း ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်းသိကောင်းစရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

COVID-19 ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို ပညာပေးမျှဝေပေးမည့် “ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်းသိကောင်းစရာ အမေး/အဖြေ အစီအစဉ် ” ကို နိုဝင်ဘာ၂၅ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေတွင် မြန်မာနိုင်ငံ၏ Digital အသွင်ပြောင်းမှုမှာ ICT အခန်းကဏ္ဍ၏ အရေးပါမှုနှင့် လက်ရှိမြန်မာနိုင်ငံ၏ အလုပ်အကိုင် အခွင့်အလမ်းအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် အခြေအနေများနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးနှင့် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်း (HR ကျွမ်းကျင်သူ) ဒေါ်ရွှေရည်ဝင်းလဲ့တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈–၁၂–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၇–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၇၆) ဦး ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ* | ၆၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၁ |
| | | မင်္ဂလာဒုံ | ၄၆ |
| | | အင်းစိန် | ၄၄ |
| | | မြောက်ဥက္ကလာပ | ၄၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၆ |
| | | သာကေတ | ၃၃ |
| | | ကမာရွတ် | ၂၈ |
| | | ရွှေပြည်သာ | ၂၂ |
| | | တာမွေ | ၂၂ |
| | | သဃ်န်းကျွန်း | ၁၉ |
| | | ဗိုလ်တထောင် | ၁၉ |
| | | မရမ်းကုန်း* | ၁၈ |
| | | မှော်ဘီ | ၁၇ |
| | | တောင်ဥက္ကလာပ | ၁၇ |
| | | သန်လျင် | ၁၂ |
| | | ထန်းတပင် | ၁၂ |
| | | အလုံ | ၁၀ |
| | | လှိုင် | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ဒေါပုံ | ၇ |
| | | တိုက်ကြီး* | ၇ |
| | | ကျောက်တန်း | ၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | ဒလ | ၇ |
| | | စမ်းချောင်း | ၆ |
| | | ရန်ကင်း | ၆ |
| | | လသာ | ၆ |
| | | လမ်းမတော် | ၅ |
| | | ဗဟန်း | ၅ |
| | | ခရမ်း | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | ပန်းဘဲတန်း | ၃ |
| | | ကြည့်မြင်တိုင် | ၃ |
| | | သုံးခွ | ၃ |
| | | လှည်းကူး | ၂ |
| | | ဒဂုံ | ၂ |
| | | ပုဇွန်တောင် | ၁ |
| | | ကျောက်တံတား | ၁ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၆၂၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၁၀၃ |
| | | ချမ်းအေးသာစံ | ၅၉ |
| | | အောင်မြေသာစံ | ၅၆ |
| | | အမရပူရ | ၃၇ |
| | | ပြည်ကြီးတံခွန် | ၂၈ |
| | | ချမ်းမြသာစည် | ၂၅ |
| | | ပုသိမ်ကြီး | ၁၆ |
| | | စဉ့်ကိုင် | ၆ |
| | | ငါန်းဇွန် | ၄ |
| | | ဝမ်းတွင်း | ၄ |
| | | တံတားဦး | ၃ |
| | | မြစ်သား | ၂ |
| | | မိတ္ထီလာ | ၂ |
| | | မတ္တရာ | ၂ |
| | | ကျောက်ဆည် | ၂ |
| | | ပြင်ဦးလွင် | ၁ |
| | | သာစည် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | ရမည်းသင်း | ၁ |
| | | စုစုပေါင်း | ၃၅၃ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၁ |
| | | ဝေါ | ၇ |
| | | လက်ပံတန်း | ၅ |
| | | ကဝ | ၄ |
| | | သာယာဝတီ | ၄ |
| | | ပန်းတောင်း | ၃ |
| | | ပြည် | ၂ |
| | | ရွှေတောင် | ၂ |
| | | မင်းလှ | ၁ |
| | | နတ္တလင်း | ၁ |
| | | အုတ်ဖို | ၁ |
| | | အုတ်တွင်း | ၁ |
| | | သနပ်ပင် | ၁ |
| | | စုစုပေါင်း | ၇၃ |
| ၄။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၆ |
| | | သထုံ | ၁၃ |
| | | ပေါင်* | ၆ |
| | | ကျိုက်မရော | ၃ |
| | | မုဒုံ | ၂ |
| | | ချောင်းဆုံ | ၁ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၅၂ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ | ၁၄ |
| | | ဘိုကလေး | ၁၂ |
| | | ကျုံပျော် | ၈ |
| | | လပွတ္တာ | ၆ |
| | | ပုသိမ် | ၃ |
| | | မအူပင် | ၂ |
| | | ဝါးခယ်မ | ၂ |
| | | ရေကြည် | ၂ |
| | | စုစုပေါင်း | ၄၉ |
| ၆။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၁၇ |
| | | မြေပုံ | ၇ |
| | | ဂွ | ၁ |
| | | မင်းပြား | ၁ |
| | | မြောက်ဦး | ၁ |
| | | ရသေ့တောင် | ၁ |
| | | စစ်တွေ | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၁ |
| | | အောင်လံ | ၂ |
| | | ချောက် | ၂ |
| | | ရေနံချောင်း | ၂ |
| | | ရေစကြို | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | မင်းဘူး | ၁ |
| | | မင်းလှ | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၇ |
| | | မြင်းမူ | ၅ |
| | | စစ်ကိုင်း | ၄ |
| | | မုံရွာ | ၃ |
| | | ကလေး | ၂ |
| | | ဘုတလင် | ၁ |
| | | ဆားလင်းကြီး | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၉။ | ရှမ်းပြည်နယ် | နမ့်ဆန် | ၄ |
| | | တောင်ကြီး | ၄ |
| | | ပင်လောင်း | ၂ |
| | | ကျိုင်းတုံ | ၂ |
| | | နောင်ချို | ၂ |
| | | မိုးမိတ် | ၁ |
| | | မူဆယ် | ၁ |
| | | ကလော | ၁ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၁၀။ | ကချင်ပြည်နယ် | ဖားကန့် | ၁၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၄ |
| | | ကော့ကရိတ် | ၁ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ချင်း | ပလက်ဝ | ၅ |
| | | တီးတိန် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၃။ | နေပြည်တော် | ဇမ္ဗူသီရိ | ၃ |
| | | ဇေယျာသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၄။ | တနင်္သာရီ တိုင်းဒေသကြီး | မြိတ် | ၂ |
| | | ကျွန်းစု | ၁ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၄ |
| (၇–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၂၇၆) ဦး |

* မြို့နယ်မှ (၄) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၇–၁၂–၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၇၆) ဦးတွင် အနံ့မရရှိသူ (၄၇၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၃ ဦး၊ ဆွစ်ဇာလန်မှ နှစ်ဦး၊ အင်ဒိုနီးရှားမှ လေးဦး၊ တောင်အာဖရိကမှ တစ်ဦး၊ ဘယ်လ်ဂျီယံမှ နှစ်ဦး၊ ကာတာမှ ငါးဦး၊ ကနေဒါမှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ငါးဦး မြန်မာနိုင်ငံသား စုစုပေါင်း ၉၃ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၃၄) ကြိမ်တိုင် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည် (ပြည်)၏ "ထပ်တူကျသော နှလုံးသားများနှင့် အခြားဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။



ယင်းစာအုပ်တွင် ကျေးလက်ဒေသ လူ့သဘာဝများကို အကြောင်းအရာစုံစုံနှင့် ရသမြောက်အောင် ရေးဖွဲ့ထားသည့် ဝတ္ထုတို ခုနစ်ပုဒ်ပါဝင်ပြီး လယ်လုပ်သားတို့၏ သဘာဝအတိုင်း စိုက်ပျိုးရေးဘဏ်မှ ချေးငွေယူထားပြီး ပြန်ဆပ်ရမည့်အချိန်လက်ထဲ ငွေမပြည့်၍ စိုးရိမ်ပူပန်စိတ်များသူ ကိုသိန်း၊ လှည်းမီးချလုပ်ငန်းကို ရိုးရိုးအေးအေးလုပ်နေရာမှ လက်ကိုင်ဖုန်းတစ်လုံး လက်ထဲရောက်လာသော ကိုဖိုးတေ၊ ကာလသားခေါင်းဖြစ်ချင်သူ မြကြီး၊ ကောက်စိုက်သူကြီး မဆစ်တိုနှင့် မစာဥတို့ဖြင့် တစ်ပုဒ်ချင်းစီ ဇာတ်အိမ်ဖွဲ့ ရေးသားထားသည်။ တစ်သက်လုံး ကျုံးရှန်းလုပ်ပေးခဲ့သော်လည်း နောက်ဆုံး သားသတ်ရုံရောက်ရသည့် ခိုင်းနွားကြီးများ၏ သနားစရာဘဝကိုလည်း ကရုဏာရသမြောက်အောင် စာပန်းချီ ခြယ်မှုန်းထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# စာရေးသူ 'မြကြာငုံ'၏ 'လွမ်းတိမ်ဝတ်မှုန်' ရသစုံဝတ္ထုတိုများစာအုပ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

စာရေးသူ ဆရာမ 'မြကြာငုံ'၏ 'လွမ်းတိမ်ဝတ်မှုန်' ရသစုံဝတ္ထုတိုများ စာအုပ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြန်လည်ဆန်းသစ်ထုတ်ဝေဖြန့်ချိလိုက်သည်။ စာရေးသူသည် မျက်စိဆရာဝန်တစ်ဦးဖြစ်၍ ၎င်း၏ အလုပ်ခွင် ဘဝအတွေ့အကြုံများနှင့် ပတ်သက်ဆက်နွှယ်သော အကြောင်းအရာများ ပါဝင်သလို လောက အကြောင်း၊ ဘဝအကြောင်း၊ ဓမ္မအကြောင်းတို့ဖြင့် မျှတစွာ ချိန်ဆရေးဖွဲ့ကာ စာပန်းချီ ခြယ်ထားသော ဝတ္ထုများ ပါဝင်သည်။

ဝတ္ထုတို ၁၂ ပုဒ်လုံးတွင် ကြည်နူးဖွယ်၊ ချစ်ခင်ဖွယ်၊ အားတက်ဖွယ်၊ ကရုဏာသက်ဖွယ်စသည့် ရသပုံရိပ်စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်သည်။ စာရေးဆရာမကြီး မစန္ဒာက စာရေးသူ၏ ရင်ထဲတွင် သူ၏အလုပ်ထဲမှရရှိသော အတွေ့အကြုံနှင့် အတွေးအမြင်များက စိန်အရိုင်းတုံးလေးများအဖြစ် ကျစ်လျစ်ဖွဲ့စည်းလျက်ရှိမည်ဟု ကျွန်မယုံကြည်ပါသည်။ ထိုစိန်အရိုင်းတုံးလေးများကို 'မြကြာငုံ' က လှသည်ထက် လှပလာစေရန် အနုပညာလက်နှင့် အကွက်ဖော်ကာ သွေးပေးပါရန် တိုက်တွန်းလိုက်ပါသည် ဟူ၍လည်းကောင်း။

စာရေးဆရာမ ဂျူး က 'မြကြာငုံ' မှာ ချစ်ခြင်းမေတ္တာရှိသည်။ တစ်ဦးတစ်ယောက်ကို ချစ်သည့်စိတ်၊ မိသားစုကို ချစ်သည့်စိတ်အပြင် သူ့နိုင်ငံ၊ သူ့လူမျိုးနှင့် သူ့ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်ကို ကျွန်မ မြင်တွေ့ရသည်။ 'မြကြာငုံ'၏ ချစ်ခြင်းမေတ္တာသည် လူသားအချင်းချင်းစာနာထောက်ထားသည့် စိတ်နှင့် အတူတကွ ရှင်သန်ခိုင်မြဲနေသည်။ စာအုပ်ခေါင်းစဉ်ကို 'လွမ်းတိမ်ဝတ်မှုန်' ဟုပေးလိုက်သည့် စာရေးသူ၏ စိတ်ခံစားချက်ကို ကျွန်မမြင်မိသလိုရှိသည်။ 'မြကြာငုံ'သည် ချစ်ခြင်းမေတ္တာကို လှပ စွာ ဖွဲ့ဆိုတတ်သူဖြစ်သည် ဟူ၍လည်းကောင်း အမှာစာများ ရေးသားထားသည်ကို တွေ့ရှိရသည်။




ဝူဖရီး စက္ကူ အဖြူ၊ စာမျက်နှာပေါင်း ၅၅၀ဖြင့် ခံ့ညားသပ်ရပ်စွာ ထုတ်ဝေ ထား ပြီး ရောင်းဈေးငွေကျပ် ၅၀၀၀ ဖြင့် လင်းရောင်သစ်စာပေ ဖုန်း- ၀၉၄၂၈၆- ၂၀၁၆၃ နှင့် ရွှေသစ္စာ စာပေ ဖုန်း-၀၉၅၃၆၀၇၃၆ တို့က တစ်ပြည်လုံး ဖြန့်ချိထားသည်။

သတင်းစဉ်




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၀၅ ကျပ် | ၅၉၅/၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၂၀ ကျပ် | ၆၁၀/၆၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၅/၅၆၅ ကျပ် | ၅၉၅/၆၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၆၈၀ ကျပ် | ၇၂၅/၇၄၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၀ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၈၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၃၆၉၉ | ၃၆၆၁၈၃၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၅၆၈၂ | ၂၀၈၀၉၅၅၀ |
| MCB | ၈၄၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၇၈၅ | ၁၇၆၆၂၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၅၈၆ | ၄၃၆၁၅၀၀ |
| EFR | ၃၇၀၀ | ၃၇၀၀ | ၈၅၉ | ၃၁၇၈၃၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၅)

# အမျိုးသမီးများနှင့် ဥပဒေအသိပညာ

ဦးဟန်ညွန့် (ဥပဒေ)



**မောင်ပျင်းရိ၏မေးခွန်း**

"ဆရာကြီးခင်ဗျာ၊ အမျိုးသမီးများနဲ့ ပတ်သက်လို့ သတင်းစာဂျာနယ်တွေမှာ မှုခင်းကိစ္စတွေ မကြာခဏ ဖတ်ရ၊ တွေ့ရပါတယ်။ အမျိုးသမီးအများစုဟာ ဆင်းရဲနွမ်းပါးသူနဲ့ ဥပဒေအသိပညာဗဟုသုတ မပြည့်စုံတဲ့ အခြေခံမျိုးတွေ ရှိတတ်ပါတယ်။ ဒါကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ လူမှောင်ခိုမှုတွေ ကျူးလွန်ခြင်း ခံရတတ်ပါတယ်။ ဒီလိုဖြစ်တာ ဘာကြောင့်ပါလဲ။ ဥပဒေအကိုးအကားနဲ့ အများနားလည်အောင် ရှင်းပြပေးပါခင်ဗျာ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာပြန်ပါသည်။ မောင်ပျင်းရိက အမည်နှင့် လိုက်အောင် ပျင်းရိတတ်သော်လည်း ဤတစ်ချိန်တွင်မူ သူ့မေးခွန်းမှာ အဆင့်မြင့်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**အမျိုးသမီးငယ်များ၏ သဘောသဘာဝ**

အမျိုးသမီးများသည် အားငယ်တတ်သူများ ဖြစ်သည်။ ရိုးသား၍ အရှက်အကြောက်ကြီးမားသူများလည်းဖြစ်သည်။ မမှန်မကန် နစ်နာမှုများတွေ့ကြုံသည့်အခါ မပြောရဲ၊ မဆိုရဲကြပါ။ အရှက်တရားကြောင့် မိမိကိုယ်တွေ့ကြုံခဲ့သည်များကို အာဏာပိုင်များအား သတင်းပေးရန် (သို့မဟုတ်) တိုင်ကြားရန် တွန့်ဆုတ်တတ်ပါသည်။ အဖြစ်မှန်ကို သက်သေထွက်ဆိုချက်ပေးရန် မဝံ့မရဲလည်း ဖြစ်တတ်ပါသည်။ ရှက်ရွံ့တတ်ပါသည်။ ကြောက်ရွံ့တတ်ပါသည်။ နာကြည်းမှုကို ကြိတ်မှိတ်၍ ခံတတ်ကြပါသည်။ ပြန်လည်၍ မပြောပြလိုပါ။ အရှက်နှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်မှု လိုအပ်ပါမည်။ အမျိုးသမီးများ၏ဘဝ လုံခြုံရန် လိုအပ်ပါသည်။ သို့အတွက် ဥပဒေအသိပညာ တတ်သိနားလည်ရေးမှာ အဓိကလိုအပ်ချက် ဖြစ်နေပြန်ပါသည်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)**

**ပုဒ်မ ၃၄၈** တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟု ပြဋ္ဌာန်းထားပေသည်။

**ရာဇသတ်ကြီး**

ရာဇသတ်ကြီးတွင် အမျိုးသမီးများနှင့် တိုက်ရိုက်သက်ဆိုင်သော ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- ပုဒ်မ ၁၁၄ – ကိုယ်ဝန်ပျက်စေရန် အကြံနှင့် ပြုသော ပြုလုပ်မှုဖြင့် သေစေခြင်း ။
- ပုဒ်မ ၃၅၄ – အမျိုးသမီး၏ ကာယိန္ဒြေ ပျက်စီးစေရန် အကြံဖြင့် လက်ရောက်မှု ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမှုကို ပြုခြင်း။
- ပုဒ်မ ၃၆၆ – အတင်းအဓမ္မ ထိမ်းမြားပေးစားရန် စသည်တို့အတွက် အမျိုးသမီးကို ခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု၊ သို့တည်းမဟုတ် သွေးဆောင်မှု ။
- ပုဒ်မ ၃၇၂ – အရွယ်မရောက် သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များအလို့ငှာ ရောင်းမှု ။
- ပုဒ်မ ၃၇၃ – အရွယ်မရောက် သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များ အလို့ငှာ ဝယ်မှု ။
- ပုဒ်မ ၃၇၆ – ပုဒ်မ ၃၇၅ ပြဋ္ဌာန်းချက်ပါ မုဒိမ်းမှု ကျူးလွန်သူကို ထောင်ဒဏ် နှစ် နှစ်ဆယ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသော အမျိုးသမီးသည် မိမိမယားဖြစ်၍ အသက် ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
- ပုဒ်မ ၄၉၃ – တရားဝင်ထိမ်းမြားကြောင်းကို




  ယုံကြည်စေရန် ယောကျ်ားက လှည့်ဖြားလိုသော သဘောဖြင့် သွေးဆောင်၍ ကာမစပ်ယှက်ခြင်း။
- ပုဒ်မ ၄၉၈ – ရာဇဝတ်မကင်းသော အကြံနှင့် တရားဝင် မယားကို ဖြားယောင်းခြင်းဖြင့် ထွက်သွား စေခြင်း၊ သို့တည်းမဟုတ် ဆောင်ယူသွားခြင်း၊ သို့တည်း မဟုတ် တားဆီးခြင်း။
- ပုဒ်မ ၅၀၉ – အမျိုးသမီးတို့ ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သော စကား၊ သို့တည်းမဟုတ် ကိုယ်အမူအရာ၊ သို့တည်း မဟုတ် ပြုလုပ်မှု။

**မိန်းမတို့ ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သော စကား သို့တည်းမဟုတ် ကိုယ်အမူအရာ သို့တည်းမဟုတ် ပြုလုပ်မှု။**

"မည်သူမဆို၊ မိန်းမတစ်ဦးဦး၏ ကာယိန္ဒြေ ( modesty of a woman) ကိုစော်ကားရန် ကြံရွယ်၍ ပြောဆိုခြင်းပြုသည်တွင် သို့တည်းမဟုတ် အသံပြုသည်တွင် သို့တည်းမဟုတ် ကိုယ်အမူအရာကိုပြသသည်တွင် သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုခုကိုပြသည်တွင်ပြောဆိုသောစကားကိုဖြစ်စေ ပြုသောအသံကိုဖြစ်စေ ထိုမိန်းမအား ကြားစေရန် ကြံရွယ်လျှင် သို့တည်းမဟုတ် ပြုသောကိုယ်အမူအရာကိုဖြစ်စေ ပြသောအရာဝတ္ထုကို ဖြစ်စေ ထိုမိန်းမအား မြင်စေရန် ကြံရွယ်လျှင် သို့တည်းမဟုတ် ထိုမိန်းမ၏ ကာယိန္ဒြေကို စော်ကားရန် ကြံရွယ်၍ ထိုမိန်းမ၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်လျှင် မိန်းမတို့ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သောစကား(Word) သို့တည်းမဟုတ် ကိုယ်အမူအရာ (gesture) သို့တည်းမဟုတ် ပြုလုပ်မှု(act) ဖြစ်သည်။" ဟု (ရာဇသတ်ကြီး၅၀၉)တွင် ပြဋ္ဌာန်းထားပါသည်။

**ကလေးသူငယ်ဥပဒေ**

ပုဒ်မ ၅၃ တွင် အကျဉ်းထောင် တာဝန်ခံအရာရှိသည်–

(က) အမျိုးသမီး အကျဉ်းသားတစ်ဦး၏ ကလေးသူငယ်အား ပြင်ပ၌ ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိလျှင်ဖြစ်စေ၊ မိခင်ဖြစ်သူက ဆန္ဒရှိလျှင်ဖြစ်စေ အသက် လေးနှစ်ပြည့်သည်အထိ မိခင်နှင့်အတူ အကျဉ်းထောင်၌ နေထိုင်ခွင့်ပြုရမည်။

(ခ) မိခင်ဖြစ်သူက ဆန္ဒရှိလျှင် ပုဒ်မခွဲ(က)ပါ ကလေးသူငယ်အား အသက် ခြောက်နှစ်ပြည့်သည်အထိ မိခင်နှင့်အတူ အကျဉ်းထောင်၌ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ဂ) မိခင်နှင့်အတူ အကျဉ်းထောင်၌ နေထိုင်သော ကလေးသူငယ်၏ စားဝတ်နေရေးနှင့် ကျန်းမာရေးတို့ကို တာဝန်ယူရမည်။

(ဃ) အမျိုးသမီး အကျဉ်းသားတစ်ဦး အကျဉ်းထောင်၌ ကွယ်လွန်သည့်အခါ အတူနေ ကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့ပါက သို့မဟုတ် အကျဉ်းသား အမျိုးသမီးနှင့် အတူနေထိုင်သော ကလေးသူငယ် အသက် ခြောက်နှစ်ပြည့်ပါက ယင်းကလေးသူငယ်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး အတွက် စီစဉ်ပေးနိုင်ရန် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံး အကြောင်းကြားရမည်ဟု အမျိုးသမီးများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသည်။

**ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများ ဆိုသည်မှာ–**

"ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန် ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ရွှေ့ပြောင်း နေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီ တောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကိုလည်းကောင်း ဆိုသည်"ဟု ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၂(ခ)တွင် အမျိုးသမီးများနှင့် စပ်လျဉ်း၍ ဖွင့်ဆိုထားသည်။

**ဥပဒေအသိပညာ**

ဥပဒေအသိပညာ ပြန့်ပွားရေးအတွက် အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်။ ယနေ့ချိန်ခါတွင် ဥပဒေပညာရှင်အမျိုးသမီးများ များစွာပေါ်ထွက်လာနေပြီ ဖြစ်သည်။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေရဲအရာရှိစသည့် အမျိုးသမီးဝန်ထမ်းများက ဘဝတူအမျိုးသမီးများ၏ အကျိုးကို ပိုမိုထမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ဥပဒေအသိပညာ ပိုမိုဝေငှပေးနိုင်မည် ဖြစ်ပါသည်။

**စေတနာ**

အမျိုးသမီးများနှင့် ဥပဒေအသိပညာ ဆက်စပ်ပုံကို ရည်ညွှန်းကိုးကား၍ တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ....။ ။

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### The Crown စီးရီးမှာ စိတ်ကူးယဉ်ဇာတ်လမ်းသာဖြစ်သည်ဟု စာတန်းထိုးရန် တောင်းဆိုမှုကို Netflix မှ လက်မခံ

The Crown စီးရီးဟာ စိတ်ကူးယဉ်ဇာတ်လမ်းသာဖြစ်တယ်လို့ ဇာတ်လမ်းတွဲမပြသမီ အသိပေးကြေညာပေးဖို့ ဗြိတိန်ယဉ်ကျေးမှုဝန်ကြီးက တောင်းဆိုခဲ့ပါတယ်။

ဒီဇာတ်လမ်းဟာ စိတ်ကူးယဉ်ဇာတ်လမ်းဆိုတာကို ကြေညာထားခြင်း မရှိဘူးဆိုရင် လူငယ်ကြည့်ရှုသူပရိသတ်တွေဟာ စိတ်ကူးယဉ်အကြောင်းအရာတွေကို အချက်အလက်တွေအဖြစ် မှားယွင်းမှတ်ယူသွားနိုင်တယ်လို့ အိုလီဗာဒေါက်ဒင်က ပြောပါတယ်။ ဒါပေမယ့် အဲဒီတောင်းဆိုချက်ကို လက်မခံဘူးလို့ Netflix က ငြင်းဆိုလိုက်ပါတယ်။ သမိုင်းအချက်အလက်များအပေါ် အခြေခံပြီး စိတ်ကူးယဉ်ဇာတ်လမ်း ဖန်တီးထားခြင်းသာဖြစ်တယ်လို့ ပရိသတ်တွေ နားလည်ထားပြီဖြစ်တယ်လို့ Netflix က ပြောခဲ့ပါတယ်။

ဒါကြောင့် ဗြိတိန်ယဉ်ကျေးမှုဝန်ကြီး အိုလီဗာဒေါက်ဒင် ရဲ့ အကြံပြုချက်ကို လက်မခံနိုင်ဘူးလို့ပြန်လည်ငြင်းဆိုခဲ့တာပါ။ The Crown စီးရီးစတင်ပြသကတည်းက သမိုင်းအချက်အလက်တွေအပေါ် အခြေခံထားတဲ့ ဇာတ်လမ်းသာဖြစ်တယ်လို့ အသိပေးခဲ့ပြီးဖြစ်တဲ့အတွက် ပရိသတ်များကြား အယူအဆလွဲမှားမှုမျိုး မရှိနိုင်ဘူးလို့ ယုံကြည်ကြောင်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။ The Crown အတွဲ ၄မှာတော့ မင်းသားချားလ် နှင့် ဒိုင်ယာနာတို့ကြား အိမ်ထောင်ရေးအခြေအနေ မင်းသမီးမာဂရက်ရဲ့ အိမ်ထောင်ရေးအခြေအနေတွေအပြင် မိသားစုလျှို့ဝှက်အကြောင်းအရာတွေကို ပြသထားပါတယ်။ **ဒေးလီးမေးလ်**



The Crown စီးရီးမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

### Black Panther မင်းသား ချက်ဝှခ်ဘို့စ်မန်းကို ခေတ်ကာလများ၏ သူရဲကောင်းဘွဲ့ ချီးမြှင့်

ဒီဇင်ဘာ ၆ ရက်ကကျင်းပတဲ့ အမ်တီဗွီ ရုပ်ရှင်နှင့် တီဗွီ ဆုချီးမြှင့်ပွဲမှာ Black Panther မင်းသား ချက်ဝှခ်ဘို့စ်မန်းကို ဂုဏ်ပြုခဲ့ပါတယ်။ ဘို့စ်မန်းဟာပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက သေဆုံးသွားခဲ့တာဖြစ်ပြီး သူသေဆုံးပြီးတဲ့နောက်မှာမှ ခေတ်ကာလများရဲ့သူရဲကောင်းဆိုတဲ့ဘွဲ့ချီးမြှင့်ခံရတာပဲဖြစ်ပါတယ်။

ဘို့စ်မန်းကို အပြင်မှာပဲဖြစ်ဖြစ်၊ ဖန်သားပြင်မှာပဲဖြစ်ဖြစ် ခဏလေးမြင်လိုက်ရရင်ကိုပဲ သူ့ရဲ့စိတ်အားထက်သန်မှုတွေနဲ့ အင်အားစိုက်ထုတ်မှုတွေကို တွေ့မြင်ရမှာပဲဖြစ်တယ်လို့ Marvel ကြယ်ပွင့် တစ်ဦးဖြစ်တဲ့ ရောဘတ်ဒေါင်းနေး ဂျူနီယာက ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။ အူမကြီးကင်ဆာခံစားနေရတဲ့ ဘို့စ်မန်း သေဆုံးချိန်မှာတော့ အသက် ၄၃ နှစ်သာ ရှိပါသေးတယ်။ သူ့ရဲ့ အနုပညာခရီးလမ်းဟာ တိုတောင်းခဲ့ပေမယ့် ရတဲ့အချိန်အတွင်းမှာတော့ အပြောင်မြောက်ဆုံး သရုပ်ဆောင်ခဲ့ပါတယ်။ Black Panther 2 ကို ဆက်လက်ရိုက်ကူးဖို့ ရှိပေမယ့် အဓိကမင်းသားသေသွားတာကြောင့် ပြင်ဆင်မှုတွေ လုပ်ဆောင်နေရပါတယ်။ ၂၀၂၁ခုနှစ်မှ Black Panther 2 ရိုက်ကူးရေးတွေစတင်ဖို့ရှိပေမယ့် ဇာတ်ကောင်တွေကို ဘယ်သူတွေ အစားထိုးရွေးချယ်သွားမလဲဆိုတာကိုတော့ စတူဒီယိုဘက်က ကြေညာခြင်း မရှိသေးပါဘူး။

**စကိုင်းနယူး**




Black Panther ရုပ်ရှင်ကားမှ အဓိကဇာတ်ဆောင်မင်းသား ချက်ဝှခ်ဘို့စ်မန်း

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁၀၀ | 13019.32.6.2.94 | ဦးဝင်းမောင်ပလတ်စတစ်ဘောလုံးစက်ရုံ | ၁၈ | ၇၈၄,၈၀၀.၀၀ |
| ၁၀၁ | 13019.32.7.2.73 | Dragon Wings Co.,ltd | ၅ | ၄၄၄,၀၀၀.၀၀ |
| ၁၀၂ | 13023.314.8.2.9 | Pacific PSP Syntech | ၁၃ | ၁,၂၃၉,၆၀၀.၀၀ |
| ၁၀၃ | 13033.35.1.2.106 | မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း | ၂၆၅ | ၂၁,၀၈၄,၄၈၀.၀၀ |
| ၁၀၄ | 13033.36.1.2.471 | PEMCO CO.,LTD | ၁၃၄ | ၉,၈၀၆,၀၀၀.၀၀ |
| ၁၀၅ | 13033.36.1.2.636 | ကုက္ကိုင်းရေကူးအသင်း | ၄၀ | ၂,၃၀၄,၀၀၀.၀၀ |
| ၁၀၆ | 13033.36.3.2.114 | Earnest YTK Services | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၀၇ | 13033.36.8.2.30 | Tokyo Tatemono Asia Pte,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၁၀၈ | 13033.310.2.2.229 | JF Group-Auditing and Consulting Firm | ၁၁ | ၁,၂၀၀,၀၀၀.၀၀ |
| ၁၀၉ | 13037.39.1.2.119 | လွယ်ဟိန်းကုမ္ပဏီလီမိတက် | ၁၇၇ | ၁၃,၄၈၅,၇၆၀.၀၀ |
| ၁၁၀ | 13037.39.4.2.86 | ONGC VIDESH LTD | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၁၁ | 13041.33.1.2.338 | အားမာန်မီးစက်ရောင်းဝယ်ရေး | ၈ | ၇၀၀,၀၀၀.၀၀ |
| ၁၁၂ | 13041.33.1.2.409 | ကြွေမြေသ/မ အသင်း | ၃၅ | ၂,၁၁၀,၄၀၀.၀၀ |
| ၁၁၃ | 13041.33.7.2.7 | ဥက္ကလာဂေါက်ကွင်း(6%) | ၁၉ | ၁,၂၈၈,၀၀၀.၀၀ |
| ၁၁၄ | 13041.33.7.2.14 | Culinary & Co Co,Ltd | ၆ | ၄၈၀,၀၀၀.၀၀ |
| ၁၁၅ | 13041.33.8.2.16 | Billion Force Trading Co,Ltd (6%) | ၁၇ | ၁,၁၆၃,၂၀၀.၀၀ |
| ၁၁၆ | 17001.31.1.2.21 | ငွေဖျိုင်းဖြူဖိနပ် | ၂ | ၅၆,၀၀၀.၀၀ |
| ၁၁၇ | 17001.31.1.2.22 | မီးသီး(၁)စတိုး | ၂ | ၇၂,၀၀၀.၀၀ |
| ၁၁၈ | 17001.31.1.2.23 | အိုမီဂါနာရီဆိုင် | ၄ | ၈၀,၀၀၀.၀၀ |
| ၁၁၉ | 17001.31.1.2.76 | အနန္တဂုဏ်ရည်သစ်ခွဲစက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၁၂၀ | 17001.31.1.2.90 | သုံးရာသီစတိုး | ၆ | ၂၁၆,၀၀၀.၀၀ |
| ၁၂၁ | 17001.31.1.2.99 | ငွေကမ္ဘာစတိုး | ၂ | ၇၂,၀၀၀.၀၀ |
| ၁၂၂ | 17001.31.1.2.122 | နှင်းဝေလွင်ညှော်ဂေဟာနှင့်ထမင်းဆိုင် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၂၃ | 17001.31.1.2.180 | ဦးချိုဆန်စက် | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၁၂၄ | 17001.31.1.2.189 | ထူးပြည့်သစ်စက် | ၄ | ၁၄၄,၀၀၀.၀၀ |
| ၁၂၅ | 17001.31.1.2.210 | မီးသီးစတိုး(၂) | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၂၆ | 17001.31.1.2.227 | ကိုခင်စိုးသစ်ခွဲစက် | ၃ | ၉၆,၀၀၀.၀၀ |
| ၁၂၇ | 17001.31.2.2.13 | ရွှေလဝင်းစတိုး | ၂ | ၇၂,၀၀၀.၀၀ |
| ၁၂၈ | 17001.31.2.2.17 | ရွှေကြယ်အထည်ဆိုင် | ၃ | ၉၆,၀၀၀.၀၀ |
| ၁၂၉ | 17001.31.2.2.117 | ဝ'သုံးလုံးဆန်စက် | ၃ | ၆၀,၀၀၀.၀၀ |
| ၁၃၀ | 17001.31.2.2.124 | Mobile Zone | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၃၁ | 17001.31.2.2.127 | စိန်ရတနာထွန်းဆန်စက် | ၅ | ၆၀,၀၀၀.၀၀ |
| ၁၃၂ | 17001.31.2.2.138 | ဒဂုံအဖျော်ယမကာ | ၁၅ | ၉၂၈,၄၈၀.၀၀ |
| ၁၃၃ | 17001.31.2.2.168 | ရွှေပိုးအိမ်အထည်ဆိုင် | ၅ | ၁၆၀,၀၀၀.၀၀ |
| ၁၃၄ | 17001.31.4.2.2 | မြန်မာ့ကိုးဟိုတယ် | ၇ | ၂၈၀,၀၀၀.၀၀ |
| ၁၃၅ | 17001.31.4.2.12 | ငွေရည်ဝင်းရေခဲစက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၁၃၆ | 17001.31.4.2.16 | ရွှေယမုံစတိုး | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၁၃၇ | 17001.31.4.2.17 | Famous Store | ၁ | ၃၆,၀၀၀.၀၀ |
| ၁၃၈ | 17001.31.4.2.19 | နိုင်မိသားစု(အိမ်ဆောက်ပစ္စည်းဆိုင်) | ၃ | ၉၆,၀၀၀.၀၀ |
| ၁၃၉ | 17001.31.4.2.22 | ရွှေစံကောင်းစတိုး | ၃ | ၁၀၈,၀၀၀.၀၀ |
| ၁၄၀ | 17001.31.4.2.27 | Beauty World Center | ၈ | ၂၈၈,၀၀၀.၀၀ |
| ၁၄၁ | 17001.31.4.2.34 | ဦးနေဝင်းရေလုပ်ငန်းနှင့်လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး | ၂ | ၆၄,၀၀၀.၀၀ |
| ၁၄၂ | 17001.31.4.2.43 | Fashion Mart-2 | ၉ | ၃၂၄,၀၀၀.၀၀ |
| ၁၄၃ | 17001.31.5.2.1 | မြန်မာရောဝတီဖွံ့ဖြိုးတိုးတက်ရေးနှင့်အများနှင့်သက်ဆိုင်သောကုမ္ပဏီ | ၄ | ၁၉၂,၀၀၀.၀၀ |
| ၁၄၄ | 17001.31.5.2.8 | နေခြည်လင်းညှော့ရိပ်သာ | ၅ | ၂၈၈,၀၀၀.၀၀ |
| ၁၄၅ | 17001.31.5.2.16 | လှော်ကန်နန်းတော်ညှော့ဂေဟာ | ၅ | ၁၆၀,၀၀၀.၀၀ |
| ၁၄၆ | 17001.31.5.2.18 | CPCL (လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) | ၁၆ | ၁,၆၉၈,၈၀၀.၀၀ |
| ၁၄၇ | 17001.31.5.2.24 | Aung Electronics | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၄၈ | 17001.31.5.2.39 | Myan Shwe Pyi Tractors Ltd | ၁၃ | ၁,၃၁၆,၉၆၀.၀၀ |
| ၁၄၉ | 17001.31.6.2.8 | Kabar Win | ၆ | ၃၄၅,၆၀၀.၀၀ |
| ၁၅၀ | 17001.31.6.2.11 | ဒေါ်မာမာဇော် အုန်းဆံကြိုးကျစ်လုပ်ငန်း | ၅ | ၁၃၀,၈၀၀.၀၀ |
| ၁၅၁ | 17001.31.6.2.12 | ရွှေစံကောင်း Fashion Mart | ၆ | ၂၁၆,၀၀၀.၀၀ |
| ၁၅၂ | 17001.31.6.2.13 | ရွှေပြည်တန် ဆားစက် | ၉ | ၃၂၄,၀၀၀.၀၀ |
| ၁၅၃ | 17001.31.6.2.17 | Technoland | ၈ | ၄၈၀,၀၀၀.၀၀ |
| ၁၅၄ | 17001.31.6.2.26 | TENTAC အထည်ချုပ် | ၃၅ | ၂,၀၁၆,၀၀၀.၀၀ |
| ၁၅၅ | 17001.31.7.2.2 | The First Motel | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၁၅၆ | 17001.31.7.2.6 | Swen Hotel | ၉ | ၂၄၇,၇၂၀.၀၀ |
| ၁၅၇ | 17001.31.7.2.7 | Gandamar Ballroom | ၂၈ | ၁,၈၆၀,၀၀၀.၀၀ |
| ၁၅၈ | 17001.31.7.2.17 | သရဖူစိုးမြင့်ကုမ္ပဏီလီမိတက် | ၅ | ၂၂၀,၀၀၀.၀၀ |
| ၁၅၉ | 17001.31.8.2.7 | စိန်ရတနာ ဆားစက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၆၀ | 17001.31.8.2.10 | ဟိုတယ်လွန်ကန် | ၂၅ | ၁,၄၄၇,၂၀၀.၀၀ |
| ၁၆၁ | 13001.37.1.2.21 | ကေမ္ဘာသစ်အချောထည် | ၅ | ၁၇၁,၂၀၀.၀၀ |
| ၁၆၂ | 13001.37.1.2.173 | ပတ္တမြားသင်္ဘောကျင်း | ၁ | ၃၂,၀၀၀.၀၀ |
| ၁၆၃ | 13001.37.6.2.21 | Mya Htike | ၁၇ | ၁,၀၁၂,၀၀၀.၀၀ |
| ၁၆၄ | 13001.37.8.2.42 | You and Me Solution Group | ၄၄ | ၂,၈၄၈,၀၀၀.၀၀ |
| ၁၆၅ | 13007.312.4.2.2 | PWR Fashion | ၁,၇၅၁ | ၁၀၁,၂၃၂,၀၀၀.၀၀ |
| ၁၆၆ | 13007.312.4.2.45 | King A Limited | ၁၀၃ | ၆,၁၂၀,၀၀၀.၀၀ |
| ၁၆၇ | 13007.312.4.2.52 | Golden Pollen | ၄၁ | ၂,၀၉၃,၉၂၀.၀၀ |
| ၁၆၈ | 13007.312.5.2.5 | Myanmar Sumec Win Win | ၂,၅၃၂ | ၁၃၆,၁၄၉,၄၄၀.၀၀ |
| ၁၆၉ | 13007.312.5.2.8 | GMT Garment | ၆၄၂ | ၃၅,၇၆၃,၈၄၀.၀၀ |
| ၁၇၀ | 13007.312.5.2.31 | RHINO Plastic | ၆၇ | ၄,၀၄၃,၆၄၀.၀၀ |
| ၁၇၁ | 13007.312.5.2.34 | CHINA PALETTE | ၇၈၇ | ၄၃,၁၃၉,၅၂၀.၀၀ |
| ၁၇၂ | 13007.312.5.2.47 | GTIG HUBO Co.,Ltd | ၁,၃၂၂ | ၇၁,၀၃၀,၄၀၀.၀၀ |
| ၁၇၃ | 13007.312.5.2.51 | National Paper Industry Co., Ltd | ၁၀၇ | ၆,၀၀၀,၀၀၀.၀၀ |
| ၁၇၄ | 13007.312.5.2.53 | Modern Era Handbags Co,.Ltd | ၄၂၉ | ၂၅,၀၉၄,၄၀၀.၀၀ |
| ၁၇၅ | 13007.312.5.2.55 | Proven Polyworld Co.,Ltd. | ၁၀၁ | ၇,၆၃၀,၀၀၀.၀၀ |
| ၁၇၆ | 13007.312.6.2.24 | Straight Success | ၂၆၁ | ၁၅,၃၄၅,၆၀၀.၀၀ |
| ၁၇၇ | 13007.312.6.2.39 | ZM & Associate | ၉ | ၅၆၀,၈၀၀.၀၀ |
| ၁၇၈ | 13007.312.6.2.43 | Honor Apparel Co.,Ltd | ၇၇၂ | ၄၅,၀၁၃,၁၁၃.၆၀ |
| ၁၇၉ | 13007.312.6.2.44 | Jin Dinh Steel Structrual | ၁၈ | ၁,၃၄၈,၈၀၀.၀၀ |
| ၁၈၀ | 13007.312.6.2.55 | YAKEDA MYANMAR | ၃၇၄ | ၂၁,၅၄၂,၄၀၀.၀၀ |
| ၁၈၁ | 13007.312.7.2.11 | Myanmar Benevolence Group | ၁၀ | ၅၈၈,၀၀၀.၀၀ |
| ၁၈၂ | 13007.312.7.2.17 | Myanmar Golden Era Handbags Co;ltd | ၁၈၃ | ၁၀,၆၄၈,၀၀၀.၀၀ |
| ၁၈၃ | 13007.312.7.2.67 | GY SEN | ၁,၀၅၁ | ၄၈,၂၅၅,၂၀၀.၀၀ |
| ၁၈၄ | 13007.312.7.2.76 | ROSMAN CO.,LTD | ၁၆၄ | ၈,၆၁၀,၉၂၀.၀၀ |
| ၁၈၅ | 13007.312.8.2.19 | နေရွှေလင်းကုမ္ပဏီ | ၃၈၀ | ၁၉,၆၃၄,၃၈၈.၀၀ |
| ၁၈၆ | 13007.312.8.2.46 | Imperial Fortune | ၇ | ၄၀၃,၂၀၀.၀၀ |
| ၁၈၇ | 13008.313.1.2.423 | MINGTEX (Myanmar)-1 | ၂,၃၂၄ | ၉၂,၅၇၇,၆၀၀.၀၀ |
| ၁၈၈ | 13008.313.2.2.174 | Conveniense Prosperity | ၁၆၁ | ၁၈,၈၇၉,၂၀၀.၀၀ |
| ၁၈၉ | 13008.313.2.2.179 | မေခစံစက္ကူပုံးလုပ်ငန်း | ၉၇ | ၅,၆၂၇,၅၂၀.၀၀ |
| ၁၉၀ | 13008.313.3.2.101 | Myanmar Liang Yi Da Co., Ltd | ၈၀၁ | ၄၆,၃၂၄,၈၀၀.၀၀ |
| ၁၉၁ | 13008.313.4.2.71 | EVASteel | ၄၀ | ၂,၃၀၄,၀၀၀.၀၀ |
| ၁၉၂ | 13008.313.7.2.80 | Winning Way Co. Ltd | ၅၅ | ၄,၆၇၄,၀၀၀.၀၀ |
| ၁၉၃ | 13008.313.7.2.98 | SHUNRONG Garment Myanmar Co.,Ltd | ၂၄၁ | ၁၂,၆၉၂,၁၆၀.၀၀ |
| ၁၉၄ | 13008.313.7.2.105 | Fcs Inspection Myanmar | ၇၈ | ၄,၂၉၁,၂၀၀.၀၀ |
| ၁၉၅ | 13008.313.8.2.25 | HYATT KNITWEAR CO.,LTD | ၁၀၆ | ၆,၃၆၄,၈၀၀.၀၀ |
| ၁၉၆ | 13008.313.8.2.66 | Alland Fashion Limited | ၂၀၃ | ၁၀,၀၈၄,၈၀၀.၀၀ |
| ၁၉၇ | 13009.34.1.2.103 | နိုဘယ်ဝင်း စက္ကူ | ၅ | ၆၀,၀၀၀.၀၀ |
| ၁၉၈ | 13009.34.1.2.233 | အောင်ညီနောင်ပြက္ခဒိန် | ၆ | ၆၂,၄၀၀.၀၀ |
| ၁၉၉ | 13009.34.1.2.316 | သက်တံ့ရောင်တည်ခိုခန်း | ၃ | ၄၂,၀၀၀.၀၀ |
| ၂၀၀ | 13009.34.1.2.385 | အောင်မြင့်သိန်း ဂျပန်ကား | ၆ | ၁၂၀,၀၀၀.၀၀ |
| ၂၀၁ | 13009.34.2.2.18 | Century Drangon (CD Intertrade) | ၅ | ၅၀၀,၀၀၀.၀၀ |
| ၂၀၂ | 13009.34.4.2.162 | California Skin & Spa | ၇ | ၃၀၂,၄၀၀.၀၀ |
| ၂၀၃ | 13009.34.6.2.55 | ထွန်းမြတ်အောင်ကုမ္ပဏီ | ၁၁ | ၉၀၀,၀၀၀.၀၀ |
| ၂၀၄ | 13009.34.6.2.125 | Hla Ais & Marine Services Co.Ltd | ၃ | ၁၂၉,၆၀၀.၀၀ |
| ၂၀၅ | 13009.34.7.2.128 | Great Mountain Co.,Ltd | ၈ | ၆၆၀,၀၀၀.၀၀ |
| ၂၀၆ | 13009.34.7.2.138 | OV Solar Myanmar Co.,ltd | ၁၅ | ၁,၅၂၀,၀၀၀.၀၀ |
| ၂၀၇ | 13018.31.1.2.12 | မေတ္တာမိုး ပုံနှိပ်တိုက် | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၂၀၈ | 13018.31.1.2.33 | ဦးကြည်ဝင်း(ဇီးအစေ့ထုတ်လုပ်ငန်း) | ၅၈ | ၃,၃၄၀,၈၀၀.၀၀ |
| ၂၀၉ | 13018.31.1.2.76 | Standard International | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၂၁၀ | 13018.31.1.2.82 | Su Zar Wint Htet Co.,Ltd | ၃၆ | ၂,၀၈၆,၀၀၀.၀၀ |
| ၂၁၁ | 13018.31.1.2.184 | ဖြိုးကျော်ကုမ္ပဏီ | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၂၁၂ | 13018.31.1.2.234 | Super Soe Co,Ltd | ၄ | ၁၂၈,၀၀၀.၀၀ |
| ၂၁၃ | 13018.31.1.2.360 | မြသံနန်းဆွဲ | ၂ | ၅၆,၀၀၀.၀၀ |
| ၂၁၄ | 13018.31.1.2.386 | မျိုးတင့်ဆွေဘောင်းဘီ | ၃ | ၉၆,၀၀၀.၀၀ |
| ၂၁၅ | 13018.31.1.2.436 | Cosmic Power | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၂၁၆ | 13018.31.1.2.439 | စိန်ကိုးလုံး ပလတ်စတစ် | ၁၁ | ၆၄၀,၀၀၀.၀၀ |
| ၂၁၇ | 13018.31.1.2.440 | စိန်လေးလုံး ပလတ်စတစ် | ၁၈ | ၁,၀၅၇,၆၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*




# နွားထိုးကြီးမြို့နယ်တွင် ဆောင်းခိုငှက်များ စတင်ရောက်ရှိ

**နွားထိုးကြီး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘုံသာအုပ်စု ဘုတ်ကုန်းကျေးရွာရှိ ရသာကန်တွင် ဆောင်းခိုငှက်များရောက်ရှိနေကြောင်း ကျေးရွာကပြောသည်။ အလားတူ ဆောင်းခိုငှက်များသည် နွားထိုးကြီး မြို့နယ်၌ ဘုံသာ၊ ကြာပင်အိုင်၊ ဘုတ်ကုန်း စသည့်ကျေးရွာများတွင်လည်း ရောက်ရှိလာကြောင်း သိရသည်။

**နောက်ကျရောက်ရှိ**

နှစ်စဉ်ဆောင်းခိုငှက်များ ရောက်လာနေသော်လည်း ယခုနှစ်နောက်ကျရောက်ကြောင်း သိရသည်။ နွားထိုးကြီးမြို့နယ်တွင် ဆောင်းရာသီစပြီး ရာသီဥတု အေးနေ၍ မြို့နယ်၌ ယခုနှစ် နောက်ကျ အအေးပိုကြောင်း ခံစားနေရသည်။ ဆောင်းခိုငှက်များမှာ ကမ္ဘာ့မြောက်ခြမ်း ဝင်ရိုးစွန်း နိုင်ငံများမှ မိုင်ထောင်ချီပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှသို့ ရောက်လာခြင်းဖြစ်သည်။

**ဌေးမြင့်မောင်**


နွားထိုးကြီးမြို့နယ်၌ ဆောင်းခိုငှက်များ စတင်ရောက်ရှိစဉ်။




ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ရေတာရှည်မြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာပြုပြင် ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

**ရေတာရှည် ဒီဇင်ဘာ ၈**

ကျေးလက်ဒေသနေ စိုက်ပျိုးရေးကိုအခြေခံ လုပ်ကိုင်လျက်ရှိသော တောင်သူများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၂၀)ကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင်ကျေးလက် ဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူက လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ရာတွင် ယခုကဲ့သို့သောသင်တန်းသည် များစွာအကျိုးရှိသည်ဖြစ်၍ ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက် ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ညွန့်က သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ရက် ၂၀ ကြာမြင့်မည့် သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အမြို့မြို့အနယ်နယ်၌ အမျိုးသားအောင်ပွဲနေ့ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့က မြို့နယ်ဦးစီးမှူး ဒေါ်ညိုညိုဝင်းနှင့် ဝန်ထမ်းများသည် မင်းဘူးဈေးနှင့် လူအသွားအလာများသည့် နေရာများ၌ ၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ သတင်းစကား လက်ကမ်းစာစောင်များကို အများပြည်သူ သိရှိစေရန် လိုက်လံဝေငှလျက်ရှိသည်။

ထိုသို့ဝေငှရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်ထဲတွင် ၂၀၂၀ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျောက်စာတိုင်နှင့် တိုင်းရင်းသားတိုင်းရင်းသူများ၊ ၂၀၂၀ပြည့်နှစ်၊နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားအောင်ပွဲနေ့ သန္နိဋ္ဌာန်၊ မဝေးလှသောအနာဂတ်တွင် ပေါ်ထွန်းလာမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝိုင်းဝန်းလိုက်ပါ ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းချက်များ၊ အမျိုးသားအောင်ပွဲနေ့ သမိုင်းကြောင်းများ၊ ဗြိတိသျှတို့ ပြဋ္ဌာန်းသော ကျွန်ပညာရေး ဥပဒေများ၊ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆို အဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**ဇေယျာထက် (မင်းဘူး)**

**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့တွင် ၂၀၂၀ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသော သတင်းစကားလက်ကမ်းစာစောင် အတွဲ(၄)၊ အမှတ် (၇)ကို ဝေါမြို့မဈေးနှင့် ပုံကျဈေးတို့၌ ယနေ့ နံနက်ပိုင်း က အသိပညာပေး ဖြန့်ဝေပေးသည်။

အဆိုပါစာစောင်တွင် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားအောင်ပွဲနေ့သမိုင်းကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၊ ပညာရေးမြှင့်တင်မှု၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦး၊ ဗြိတိသျှတို့ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ အမျိုးသားအောင်ပွဲနေ့ သန္နိဋ္ဌာန်ကဗျာ စသည့် ဗဟုသုတဆိုင်ရာများပါဝင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ခံထုတ်ဝေသည့် သတင်းစကားလက်ကမ်း စာစောင်များကို မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက အများပြည်သူအသိပညာတိုးပွားစေရန်အတွက် အသိညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် အတွဲ(၄)အမှတ်(၇) သတင်းစကား လက်ကမ်းစာစောင်များကို အေးမြကြည်လင်ဈေး၊ မြို့မဈေးနှင့် ပတ္တမြားကားဂိတ်တို့၌ ယနေ့နံနက် ၈ နာရီက ဖြန့်ဝေပေးသည်။

အဆိုပါသတင်းစကားလက်ကမ်းစာစောင်တွင် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ စာရေးဆရာမြင်းမူမောင်နိုင်မိုးရေးသားထားသည့် အမျိုးသားအောင်ပွဲနေ့သန္နိဋ္ဌာန်ကဗျာ၊ အမျိုးသားအောင်ပွဲနေ့ အကြောင်း၊ ဗြိတိသျှတို့ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ နှစ်တစ်ရာပြည့်အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်ဖြစ်သည့် ရာပြည့်အမျိုးသားအောင်ပွဲမှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့ စသည့်ဗဟုသုတများစွာပါဝင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ခံထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့်ဝန်ထမ်းများက အများပြည်သူအသိပညာ ဗဟုသုတ တိုးပွားစေရန် ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဇီးကုန်း**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော "၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကား" လက်ကမ်းစာစောင်များကို အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ရုံးဌာနများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများကို ယနေ့ နံနက်က လိုက်လံဖြန့်ဝေပေးကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်သော "နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်တွင် "၂၀၂၀ပြည့်နှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ နိုင်ငံတော်သမ္မတ၏ အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်များ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းများမှ ပညာရေးမြှင့်တင်မှု ကောက်နုတ်ချက်များ၊ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသော အမျိုးသားအောင်ပွဲနေ့သန္နိဋ္ဌာန် ကဗျာနှင့် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန်သစ္စာပြုကြသော ကျောင်းသားကြီး ၁၁ ဦးတို့ကို" အများပြည်သူ အသိပညာတိုးပွားစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရုံးဌာနများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပြည်သူများကို လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံမှု ၁၀၀ရာခိုင်နှုန်းမရသေးမီ ရောဂါကာကွယ်ရေးနည်းလမ်းများကို ပိုမိုလိုက်နာရမည်ဖြစ်

ရန်ကုန် ဒီဇင်ဘာ ၈

**ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်း မရသေးမီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို ပိုမိုလိုက်နာရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။**



ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် အခြားနီးနွယ်ဌာနများ ပူးပေါင်းဆောင်ရွက်သည့် မီးရထားဖြင့် ခရီးသွားလာသော ပြည်သူများ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျမဖြစ်မနေ တပ်ဆင်အသုံးပြုရေး လူထုလှုပ်ရှားမှုတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ဒေါက်တာထွန်းမြင့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၎င်းက " ပြည်သူလူထုကြားထဲမှာရှိတဲ့ ရောဂါကူးစက်မှုကို မဖြတ်တောက်နိုင်ဘဲနဲ့ ကိုဗစ်-၁၉ ရောဂါ လျော့ကျရေး၊ ပပျောက်ရေးဆိုတာ ဘယ်လိုမှစဉ်းစားလို့မရပါဘူး။ ကာကွယ်ဆေးဆိုတာကတော့ မျှော်လင့်ချက်ပေါ့။ ကာကွယ်ဆေးရလာရင်လည်း တစ်နိုင်ငံလုံးကို တစ်ချိန်တည်းထိုးနှံနိုင်မယ့်အခြေအနေ မရှိသေးပါဘူး။ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးလွှမ်းခြုံမရသေးခင် ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းတွေကို တောက်လျှောက် လိုက်နာရမှာဖြစ်ပါတယ်။ တတ်နိုင်သရွေ့ အိမ်ထဲမှာ နေကြပါ။ တတ်နိုင်ရင် ခရီးမသွားကြပါနဲ့။ မဖြစ်မနေ ခရီးသွားရပြီဆိုရင်လည်း ကျန်းမာတဲ့သူတွေပဲသွားကြပါ။ အပြင်သွားရင်လည်း ပါးစပ် နှာခေါင်းစည်းတပ်သွားကြပါ။ တစ်ဦးနဲ့ တစ်ဦး ခပ်ခွာခွာနေကြပါ " ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး လူထုလှုပ်ရှားမှု စီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ရန်ကုန်မြို့အပါအဝင် တစ်နိုင်ငံလုံးရှိ ဈေးများ၊ ကုန်တိုက်များ၊ အဝေးပြေးကားဝင်းများနှင့် လူစည်ကားရာနေရာများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ရန်ကုန်ရဲ့အခြေအနေက စီးပွားရေးအရ ထည့်စဉ်းစားရတယ်။ ဒီမှာရှန်းကန်လှုပ်ရှားနေရတဲ့ သူတွေဟာ တစ်နိုင်ငံလုံးကလာပြီး ဆောင်ရွက်နေကြရတာ ရှိပါတယ်။ သူတို့ရဲ့ စားဝတ်နေရေးကလည်း အရေးကြီးပါတယ်။ သူတို့ရဲ့ ကျန်းမာရေးနဲ့စားဝတ်နေရေး သဟဇာတဖြစ်အောင် ဒါကို ဆောင်ရွက်နေရတာ တော်တော်ကို ခဲယဉ်းပါတယ်။ ရန်ကုန်ဆိုတာ တခြားမြို့တွေနဲ့ မတူပါဘူး။ ရန်ကုန်ဆိုတာ စီးပွားရေးမြို့တော်ကြီးပါ။ ဒါကိုဆောင်ရွက်ရတာ အလွန်ကို အကျပ်အတည်းတွေ၊ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအများကြီးနဲ့ ဆောင်ရွက်နေရတာပါ။ ဒီလူထုလှုပ်ရှားမှုက ပြည်သူလူထုကြားထဲမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို လျှော့ချတာပါ။ ဒီထက်တစ်ဆင့် မြင့်ရင်တော့ ဖြတ်တောက်ပစ်ရမယ်။ အဲဒါကြောင့် ပြည်သူလူထုကြားထဲမှာ ဒီလှုပ်ရှားမှုတွေဆောင်ရွက်ရတာ ဖြစ်ပါတယ်"ဟု ဒေါက်တာထွန်းမြင့်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဒီဇင်ဘာ ၇ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ တစ်သိန်းကျော်ရှိပြီး သေဆုံးသူဦးရေ နှစ်ထောင်ကျော်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ခုနစ်သောင်းကျော်ရှိပြီး သေဆုံးသူ ဦးရေ တစ်ထောင့်ကိုးရာကျော်ရှိ ကြောင်း သိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**

# ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်-မန္တလေးရထားလမ်းတွင် အသုံးပြုရန် မြန်နှုန်းပိုမိုမြှင့်တင်ထားသော ရထားတွဲအသစ်များ ၂၀၂၃ မှစတင်၍ ဆက်တိုက်ရောက်ရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ဂျပန်နိုင်ငံအစိုးရ၏ တရားဝင်ဖွံ့ဖြိုးမှုအစီအစဉ် (Official Development Assistance, ODA) အရ မြန်မာနိုင်ငံပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် ပူးပေါင်းကာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်- မန္တလေးရထားလမ်းတို့တွင် ပြေးဆွဲအသုံးပြုရန် လျာထားသည့် ရထားတွဲအသစ် ၂၄၆ တွဲကို မြန်မာနိုင်ငံသို့ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆက်တိုက်ပေးပို့သွားရန် စီစဉ်ထားကြောင်း မစ်ဆူဘီရှိ ကော်ပိုရေးရှင်း (Mitsubishi Corporation) ၏ယနေ့ထုတ်ပြန်ချက်အရသိရသည်။



ရန်ကုန်မြို့ပတ်လမ်း စီမံကိန်းတွင် ပြေးဆွဲသွားမည့် မြို့ပတ်ရထားပုံစံကို တွေ့ရစဉ်။

မစ်ဆူဘီရှိ ကော်ပိုရေးရှင်းနှင့် မြန်မာ့မီးရထားတို့သည် ဒီဇင်ဘာ ၇ ရက်တွင် အဆိုပါရထားတွဲများနှင့်ပတ်သက်သည့် စာချုပ်ချုပ်ဆိုခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆိုပါရထားတွဲများကို စပိန်နိုင်ငံ၏ အကြီးဆုံးရထားတွဲထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် CAF ကုမ္ပဏီက ဂျပန်နိုင်ငံထုတ် စက်ပစ္စည်းကိရိယာအချို့ကို အသုံးပြု၍ ထုတ်လုပ်သွားမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းနှင့်ရန်ကုန်-မန္တလေးရထားလမ်းများတွင် အရည်အသွေး ကောင်းမွန်သည့် ရထားတွဲများဖြင့် ပြေးဆွဲနိုင်ရန် မျှော်လင့်ထားသည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

လက်ရှိတွင် မြို့ပတ်ရထားလမ်း တစ်ပတ်ပြေးဆွဲချိန်သည် မိနစ် ၁၇၀ ခန့် ကြာမြင့်သော်လည်း စီမံကိန်းအရ ရန်ကုန်မြို့ပတ်ရထားလမ်းတွင် ပြေးဆွဲမည့် ရထားတွဲများသည် အမြင့်ဆုံးမြန်နှုန်း တစ်နာရီလျှင် ၆၀ ကီလိုမီတာဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကာ မိနစ် ၁၁၀ ခန့်အထိ လျှော့ချနိုင်မည်ဟု ဖော်ပြထားသည်။

ထို့ပြင် ရန်ကုန်-မန္တလေးရထားလမ်းတွင် ပြေးဆွဲမည့်ရထားတွဲများသည် အမြင့်ဆုံးမြန်နှုန်း တစ်နာရီလျှင် ၁၀၀ ကီလိုမီတာဖြင့် ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်မှ နေပြည်တော်ကိုဖြတ်သန်း၍ မန္တလေးမြို့အထိ ၆၂၀ ကီလိုမီတာခန့်ရှည်လျားသော မြန်မာနိုင်ငံ၏ အဓိကရထားလမ်းကြောင်းကို ပြေးဆွဲမည်ဖြစ်ပြီး လက်ရှိကြာမြင့်ချိန်ဖြစ်သော ပြေးဆွဲချိန် ၁၅ နာရီခန့်ကို စီမံကိန်းအရ ၈ နာရီခန့်အထိ လျှော့ချနိုင်မည်ဖြစ်၍ ပြေးဆွဲချိန် ၇ နာရီခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါရထားတွဲများ ပြေးဆွဲခြင်းဖြင့် ပြည်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့ကာ မြန်မာနိုင်ငံ စီးပွားရေးကို အထောက်အကူပြုနိုင်ရန် မျှော်လင့်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ညွန့်ကိုကို**

# ဇန်းမောက်မြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် ဒီဇင်ဘာ ၈**

ဇန်းမောက်မြို့တွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းသားနှစ်ထပ်အိပ်ဆောင်၊ ကျောင်းသူ နှစ်ထပ်အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ရေချိုးခန်း/သန့်စင်ခန်း၊ စာကြည့်တိုက်များနှင့် ကျောင်းသား ကျောင်းသူများအတွက် ဖြည့်တင်းပေးထားသော အသုံးအဆောင်ပစ္စည်းများဖြစ်သည့် အိပ်ဆောင်သုံးပစ္စည်းများ၊ စားရိပ်သာသုံးပစ္စည်းများ၊ စာရေးကိရိယာ ပစ္စည်းများ ဖြည့်တင်းထားရှိမှုတို့ကို စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သိန်းက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ကိုဗစ် –၁၉ ကာလအလွန် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော ပဉ္စမတန်း(Grade-6) နှင့် ဆဋ္ဌမတန်း (Grade-6) ကျောင်းသား ကျောင်းသူများအား စတင်လက်ခံပြီး ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံအတွင်းပိုင်းရှိ ဖွံ့ဖြိုးမှုနောက်ကျကျန်ရှိနေသောဒေသများမှ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်ပညာရပ်များသင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကိုအရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

၁၉၉၉ – ၂၀၀၀ ပညာသင်နှစ်မှစ၍ ယနေ့ထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ယခုဖွင့်လှစ်မည့် ဇန်းမောက်လူငယ်သင်တန်းကျောင်းအပါအဝင် လူငယ်သင်တန်းကျောင်း ၄၇ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပြီး ဒေသခံလူငယ်များ၏ အခြေခံပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူငယ်များအား နိုင်ငံ့သားကောင်း၊ လူသားကောင်းများဖြစ်စေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားစီးခရီးသည်များအား ပါးစပ်၊ နှာခေါင်းစည်းများဝေငှခြင်း၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များပါဝင်သော လက်ကမ်းကြော်ငြာများ ဝေငှခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ နေထိုင်သွားလာရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရထားတွဲဆိုင်း သုံးဆိုင်းဖြင့် အခေါက်ရေ ၁၂ ခေါက် ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်ဦးရေ ၃၀၀၀ ခန့် နေ့စဉ် စီးနင်းလိုက်ပါလျက်ရှိကြောင်း သိရသည်။ ခရီးဝေးရထားများ ပြေးဆွဲမှုကိုမူ ယာယီရပ်နားထားကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်ကလည်း ခရီးသည်တွေ ရထားစီးမယ်ဆိုရင် နှာခေါင်းစည်းတပ်ရမယ်၊ နှာခေါင်းစည်းတပ်မှပဲ ရထားစီးခွင့်ပြုမယ်လို့ အစကတည်းက ကြပ်ကြပ်မတ်မတ်လုပ်တာဖြစ်တဲ့အတွက် ခရီးသည်အတော်များများက နှာခေါင်းစည်းတပ်ကြတယ်။ တချို့တလေကျ နှာခေါင်းစည်းတော့ပါတယ်၊ မေးစေ့ချိတ်တာလေးတွေ တစ်ဦးစ နှစ်ဦးစတော့ တွေ့ရတာပေါ့။ ခရီးသည်အတော်များများကတော့ လိုက်နာကြပါတယ်" ဟု မြန်မာ့မီးရထားတိုင်းအမှတ် ၇၊ လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး/ တိုင်း) ဦးဇော်လွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းမစတင်မီ မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်း ၂၅ ဆိုင်းဖြင့် အခေါက်ရေ ၂၂၀ ခန့် ပြေးဆွဲပေးခဲ့ကာ ခရီးသည်စီးနင်းမှုအနေဖြင့် တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ကိုးသောင်းနီးပါး စီးနင်းခဲ့ကြောင်းသိရသည်။ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု စီမံကိန်းစတင်ခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါ မဖြစ်ပွားမီကာလအထိ ရထားတွဲဆိုင်း ၁၈ ဆိုင်းဖြင့် အခေါက်ရေ ၁၆၈ ခေါက် ပြေးဆွဲခဲ့ပြီး ခရီးသည်ဦးရေမှာ နေ့စဉ်ပျမ်းမျှ ငါးသောင်းကျော်ခန့် စီးနင်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းကို မူလက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အပြီးသတ်နိုင်ရန် လျာထားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းပြီးစီးမှုမှာ အနည်းငယ်နှောင့်နှေးမှုရှိနိုင်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်များ ခံယူဆောင်ရွက်လျက်ရှိပြီး ခရီးသွားအခြေအနေပေါ် မူတည်ကာ ရထားအစင်းရေ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း လက်ထောက်အထွေထွေမန်နေဂျာ(သွားလာရေး/တိုင်း) ဦးဇော်လွင်က ဆက်လက်ပြောပြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ – လင်းညွန့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ) ရုံးသုံးစက်ကိရိယာနှင့်ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)တွင် အောက်ဖော်ပြပါ ပစ္စည်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot. No | Description of Equipment | Quantity | Remarks |
|---|---|---|---|
| 1 | Non-Control Items | 4 Nos | 8Port Switch, Access Point etc., |
| 2 | Machinery & Equipment | 4 Nos | Projector, Airconditioner etc., |
| 3 | Office Equipment | 5 Nos | Desktop Computer, Laptop Computer etc., |
| 4 | Furniture | 10 Nos | Computer Table & Chair, Officer table etc., |

၂။ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၀-၁၂-၂၀၂၀ရက်မှစ၍ Online စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁-၂၀၂၁ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း -ဖုန်း-၀၉-၇၈၃၅၄၃၉၀၂ နှင့် cu.hinthada@gmail.com, adminoffice@ucsh.edu.mmသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/လက်ပံခါးလှ (အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ် ၁၇၂အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့သည့် ဦးပိုင် မှတ်ပုံတင် (၁-က)စာရင်းတွင် မြေကွက်အမည်ပေါက် ဒေါ်မြမြစန်း(ဘ) ဦးရွှေဒုတ် (ပါ) ၄-ဦး (ဒေါ်မြမြစန်း၊ ဦးတင်လှိုင်ဦး၊ ဦးချက်ဖြိုး၊ ဦးကိုကိုမောင်)၊ ဧရိယာ ၀ဒသမ၁၅၀ကေဟု ဖော်ပြထားရှိသဖြင့် ၎င်းမြေကွက်အား ဒေါ်မြစန်း (ဘ)ဦးရွှေတုတ် ၉/ပမန(နိုင်)၁၆၁၅၂၁မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၅၅/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ကွဲလွဲသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုချက်၊ ပိုင်ဆိုင်ကြောင်း ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်မှုရင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပေါက်ပြင်ဆင်ပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက် ပြင်ဆင်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/လက်ပံခါးလှ (အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ် ၂၇၃၊ မြေကွက်အမှတ် ၂၇၄ တို့အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့သည့် ဦးပိုင်မှတ်ပုံတင် (၁-က)စာရင်းတွင် မြေကွက်အမှတ် ၂၇၃အား အမည်ပေါက် ဒေါ်ပြောင်းစီ(ဘ) ဦးအောင်သောင်း၊ PMA-၁၈၅၇၁၈၊ ဧရိယာ ၀ဒသမ၀၆၀ကေဟုလည်းကောင်း၊ မြေကွက်အမှတ် ၂၇၄အား အမည်ပေါက် ဦးညီလှိုင်၊ ဧရိယာ ၀ဒသမ၀၁၀ ကေဟုလည်းကောင်း ဖော်ပြထားရှိသဖြင့် ၎င်းမြေကွက်နှစ်ကွက်အား ဦးကျော်ကျော်မောင် (ဘ) ဦးမောင်မောင် ၉/ပမန(နိုင်)၁၄၉၄၂၃မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၆၂/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ကွဲလွဲသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုချက်၊ ပိုင်ဆိုင်ကြောင်း ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်မှုရင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပေါက်ပြင်ဆင်ပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက် ပြင်ဆင်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဆီအုန်းလမ်း၊ မြေကွက်အမှတ် (၃၈၇)၊ ဧရိယာ ပေ (၄၁x၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဦးအောင်လှ (CI-058998)မှ အမည် ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာထက် ၁၂/လမန(နိုင်) ၁၅၅၃၃၇က အပြီးအပိုင်ဝယ် ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**(ရုံး)တက်နေဝန်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## အများပြည်သူများ သိရှိနိုင်ရန် ကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ အကွက်အမှတ် (၇-တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၅)၊ ဧရိယာ ၀ဒသမ၀၇၂ကေရှိ ဝိုင်းမြေကွက်မှာ ယခင်ကျွန်တော်ဦးစိုးတင့်အမည်ဖြင့် ၇-၁-၁၉၉၈ ရက်တွင် အမှုတွဲအမှတ် ၇၈၅/၉၇- ၉၈ အရ နှစ်(၃၀) သက်တမ်းမြေငှားဂရန်ရရှိခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဂရန်မူရင်းအား ရှာဖွေရာတွင် တွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် ဦးစိုးတင့် (ဘ)ဦးမာကရွတ်ဒင် ၉/သစန(နိုင်)၀၀၇၅၆၉မှ ၎င်းအမည်ဖြင့် မြေငှားဂရန်မိတ္တူမှန်ဖြစ်ပါ၍ လျှောက်ထားမြေနေရာသည် မိမိပိုင်ဆိုင်နေထိုင်သည့် ဝိုင်းမြေကွက်နှင့် အဆောက်အအုံများဖြစ်ကြောင်း၊ အမွေပိုင်ဆိုင်မှု၊ မိသားစုစီမံခန့်ခွဲရမှုများ၊ မည်သည့်ဘဏ်၊ လူပုဂ္ဂိုလ်များထံသို့လည်း ငွေကြေးအရ ပေါင်နှံရောင်းချထားခြင်းမရှိသည်မှာ မှန်ကန်ကြောင်းနှင့် ၎င်းဝိုင်းမြေအား ကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းလာရောက်၍ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးတင့် ၉/သစန(နိုင်)၀၀၇၅၉၆**
**အမှတ် (၇)ရပ်ကွက်၊ သာစည်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့ ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(1) Non Control Item
- (a) Laboratory Equipment (Apparatus) (၂၂) မျိုး
- (b) Sports Equipment (၆) မျိုး

(2) Machinery and Equipment (Projector, AirCond, Generator etc.) (၁၁) မျိုး

(3) Office Equipment (Computer and accessories, printer, Copier etc.) (၁၁) မျိုး

(4) Furniture (Table, Chair, Steel Almirah etc.) (၂၈) မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၂၀ရက် (တနင်္လာနေ့)တွင် တောင်ငူတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၂၁ရက် (သောကြာနေ့) ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၄၄၀၃၇၇၆၉၊ ၀၉-၉၇၆၂၇၁၂၇၇၊ ၀၉-၂၅၀၂၄၃၆၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**တောင်ငူတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွင်းဆောက်လုပ်မည့် (Monitoring Station)ရုံးအဆောက်အအုံ အပါအဝင် ဆက်စပ်လုပ်ငန်း(၃)မျိုး၊ စုစုပေါင်း(၄)မျိုးနှင့် 11KVHT Line (1000)ft & 200KVA Transformer (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၀-၁၂-၂၀၂၀ရက်မှ ၉-၁-၂၀၂၁ရက်ထိ (ရုံးချိန်အတွင်း)
(ခ) PO Cheque တင်သွင်းရမည့်ရက် - ၁၅-၁-၂၀၂၁ရက် (ရုံးချိန်အတွင်း)
(ဂ) တင်ဒါလျှောက်လွှာ လက်ခံမည့် ရက်/နေရာ - ထပ်မံကြေညာပါမည်။
(ဃ) တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/နေရာ - ထပ်မံကြေညာပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ တင်ဒါစည်းကမ်းချက်များနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီးမန်နေဂျာရုံး၊ ရုံးကြီးရပ်၊ မုံရွာမြို့တွင် ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက -ဖုန်း-၀၉-၄၄၈၀၀၀၀၃၆၊ ၀၉-၂၀၉၉၅၂၊ ၀၉-၄၂၃၀၀၃၇၁၀၊ ၀၉-၄၂၃၀၀၃၇၂၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## "IRL Myanmar Limited" (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းရန်ကြေညာချက်)

"IRL Myanmar Limited" ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃၁ဩဂုတ် ၂၀၂၀)ရက်က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးအရ ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်(၃/ဘီ)၊ My Condo၊ ရွှေဝါလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးကိုကိုရဲလွင်အားခန့်အပ်ပြီး ကုမ္ပဏီအစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းရန် ကြေညာအပ်ပါသည်။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို နှစ်ပတ်အတွင်း ဦးကိုကိုရဲလွင်ထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

**ဦးကိုကိုရဲလွင်(LL.B,LL.M)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## အများပြည်သူများ သိရှိနိုင်ရန် ကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ အကွက်အမှတ် (၇-တိုးချဲ့)၊ ဦးပိုင်အမှတ် (၈)၊ ဧရိယာ ၀ဒသမ၀၈၂ကေရှိ ဝိုင်းမြေကွက်မှာ ယခင်ကျွန်တော်၏မိခင်ဖြစ်သူ ဒေါ်နန်းအမည်ဖြင့် (၃၀-၈-၁၉၉၃)ရက်တွင် အမှုတွဲအမှတ် ၄၈၃/၉၂-၉၃အရ (၁၀)နှစ်သက်တမ်းမြေငှားဂရန်ရရှိခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် ဂရန်မူရင်းအား ရှာဖွေရာတွင် တွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် ဦးဇော်လှိုင်မိုး(ဘ)ဦးမောင်မောင် ၉/သစန(နိုင်)၁၀၀၆၃၅မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ကျွန်တော် ဦးဇော်လှိုင်မိုးမှ မြေငှားဂရန် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါ၍ လျှောက်ထားမြေနေရာသည် မိမိပိုင်ဆိုင်နေထိုင်သည့်ဝိုင်းမြေကွက်နှင့် အဆောက်အအုံများဖြစ်ကြောင်း အမွေပိုင်ဆိုင်မှု၊ မိသားစုစီမံခန့်ခွဲရမှုများ၊ မည်သည့်ဘဏ်၊ လူပုဂ္ဂိုလ်များထံသို့လည်း ငွေကြေးအရ ပေါင်နှံရောင်းချထားခြင်းမရှိသည်မှာ မှန်ကန်ကြောင်းနှင့် ၎င်းဝိုင်းမြေအား ကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းလာရောက်၍ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်လှိုင်မိုး ၉/သစန(နိုင်)၁၀၀၆၃၅**
**အမှတ် (၇)ရပ်ကွက်၊ သာစည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ်-၈၆ (မြေညီထပ်)အခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်မီမီအေး ၁၂/လမတ(နိုင်)၀၀၄၈၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုတရားဝင် စာချုပ်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆုမွန်အောင် (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၆၉၅)**
**အမှတ် (၁၉၆)၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၇၄၆၄၈**

**ဒေါ်ရီရီသိန်း B.A (Law), LL.B.,**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၅၅၄/၃၀-၃-၁၉၈၄)**
**အမှတ်-၅၃၊ ကွမ်းရွဲတန်းလမ်း၊**
**ဈေးကြီးအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၃၀၃၄၉၁၀၃၊ ၀၉-၄၂၆၆၁၀၀၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) အိတ်ဖွင့်တင်ဒါပိတ်ရက် ရက်တိုးမြှင့်ခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများဖြစ်သည့် Lab Apparatus, Instruments,Equipments, Hand Tools များ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ရုံးသုံးယာဉ်၊ အရပ်ရပ်သုံးပစ္စည်းများနှင့် Chemicals, Materials, Medical Book & Journal များ တင်ဒါခေါ်ယူထားခြင်းအတွက် တင်ဒါပိတ်ရက်ကို ၁၁-၁၂-၂၀၂၀ရက် ညနေ ၄နာရီအစား Covid-19 ရောဂါကူးစက်မှုမဖြစ်ပွားရန် ဒေသန္တရ ကြေညာချက်အရ ၂၂-၁၂-၂၀၂၀ရက် ညနေ ၄:၃၀ နာရီအထိ တိုးမြှင့်လိုက်သည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း -ဖုန်း-၀၂-၄၀၈၀၀၇၃၆၊ ၀၉-၇၃၀၄၈၆၇၈၊ ၀၉-၄၃၂၀၀၂၉၄၊ ၀၉-၄၄၀၂၉၂၆၆၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဟင်္သာတတက္ကသိုလ် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ဟင်္သာတတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(1) Non Control Item - (၈၇)မျိုး

(2) Machinnery&Equipment(Portable Projector, Tripod Screen, EDI Sercure, and etc;) - (၁၀)မျိုး

(3) Office Equipment(Laptop Computer Desktop Computer Scanner) - (၄)မျိုး

(4) Furniture and(Single Bedstead, CombinedDesk Reading Table and etc;) - (၁၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို၁၀-၁၂-၂၀၂၀ရက်တွင် ရုံးချိန်အတွင်း ဟင်္သာတတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် စတင်၍ ရောင်းချမည် ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၈-၁-၂၀၂၁ ရက် ညနေ ၄နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ ဟင်္သာတတက္ကသိုလ်၊ ဟင်္သာတမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက -ဖုန်း-၀၉-၅၁၃၅၄၃၉၊ ၀၉-၇၇၇၄၄၃၃၄၅၊ ၀၉-၄၂၂၄၈၃၉၁၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီအဖွဲ့**
**ဟင်္သာတတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂ လက်ပံခါးလှ(အောင်ဇမ္ဗူ) ၊ မြေကွက်အမှတ်(၃၂၃)၊ ဧရိယာ(၀ဒသမ၀၄၀)ကေရှိ မြေကွက်အား အမည်ပေါက်သူ ဦးရဲကျော်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်အေးငြိမ်းမိုး(ဘ)ဦးလူသန်း ၅/ရဘန(နိုင်) ၁၂၈၈၁၇မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း မှတ်ပုံတင်ကျမ်းကျိန်လွှာအမှတ်(၂၂၄/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါရှိသည့် ရက် မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ် (၁၀၀၈)၊ ဦးချစ်တင်အမည်ပေါက်သည့် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်သူ ဦးချစ်တင်ထံမှ ဒေါ်တင်မြင့် ၁၂/ဥကမ(နိုင်)၀၄၇၄၈၉ သည် (၂၂-၉-၁၉၉၇)ရက်နေ့စွဲပါ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုနေ့တွင် ပါမစ်အမည်ပေါက်သူ ဦးချစ်တင်မှ တရားရုံးကျမ်းကျိန်လွှာနှင့် အထူးကိုယ်စားလှယ်လွှဲစာတို့ကိုပြုလုပ်လျက် ဒေါ်တင်မြင့်သို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်တင်မြင့်သည် ဖော်ပြပါနေအိမ်နှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၂-၉-၁၉၉၇)ရက်မှ ယနေ့ထိ လက်ရောက်လွှဲပြောင်းရရှိလျက် နေထိုင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်တင်မြင့်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၆၀၅)၊ (၂၀-၇-၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ (၁)ရပ်ကွက်နေ ရဲမင်းအောင် ၉/တတဥ(နိုင်)၀၈၂၇၀၅ ၏ဖခင် ဦးဝင်းတင် ၉/တတဥ(နိုင်)၀၇၂၆၁၄ နှင့် ဦးဝင်းရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အင်္ဂလိပ်အက္ခရာဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5L/8031 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇာနည်အောင် ၅/ရဘန(နိုင်) ၁၃၆၄၁၀ ၏ အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန/ခရိုင်ရုံး(ရွှေဘို)**

## မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်နေ ဦးသိန်းထိုက်၏သမီး ဒေါ်စဏ်းစဏ်းထိုက် (ခ) ဒေါ်စန်းစန်းထိုက် ၈/တတက(နိုင်) ၀၉၄၁၂၉ ၏မွေးသက္ကရာဇ်အမှန်မှာ အထကအောင်လက်မှတ်အရ ၈-၆-၁၉၇၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၂-၂၀၂၀ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ (၂၆)ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးမိုးနိုင်အစား ဦးမိုးအိုင် ဟုလည်းကောင်း၊ ဦးဘိုးဆိုင် အစား ဦးဘိုးအိုင် ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာခြင်း

ဦးမြင့်ဦး-ဒေါ်စိုးစိုးတို့၏သား မောင်နိုင်ဝင်းဦး ၏မွေးသက္ကရာဇ် ၁၅-၃-၂၀၀၈အား ယနေ့မှစ၍ မိုင်းပျဉ်းမြို့ ခလရ(၄၃) တပ်နေ ဦးအောင်နိုင်ထွန်း ၁၃/မပတ(နိုင်) ၀၃၂၇၄၅ နှင့် ဇနီး ဒေါ်စိုးသီတာဦး ၁၃/မပတ(နိုင်)၀၃၀၉၇၄ တို့၏ အမွေစား အမွေခံသားအဖြစ် မွေးစားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ထွန်း-ဒေါ်စိုးသီတာဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၀၅၊ မြေကွက်တည်နေရာ အမှတ်(၃၀၅)၊ ရွှေနှင်းဆီ(၅)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) ဦးစိန်ကြိုင်(CH.၀၀၀၈၂၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား ဂရန်အမည်ပေါက် ဦးစိန်ကြိုင် (ကွယ်လွန်) သွားသောကြောင့် ဇနီးဖြစ်သူ ဒေါ်မြခင် ၁၂/မဂတ(နိုင်) ၀၂၇၁၅၇မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ (၁၁/၃၃၉၅/၂၇-၁၁-၂၀၁၉)အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ် စောင်၊ သေစာရင်း (၂-၁၂-၂၀၀၆) အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်မူရင်း တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ရန်နှင့်အရောင်းအဝယ်စာချုပ်လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် ၈၄၀/ခ၊ မြေကွက်တည်နေရာ အမှတ် (၈၄၀/ခ)၊ ကုန်းဘောင် (၁၀)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးမောင်မြင့် ၁၂/ဥကတ(နိုင်)၀၅၃၅၇၅) အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးမောင်မြင့်အား တရားပြိုင်ထား၍ ဦးမင်းနွယ်ထွန်း(ခ)မင်းနိုင်ထွန်းမှ တရားလိုပြုစွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် (၁၃/၂၀၂၀)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၁၉/၂၀၂၀)၏အမိန့် ၂၇-၅-၂၀၂၀ ရက်စွဲပါ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့ကို တင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
